

ကိတ်ကူးဒီဒီအနုပညာ

# ရွှေဥဒေါင်း
# စုံထောက်ဝတ္ထုတို
# အသစ်များ



စုံထောက်ဦးစံရှား၊
မောင်စံရှား
ပေါင်းချုပ်များတွင်
မပါဝင်သေးသော
ထပ်မံရှာဖွေထားသည့်
ဝတ္ထုတိုအသစ်များ



ရွှေဥဒေါင်း၏
စုံထောက်ဦးစံရှား၊
မောင်စံရှား
ပေါင်းချုပ်များတွင်
မပါဝင်သေးသော
ထပ်မံရှာဖွေထားသည့်
ဝတ္ထုတိုအသစ်များ

SOD0025
4,500.00 KS

mgyaw.com

mgyoe.com

စုံထောက်ဝတ္ထုတိုအသစ်များ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၀၂၀၃၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၀၂၀၆၁၀ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း ဣ.ဒ.ဝ ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လတွင် တန်ဖိုး ၄၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် = ကိုမြင့်

၇၉၅.၇၃

ရွှေဥဒေါင်း

စုံထောက်ဝတ္ထုတိုအသစ်များ / ရွှေဥဒေါင်း ။ - ရန်ကုန်။ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၀။

စာမျက်နှာ ၃၉၁ မျက်နှာ၊ ၁၃.၂ စင်တီ× ၂၀.၅ စင်တီ

(၁) စုံထောက်ဝတ္ထုတိုအသစ်များ

mgyoe.com

mgyoe.com

# မာတိကာ

မှုကွဲမရှိဘဲ လုံးချင်းပေါင်းချုပ်များတွင် မပါဝင်သေးသော စုံထောက်ဝတ္ထုများ ၃

၁။ ဒါးပိန်မြို့ လူပျောက်မှု၌ စုံထောက်ပုံ .... ၅
၂။ သိန်းထိုက်ပတ္တမြား ပျောက်ဆုံးမှု .... ၃၁
၃။ ထူးဆန်းစွာကြံစည်သောကိစ္စတစ်ခုကိုစုံထောက်ပုံ .... ၄၇
၄။ နိုင်ငံရေးစာတစ်စောင် ပျောက်ဆုံးမှု .... ၆၃
၅။ ပယောဂလော အဆိပ်လော .... ၉၃
၆။ ဆရာမလေးကိုကြိုးပေးခံရခြင်းမှ
ကယ်တင်ရန်စုံထောက်ပုံ .... ၁၁၆
၇။ မေတ္တာကို မတရားသဖြင့်ကြံစည်ကြရာ၌
ပေါ်အောင်စုံထောက်ပုံ .... ၁၄၀
၈။ မိန်းကလေးတစ်ယောက် ပျောက်သည်ကို စုံထောက်ပုံ .... ၁၅၉
၉။ လူတစ်ယောက်ပျောက်ဆုံးမှု၌ မောင်စံရှားစုံထောက်ပုံ .... ၁၇၉
၁၀။ မီးခံသေတ္တာဖောက်ထွင်းမှု .... ၂၀၁
၁၁။ ဇာပန်းထိုးသမတစ်ဦး အသတ်ခံရမှု .... ၂၁၈

mgyoe.com

mgyoe.com

မှုကွဲရှိသောကြောင့် လုံးချင်းပေါင်းချုပ်များတွင် ချန်ထားရစ်ခဲ့သော စုံထောက်ဝတ္ထုများ ၂၃၇

၂၄။ ဒဏ်ရာမပေါ်ဘဲ ထူးခြားစွာ သတ်သောအမှုကို
စုံထောက်ပုံ .... ၂၃၉

၂၅။ ကမာရွတ်နေ လင်မယားနှစ်ယောက်အမှု၌
မောင်စံရှား စုံထောက်ပုံ .... ၂၅၅

၂၆။ မြို့ပတ်လမ်းလူသတ်မှု၌ မောင်စံရှားစုံထောက်ပုံ .... ၂၇၇

၂၇။ ကျောက်ဘီလူး ၃ ယောက်အမှု၌ စုံထောက်ပုံ .... ၃၀၂

၂၈။ မတရားလက်ထပ်ခြင်းကို စုံထောက်၍ဖမ်းဆီးပုံ .... ၃၁၉

၂၉။ လက်မပွားအသင်း .... ၃၃၅

၃၀။ မျက်စိတစ်ဖက်လပ်အသင်းအမှု၌ မောင်စံရှားစုံထောက်ပုံ .... ၃၅၄

အခြားစုံထောက်ဝတ္ထု ၃၇၅

၃၁။ စုံထောက်မောင်ဇော်ဝင်း .... ၃၇၆

*

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မှုကွဲမရှိဘဲ လုံးချင်းပေါင်းချုပ်များတွင် မပါဝင်သေးသော စုံထောက်ဝတ္ထုများ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

၁

# ဒါးပိန်မြို့ လူပျောက်မှု၌ စုံထောက်ပုံ

တစ်နေ့သော နေ့လယ်အချိန်၌ ကျွန်တော်နှင့် မောင်စံရှားတို့သည် အိမ်ဦးခန်းတွင် ထိုင်ကာ သတင်းစာ ဖတ်ရင်း၊ ယခုတလောအတွင်း၌ မှုခင်းကိစ္စများပြားလှသည့် အကြောင်းများကို တိုင်ပင် ပြောဆိုလျက် ရှိကြစဉ် အိမ်ရှေ့တံခါးသည် ရုတ်တရက် ပွင့်လာ၍ အလွန်တရာ တုတ်ဝခဲ့ညားသော အရပ်အမောင်းရှိသည့် လူကြီး တစ်ယောက်သည် ပုဆိုးရှည် ရင်ဖုံးအင်္ကျီ ခေါင်းပေါင်းအုပ်ပေါင်း စသည်တို့ဖြင့် ခန့်ထည်စွာ ဝတ်ဆင်လျက် တံခါးပေါက်မှ ရပ်ကာ ကျွန်တော်တို့အား ကြည့်နေရင်းပင် တံခါးကို မှီလျက် ရုတ်တရက် လဲလေ၏။

ထိုအခါ ကျွန်တော်တို့ နှစ်ယောက်မှာ အံ့အားသင့်လျက်ရှိရာမှ ရုတ်တရက် ထလာကြပြီးနောက် သတိမရ ဖြစ်နေသော လူကြီးကို ထူပွေ့ပြီးလျှင် မောင်စံရှား က မည်သူမည်ဝါ ဖြစ်ကြောင်းကို သိနိုင်စေခြင်းငှာ ၎င်း၏ အိတ်ငှင်း၌ ပါရှိသော

---

* စိစဉ်သူများ ပေးထားသော အမည် ဖြစ်သည်။ မူရင်း၌ သီးခြားခေါင်းစဉ် မပါ။

mgyoe.com

mgyoe.com


ပစ္စည်းများကို ထုတ်၍ ကြည့်လေရာ လက်ကိုင်ပဝါ တစ်ထည် ငွေ ၂၇ ကျပ် ပါရှိသော သားရေအိတ်တစ်ခု၊ အသွားအပြန် စီးနိုင်သော မီးရထားလက်မှတ် တစ်စောင်ကို တွေ့ရှိရလေ၏။ မောင်စံရှားသည် လက်မှတ်ကို ဖတ်၍ ကြည့်သည်တွင် ဒါးပိန်ဘူတာမှ လာရောက်ကြောင်းကို သိရှိရလေ၏။ ၎င်းမျက်စိ မှိတ်လျက် ရှိနေသော လူကြီးကို ကြည့်ရင်း...

ရှား။ ။ အသက် ၄၀ ကျော်၊ အလုပ်အကိုင်က ရှေ့နေ၊ သို့မဟုတ် ကျောင်းဆရာ နာမည်က ဦးအုန်းဘော ဇာတိကတော့ အောက်တောကဖြစ်တဲ့ လက္ခဏာရှိတယ်။

ကျွန်တော်။ ။ ဇာတိနဲ့ အလုပ်အကိုင်ဆိုတာကတော့ လူပုံလူပန်းနဲ့ ဝတ်ပုံစားပုံကို ကြည့်ပြီး ပြောတယ်ဆိုရင် ရှိပါစေတော့ဗျာ၊ နာမည်ကို ခင်ဗျား ဘယ့်နှယ် သိသလဲဗျ။

ရှား။ ။ ကိုသိန်းမောင်နှယ်ဗျာ ဒီလောက်မှ မျက်စိ မရှင်သေးဘဲကိုးဗျ၊ သူ့ရှပ်အင်္ကျီ နာရီအိတ်မှာ အို၊ဗီ ဆိုတဲ့ အတိုကောက်စာလုံး တပ်ပြီးထားတာ မမြင်ဘူးလားဗျ၊ အို၊ဗီ ဆိုတဲ့ စာလုံးဟာ အုန်းဘောဆိုတဲ့ နာမည်အပြင် ဘာများ တွေးစရာရှိသေးသလဲဗျ။

ကျွန်တော်။ ။ ကန်းပါပေ့ဗျာ၊ ဒါလောက်ဟာတောင် မမြင်မိပေဘူး။

ထိုခဏ၌ ထိုလူကြီးသည် သတိရလာ၍ လူးလဲကာ ထပြီးလျှင် သတိမရ ဖြစ်၍သွားသည်ကို ကျွန်တော်တို့အား တောင်းပန်လျက် ထမင်းကို မစားမိတာ ၂ ရက်မျှ ကြာရှိပါပြီခင်ဗျာ၊ စိတ်ညစ်လွန်း စိတ်ရှုပ်လွန်းလို့ ထမင်းကိုပဲ စားဖို့ သတိမရနိုင်ဘူး။ နောက်ဆုံး ကြံရာမရနိုင်တော့မှ မတတ်နိုင်ပါဘူးဆိုပြီး ဦးစံရှား ဆီကို လာခဲ့ရခြင်းဖြစ်ပါတယ်ခင်ဗျာ။

ရှား။ ။ (ပြုံးလျက်) လာတာတော့ ဟုတ်ပါရဲ့၊ ကိစ္စကို ပြောပြဦးမှပေါ့ ဦးအုန်းဘောရဲ့။

"ကျွန်တော်ကတော့ ဒါးပိန်မြို့က ကျောင်းဆရာကြီး ဖြစ်ပါတယ်ခင်ဗျာ၊ ကျွန်တော့်ကျောင်းမှာ စာသင်ဖို့ထားတဲ့ ဦးအောင်မင်းရဲ့သား မောင်ဘကျော်ဆိုတာ ပျောက်သွားလို့ပါခင်ဗျာ၊ သူ့အဖေ ဦးအောင်မင်းက သူ့သားကို တွေ့ရင် ဆုငွေ ၂၀၀၀ိ၊ ခိုးယူသွားတဲ့ လူများကို ပေါ်ပေါက်အောင် စုံထောက် ပေးနိုင်ရင် ဆုငွေ ၁၀၀၀ိ ထပ်ပြီး ပေးဦးမယ်လို့ ကြော်ငြာ ထုတ်ထားပါတယ် ခင်ဗျာ၊ ကျွန်တော့်

mgyoe.com

mgyoe.com


လာခဲ့ရခြင်းက ဦးစံရှားမှလည်း အကျိုးရှိစေတော့ ကျွန်တော့်မှာလည်း ကိုယ့်ကျောင်းမှာ အပ်ထားတဲ့ လူကြီးလူကောင်းတစ်ယောက်ရဲ့ သားတစ်ယောက် ပျောက်သွားတယ်ဆိုတော့ နောင်ကို ကျောင်းအိပ်ကျောင်းစား သူတစ်ပါးက မအပ်နှံဝံ့အောင် နာမည်ပျက်သွားမှာ စိုးရိမ်တာက တစ်ကြောင်း၊ သူငယ်ကလေးကို သက်သက် သနားတာကလည်း တစ်ကြောင်းကြောင့် ပြေးလာခဲ့ရခြင်း ဖြစ်ပါတယ် ခင်ဗျာ၊ တစ်ဆိတ်လောက် ပေါ်ပေါက်အောင် လိုက်ပြီး စုံထောက် ပေးလှည့်ပါဦး ခင်ဗျာ"

ရှား။ ။ ဦးအောင်မင်း ဆိုတာက ဘာလဲ။

ဘော။ ။ ဦးအောင်မင်း ဆိုတာ မင်းတိုင်ပင် အမတ်ဟောင်းခင်ဗျ၊ လယ်မြေဧက ၁၀၀၀ ကျော်လောက် ရှိပါတယ်၊ ဆန်စက်ဘစ်လုံး၊ သစ်စက်တစ်လုံး၊ အင်မတန် ခနဥစ္စာ ကြွယ်ဝတဲ့ လူကြီးတစ်ယောက်ပါ ခင်ဗျာ၊ ကျွန်တော့်ကိုလည်း သားကလေးအတွက် ကျောင်းလခနဲ့ စားစရိတ်အတွက် တစ်လကို ၈၀ိ တောင် ထောက်မ ရှာပါတယ် ခင်ဗျာ၊ ဒီအထဲမှာ ဒီလို ဖြစ်ရတယ်ဆိုတော့ ကျွန်တော် ပေါ့လျော့ရာ ရောက်ပြီး ဘာကောင်းနိုင်တော့မှာလဲ ခင်ဗျာ။

ရှား။ ။ ဦးအောင်မင်းက နေတော့ ဘယ်မှာနေသလဲ။

ဘော။ ။ သူနေတော့ ဒါးပိန်နဲ့ ၆ မိုင်လောက် ဝေးတဲ့ လက်ခုပ်ကုန်းရွာမှာ နေပါတယ် ခင်ဗျာ။

ရှား။ ။ ကိုင်း...ကိုင်း သူငယ်ပျောက်ပုံ ကြားရအောင် ပြောပါဦး။

ဘော။ ။ ဒီလိုပါခင်ဗျာ၊ ကျွန်တော်က ဟိုနယ်မှာ အသင်အပြ ကောင်းကြောင်း၊ အဆုံးအမ ဩဝါဒ ပေးတဲ့ နေရာမှလည်း ကောင်းကြောင်း နာမည် ရခဲ့လေတော့ ကျွန်တော့်ကျောင်းမှာ ရွာနီးချုပ်စပ်က လူကုံထံ သားသမီးကလေးတွေဟာ အင်္ဂလိပ်ကျောင်းကြီးကို မပို့မီ ကျွန်တော့်ကျောင်းမှာ ကျောင်းအိပ်ကျောင်းစားအဖြစ်နဲ့ အပ်နှံပြီး ထားကြပါတယ် ခင်ဗျာ၊ ဦးအောင်မင်းက ပိုက်ဆံပေါပေမဲ့ စိတ်အေးချမ်းသာခြင်း မရှိရှာဘူး ခင်ဗျ၊ သူ့မယားနဲ့ ခဏခဏ တကျက်ကျက် ဖြစ်ကြတယ်၊ နောက်ဆုံးတော့ မယားဖြစ်သူ ဒေါ်မြမေက စိတ်ဆိုးထွက်သွားပြီး သူ့မိဘနဲ့ ရန်ကုန်မှာ လာပြီးနေတယ်၊ သားကလေး တစ်ယောက် မောင်ဘကျော်ကိုတော့ သူ့အဖေက မထည့်လိုက်ဘူး၊ ပညာသင်ဖို့ အချိန်တော်ပြီဆိုပြီး သူ့မိခင် ထွက်သွားပြီးတဲ့နောက် ကျွန်တော့်ကျောင်းမှာ လာပြီး အပ်ထား

mgyoe.com

mgyoe.com


တယ်။ သူငယ်ကလည်း ကျောင်းကို ရောက်လာတော့ အပျော်သားခင်ဗျ၊ ပညာလည်း အင်မတန် လိုလားတယ်။

ရှား။ ။ အသက် ဘယ်လောက်ရှိပြီလဲ။

သော။ ။ ၉ နှစ်လောက် ရှိပါပြီခင်ဗျာ။

ရှား။ ။ ဆိုပါဦး။

သော။ ။ ကျောင်းရောက်တာ ၃ လလောက် ရှိပါပြီ။ ဘာမှ မဖြစ်ဘူး အကောင်းသား ခင်ဗျ၊ လွန်ခဲ့တဲ့ တနင်္လာနေ့ညကတော့ ပျောက်သွားပါရော ခင်ဗျာ၊ သူ အိပ်တာက ကျောင်းအပေါ်ထပ်မှာ အိပ်တယ်၊ မြေပိုင်သူဌေး ဦးကျော်မြတ်ရဲ့ သား မောင်စောမောင်ရယ်၊ မောင်ဘခင်ရယ် သူရယ် တစ်ခန်းတည်း အတူတူ အိပ်ကြပါတယ်၊ မနက်မိုးလင်းတော့ မောင်ဘကျော် မရှိဘူး ခင်ဗျ၊ အိမ်ရှေ့ တံခါးလည်း မပွင့်ဘူး၊ အခန်းတံခါးတောင်မှ မပွင့်ဘူး၊ သို့သော် သူတို့ အိပ်ခန်း ပြတင်းပေါက်နားမှာ သပြေပင်ကြီး တစ်ပင် ကပ်ပြီးပေါက်နေတယ်ခင်ဗျ၊ သွားလို့ရှိရင် ဒီသပြေပင်ကြီးက ဆင်းပြီး သွားဟန်တူရဲ့၊ နို့ပေတဲ့ သပြေပင်ကြီး အမြစ်ရင်းမှာ ကျွန်တော် ကြည့်တော့လည်း ဘယ်သူ့ခြေရာမှ မတွေ့ရဘူးခင်ဗျ။

ရှား။ ။ ညက အော်သံဟစ်သံလည်း မကြားရဘူးဆိုပါတော့။

သော။ ။ မကြားဘူးခင်ဗျ၊ အော်ခဲ့လို့ရှိရင် သူနဲ့ အတူတူအိပ်တဲ့ မောင်စောမောင်ဆိုတာ အင်မတန် အအိပ်ဆတ်တဲ့ သူငယ်ခင်ဗျ၊ မုချသူကြားဖို့ ကောင်းတယ်။ အခုတော့ ဘာသံမှလည်း မကြားပါဘူးတဲ့၊ ည ၉ နာရီ ထိုးလောက်မှာ အတူတူဝင်ပြီး အိပ်ကြတာပါပဲတဲ့။ ဒါနဲ့ ကျွန်တော်တို့လည်း သူ့အိမ် လွှတ်ပြီး မေးလားမြန်းလား ရှာလားဖွေလား လုပ်လိုက်တာ ဘယ်မှာမှ သတင်း မရဘူးခင်ဗျ၊ သူငယ် ပျောက်နေတာနဲ့ အစတော့ဘာမှ သတိမရနိုင်ဘူး၊ ၁၀ နာရီ ထိုးလောက်ကျတော့မှ သူငယ်များ အခန်းနှင့်ကပ်ပြီးနေတဲ့ အခန်းမှာ အိပ်တဲ့ လက်ထောက်ဆရာကလေး မောင်ထွန်းမင်းလည်း ပျောက်သွားကြောင်း တစ်ခါ ထပ်ပြီး သိရပြန်တာကိုးခင်ဗျ။

ရှား။ ။ မောင်ထွန်းမင်းဟာ အဝတ်အစား အပြည့်အစုံ ဝတ်သွားသလား သူ့အဝတ်တွေ အကုန်လုံးရှိရဲ့လား။

သော။ ။ ဒီကျောင်းဆရာကလေးက တော်တော် ကုတ်ကတ်တဲ့ ကျောင်းဆရာကလေးခင်ဗျ၊ ပေါင်းမှ အင်္ကျီနှစ်ထည် ဖိနပ်တစ်ရန် ရှိပါတယ်။ အင်္ကျီနှစ်ထည်လည်း ပါမသွားဘူး၊ ဖိနပ်လည်း စီးမသွားဘူးခင်ဗျ၊ ရှပ်အင်္ကျီလေးနှင့်ပဲ

mgyoe.com

mgyoe.com


ထွက်သွားဟန် တူပါတယ်။ သြော်… နေဦး၊ သူစီးတဲ့ စက်ဘီးတော့ဖြင့် မရှိဘူး ခင်ဗျ၊ နှစ်ယောက်စလုံး ပျောက်သွားလိုက်တာ ဒီကနေ့ပါ ၃ ရက် ရှိပါပြီခင်ဗျာ။ သူ့အဖေကြီးဆိုတာလည်း ဒေါင်းတောက်လို့ ကျွန်တော်တို့ဆိုတာလည်း ခင်ဗျား တို့ မြင်တဲ့အတိုင်း ထမင်းတောင် မစားနိုင်ဘူး၊ လက်ထောက်ဆရာတွေ ဆိုတာ လည်း ဟိုပြေးဒီပြေးနဲ့ တစ်ပြေးတည်း ပြေးနေရရှာတာပဲ၊ ဒါနဲ့တောင် ယခုတိုင် ဘာသတင်းမှ မကြားရပါဘူးခင်ဗျာ၊ ဒါကြောင့် ဦးစံရှားဆီ ပြေးလာခဲ့ပါတယ်။

ရှား။ ။ ပျောက်သွားတဲ့ လက်ထောက်ဆရာ မောင်ထွန်းမင်းက ဘယ် လိုလူလဲ။

ဘော။ ။ အင်မတန် ရိုးသားဖြောင့်မတ်တဲ့ လူတစ်ယောက်ပါခင်ဗျာ၊ လည်ခြင်းပတ်ခြင်း သောက်ခြင်းစားခြင်း တစ်ဆိတ်မှ ရှိတဲ့လူကလေး မဟုတ် ပါဘူး။ ဘယ့်နှယ်ကဘယ်လိုဖြစ်ပြီး သူတို့နှစ်ယောက်အတူတူ ပျောက်သွားကြ တယ်ဆိုတာ ပြောပဲမပြောတတ်ပါဘူးခင်ဗျာ။

ကျွန်တော်၏ မိတ်ဆွေ မောင်စံရှားသည် ဦးအုန်းဘော ပြောသော အဖြစ် အပျက်များကို ဆေးတံသောက်ကာ နားထောင်လျက်ရှိရာ ဦးအုန်းဘော၏ စကား ဆုံးသော်လည်း စဉ်းစားစိတ်ကူး ရှိနေသည့် လက္ခဏာနှင့် မည်သို့မျှ ထပ်လောင်း မေးမြန်းခြင်း မပြုဘဲ ဆေးတံကိုသာလျှင် ဆက်လက် သောက်ရှုကာ ဆိတ်ငြိမ်စွာ ရှိနေခဲ့လေ၏။

နောက်ဆုံး၌

ရှား။ ။ ပျောက်ပျောက်ချင်း ခင်ဗျား ကျုပ်ဆီ မလာတာ အပုံကြီး လွဲတာပဲ၊ ဟိုတုန်းက ကျုပ်ကို ချက်ချင်း ခေါ်ခဲ့လို့ရှိရင် သပြေပင်ကြီးအောက်မှာ ခင်ဗျားတို့ ခြေရာ မတွေ့နိုင်ဘူးဆိုပေမဲ့ ကျုပ်ကြည့်ရရင် တွေ့ကောင်းတွေ့မှာပေါ့ ဗျ။

ဘော။ ။ ကျွန်တော့်အပြစ် မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်တော့ ချက် ချင်းပဲ သတိရပါရဲ့၊ နို့ပေမဲ့ ဦးအောင်မင်းက ဒီအဖြစ်ကို လူသိခဲ့လို့ရှိရင် သူတို့ လင်မယား မသင့်မတင့် ဖြစ်ကြတဲ့ အကြောင်းတွေပါ လူတွေသိမှာစိုးလေတော့၊ မသွားပါနှင့်တော့လို့ တားလေတော့၊ မလာခဲ့ဘဲ နေခဲ့ရပါတယ်ခင်ဗျာ။

ရှား။ ။ ပုလိပ်ကိုကော တိုင်ချက် မပေးဘူးလား။

ဘော။ ။ ကျွန်တော်က မနေနိုင်လေတော့ တိုင်ချက် ပေးတဲ့အတွက် ပုလိပ် များလည်း လာပြီး စုံထောက်ကြပါရဲ့ခင်ဗျာ၊ နို့ပေမဲ့ ဘာမှ အကြောင်းမထူးပါဘူး။

mgyoe.com

တိုးကြောင်ကလေး ဘူတာမှာ မြင်လိုက်ကြသလိုလို၊ ရန်ကုန်မှာပဲ ရောက်နေကြ သလိုလို သတင်းရလို့ အသေအချာ လိုက်ပြီး စုံထောက်တော့လည်း ဘာမှ မဟုတ် ပါဘူးခင်ဗျာ၊ ဒါနဲ့ ကျွန်တော်လည်း ရက်ကျွမ်းလေလေ ရှာဖို့ ခက်လေလေ ဖြစ်မှာ စိုးတာနဲ့ ဒီကနေ့တော့ ဦးအောင်မင်းကိုတောင် မတိုင်ပင်ဘဲ ဦးစံရှားဆီကို ပြေးလာ ခဲ့ပါတယ် ခင်ဗျာ။

ရှား။ ။ အလကား ရက်တွေ အနှောင်းခံတာကိုးဗျ၊ တယ်ခွကျတာကိုး၊ ကျုပ် လိုက်ကြည့်ဦးမှပါပဲလေ၊ ဒါထက် နေစမ်းပါဦး၊ ပျောက်တဲ့သူငယ် မောင်ဘ ကျော်နဲ့ လက်ထောက်ဆရာ မောင်ထွန်းမင်းနဲ့ ဘယ်လိုများ ဆက်သွယ်ခြင်း ရှိသလဲ။

ဘော။ ။ ဘယ်လိုမှ ဆက်သွယ်ခြင်း မရှိဘူးခင်ဗျာ။

ရှား။ ။ သူ့တပည့်လည်း မဟုတ်ဘူးလား။

ဘော။ ။ မဟုတ်ပါဘူး ခင်ဗျ၊ သူငယ်ရဲ့ဆရာက တစ်ယောက်ခင်ဗျ။

ရှား။ ။ အင်း တော်တော်ထူးဆန်းတာပဲ၊ သူငယ်ကလေးမှာ ဘိုင်စကယ် ကလေးများ ရှိသလား။

ဘော။ ။ မရှိဘူး ခင်ဗျ။

ရှား။ ။ မောင်ထွန်းမင်းက ညကြီးသန်းခေါင်မှာ မောင်ဘကျော်ကို ပွေ့ပြီး ဘိုင်စကယ်ပေါ်မှာ တင်ခိုးပြီး သွားတယ်လို့များ ထင်သလား။

ဘော။ ။ ဒီလိုလည်း မထင်နိုင်ပါဘူး ခင်ဗျာ။

ရှား။ ။ ဒါဖြင့် ခင်ဗျား ဘယ်လို ထင်သလဲ။

ဘော။ ။ ဘိုင်စကယ်ကို အထင်မှားအောင် တမင်ယူသွားပြီး တော်ရာမှာ ဝှက်ပြီးတဲ့နောက် နှစ်ယောက်သား ခြေကျင် ထွက်သွားကြတယ်လို့ ကျွန်တော် ထင်ပါတယ်။

ရှား။ ။ တွေးစရာရှိပါရဲ့၊ သို့သော်လည်း ဒီအမှုမှာ အထင်မှားအောင် လုပ်စရာ ကိစ္စ ဘာမှ မရှိဘူးလို့ ကျုပ် ထင်တယ်။ ဘိုင်စကယ် ဆိုတာမျိုးဟာ အလွယ်တကူ သိုဝှက်ဖျောက်ဖျက်ပစ်နိုင်တဲ့ ပစ္စည်းမျိုး မဟုတ်ဘူးဗျ၊ နေဦး ဒါထက် သူငယ်ပျောက်တဲ့နေ့က ကျောင်းကို သူငယ်နဲ့ တွေ့ရအောင် ဘယ်သူများ လာသလဲ။

ဘော။ ။ ဘယ်သူမှ မလာဘူးခင်ဗျ။

ရှား။ ။ သူတို့သားအဖ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ရှိကြရဲ့လား။

mgyoe.com

mgyoe.com


ဘော။ ။ အင်မတန် ချစ်ပါတယ် ခင်ဗျာ၊ ကလေး လိမ္မာအောင်လို့သာ ကျွန်တော့်ကျောင်းမှာ ထားပါတယ်၊ ခွဲတောင်မခွဲချင်ပါဘူးခင်ဗျာ။

ရှား။ ။ ကလေးကကော သူ့အမေနဲ့ သူ့အဖေ ဘယ်သူ့ကို ပိုပြီး ချစ်ပုံရသလဲ။

ဘော။ ။ သူငယ်ကတော့ လူငယ်ထုံးစံအတိုင်း မိခင်ကို သာပြီးချစ်ပါတယ်လို့ သူ့ပါးစပ်က ဖွင့်ပြီးပြောဖူးပါတယ်ခင်ဗျာ။

ရှား။ ။ သူ့အဖေက သားကလေးဆီကို စာများဘာများ ရေးလေ့ရေးထရှိသလား။

ဘော။ ။ ကလေးက မြန်မာစာကောင်းကောင်းတတ်ပြီမို့လို့ အဖေကြီးက တစ်ခါတစ်ခါ စာရေးပြီး ပို့တတ်ပါတယ်ခင်ဗျာ။

ရှား။ ။ နောက်ဆုံးစာကို ဘယ်တော့က ရသလဲ။

ဘော။ ။ ပျောက်မသွားခင် တစ်ရက်နှစ်ရက်လောက်က ရပါတယ် ခင်ဗျာ။

ရှား။ ။ ဘာအကြောင်းများ ပါသလဲ ခင်ဗျား မသိဘူးလား။

ဘော။ ။ ဒါတော့ ကျွန်တော်လည်း မေးမကြည့်မိဘူးခင်ဗျာ၊ ကျွန်တော်လည်း စာကို မမြင်လိုက်ရဘူး။

ရှား။ ။ ဒီစာဟာ သူငယ် ပျောက်သွားတော့ ကျန်ရစ်ခဲ့သလား။

ဘော။ ။ ဆုတ်ပစ်လိုက်ဟန် ရှိပါရဲ့ဗျာ၊ မတွေ့ရပါဘူး။

"ကိုင်းခင်ဗျာ ဟိုရောက်မှ ကျွန်တော် စိတ်အေးနိုင်ပါတော့မယ်၊ မော်တော်ဘတ်စ်နဲ့ မြန်မြန် ရောက်အောင် သွားကြပါစို့ခင်ဗျာ"

ကျွန်တော်နှင့် မောင်စံရှားတို့လည်း အဝတ်များ လဲလှယ်ကြပြီးလျှင် ဦးအုန်းဘောနှင့်အတူ ဒါးပိန်သို့ မော်တော်ကားနှင့် သွားရောက်ကြလေ၏။ ဒါးပိန်သို့ ဆိုက်ရောက်ကြသောအခါ လက်ထောက် ဆရာ တစ်ယောက်သည် ကျောင်းပြင်သို့ ပျာယီးပျာယာ ထွက်လာ၍ မြေပိုင် သူဌေး ဦးအောင်မင်း ရောက်ရှိနေကြောင်းနှင့် လာရောက် ပြောဆိုလေရာ ဦးအုန်းဘောလည်း ကပျာကယာ ဆင်းသွားသဖြင့် ကျွန်တော်တို့လည်း ၎င်း၏ နောက်မှလိုက်ကြရလေ၏။

ကျောင်းတွင်းသို့ ရောက်သောအခါ အသက် ၄၀ ကျော် ၅၀ နီးပါးမျှရှိသော လူကြီးတစ်ယောက်သည် ကျောင်းဆရာကြီး၏ စားပွဲတွင် ထိုင်လျက်ရှိရာ

mgyoe.com

mgyoe.com


အရပ်အမောင်း၏ မြင့်မားခံ့ညားခြင်း၊ နေပုံထိုင်ပုံ၏ ကောင်းခြင်း၊ ဝတ်ဆင်ပုံ၏ သပ်ရပ်သိပ်သည်းပြေပြစ်ခြင်း၊ ဣန္ဒြေ၏ ရင့်ကျက်ခြင်း၊ မျက်လုံးတို့၏ စူးရှနက်နဲခြင်း အစရှိသည်တို့ကို တွေ့မြင်ရသဖြင့် ကျွန်တော့်မှာ ဥစ္စာကြေးငွေနှင့် စင်စစ်ပြည့်စုံ၍ ဥစ္စာပေါများခြင်းတည်းဟူသော မာန်သည် ထိုလူကြီး၏ စိတ်ဓာတ်အတွင်း၌ ကိန်းအောင်းလျက် ရှိကြောင်းကို တစ်ကြိမ် မြင်ကာမျှနှင့် သိသာ ထင်ရှားနိုင်လောက်ပေ၏။

ဦးအောင်မင်းသည် မရယ်မပြုံးသော မျက်နှာထားနှင့် ကျွန်တော်တို့အား ကြည့်ရှုလျက်ရှိရာ ၎င်း၏ အနီး၌ကား အသက် ၃၀ အရွယ်ခန့်မျှ ရှိသော လူတစ်ယောက်သည် ရိုသေကိုင်းရှိုင်းသော အမူအရာနှင့် ရပ်လျက်ရှိလေ၏။ ထိုသူမှာ ဦးအောင်မင်း၏ သစ်စက်ဆန်စက်များနှင့် လယ်မြေများကို ကြီးကြပ်စီမံသူ မန်နေဂျာ မောင်လှမောင် ဖြစ်ကြောင်း သိရှိရလေ၏။

ဦးအောင်မင်းသည် နှုတ်ခမ်းမွေးကို သပ်လျက် ဣန္ဒြေကြီးစွာနှင့် ကျွန်တော်တို့အား ကြည့်လျက်ရှိရာ ၎င်း၏ မန်နေဂျာ မောင်လှမောင်က ဦးအုန်းဘေအား

မောင်။ ။ ဒီက သူဌေးမင်းက သူ့ကို မတိုင်ပင်ဘဲ ဦးစံရှားတို့ကို သွားပြီး ခေါ်လားငင်လား လုပ်တာ ဦးကို အပြစ်တင်နေတယ် ဦးရဲ့။

ဘေ။ ။ စိုးရိမ်လွန်းအားကြီးလို့ပါ မောင်ရယ်၊ ပုလိပ်တွေကလည်း ရှာလို့မတွေ့နိုင်တော့ ကျုပ်က...

မောင်။ ။ ပုလိပ်ကို တိုင်တာတောင် သဘောမတူရတဲ့အထဲမှာ ဦးက တစ်ခါ ဦးစံရှားကို သွားပြီး ခေါ်ရပြန်တာကိုး ခင်ဗျ၊ တတ်နိုင်သမျှ လူမသိအောင် သိုသိပ်ချင်ပါတယ်ဆိုတာ ဦးသိရက်သားနှင့် တစ်ပြည်လုံးထိအောင် ကြွေးကြော်သလို လုပ်တာ အံ့သြပါရဲ့ခင်ဗျာ။

ဘေ။ ။ ဒါဖြင့်လည်း ဦးစံရှားတို့ ရန်ကုန် ပြန်ရုံ ရှိတာပေါ့ မောင်ရယ်။

ထိုအခါ မောင်စံရှားက...

ရှား။ ။ ပြန်တာ မပြန်တာ ကိစ္စမရှိပါဘူးလေ။ ကျွန်တော်လည်း အလုပ်ကလေး နည်းနည်း အားလပ်လေတော့၊ ဒါးပိန်ကို မရောက်တာလည်း ကြာသွားပါပြီ၊ လည်သလို ပတ်သလိုပဲ ရောက်တဲ့အခါ နှံ့အောင် ကြည့်ရသေးတာပေါ့၊ တည်းခိုဖို့တော့ ကျွန်တော်တို့မှာလည်း မိတ်ဆွေရှိပါတယ်၊ ကိစ္စမရှိပါဘူး။

မင်း။ ။ မောင်လှမောင် ပြောတာ မှန်တယ် ဦးအုန်းဘေ၊ တကယ်ဆို

mgyoe.com

mgyoe.com


တော့ ခင်ဗျား ကျုပ်ကို ရှေးစွာ တိုင်ဂင်သင့်တယ်၊ သို့သော် လွန်ပြီးတာကို ပြန်ပြီး အပြစ်တင်နေလို့ အပိုပါပဲ။ တည်းခိုပြီး ဆက်လက် ထောက်နိုင်ပါတယ်။

ရှား။ ။ ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ သို့သော် အမှုဖြစ်ပွားတဲ့ နေရာ အနီးအနားမှာ ကျွန်တော် တည်းခိုပါတော့မယ်။

ဘော။ ။ ကိုင်း ဒါဖြင့် ကျွန်တော့်ကျောင်းမှာပဲ တည်းခိုပါတော့ ခင်ဗျာ၊ မောင်ထွန်းမင်း အိပ်တဲ့ အခန်းဟာလည်း အားနေသားကပဲ။

မင်း။ ။ ဟုတ်သားကပဲ၊ ဒီမှာ တည်းခိုချင် တည်းခိုနိုင်ပါတယ်၊ ကျုပ် အိမ် တည်းလိုရင်လည်း တည်းနိုင်ပါတယ်။ ဒီ တည်းပေမဲ့ အမှုနဲ့ ပတ်သက်လို့ ကျုပ် မေးချင်မြန်းချင်တာများရှိရင် လာပြီး မေးနိုင်တာပေါ့။

ရှား။ ။ ဟုတ်ကဲ့ မေးစရာရှိရင် ကျွန်တော် လာမေးပါမယ်၊ ဒါထက် ယခု သူငယ် ပျောက်သွားခြင်းဟာ ဘယ်နည်းနဲ့ ပျောက်သွားတယ်လို့ စက်ပိုင် ကြီး ထင်မိပါသလဲ။

မင်း။ ။ ကျုပ်တော့ဖြင့် ဘယ်လိုမှ မထင်တတ်ပါဘူးဗျ။

ရှား။ ။ သည်းခံပါ ခင်ဗျာ၊ မေးခွင့် ရှိသလောက် ကျွန်တော် မေးပါရ စေ၊ ဒီအမှု စက်ပိုင်ကတော်ကြီး ပါတယ်လို့ ထင်မိပါသလား။

မင်း။ ။ ထင်စရာအကြောင်း မရှိပါဘူးဗျာ။

ရှား။ ။ ဒါဖြင့် သူငယ်ကို 'ပြန်ပေး' လုပ်ဖို့ လူဆိုးများ ခိုးယူသွားတယ် ထင်ရအောင် ယခုအတောအတွင်း ငွေများတောင်းခံခြင်း ခံရပါသလားခင်ဗျာ။

မင်း။ ။ မတောင်းပါဘူးဗျာ၊ ဘယ်သူမှ မပေါ်လာပါဘူး။

ရှား။ ။ တစ်ခု မေးပါရစေဦး ခင်ဗျာ၊ ဟိုနေ့က စက်ပိုင်ကြီးက မောင် ဘကျော်ထံ စာတစ်စောင် ရေးတယ်လို့ ကြားရပါတယ်၊ ဒီစာမှ ဘာများ ပါပါသလဲ ခင်ဗျာ။

မင်း။ ။ သားနဲ့အဖ ရေးတဲ့စာမျိုးပါပဲဗျာ၊ ကောင်းကောင်းမွန်မွန် နေဖို့ ထိုင်ဖို့၊ ပညာသင်ကြားဖို့ ဒါပါပဲ၊ အထူးတလည် ဘာမှ မပါပါဘူး။

ရှား။ ။ ဒီစာထဲမှာ...

ထိုအခါ မန်နေဂျာ မောင်လှမောင်က ဖြတ်ထည့်၍...

မောင်။ ။ ဒီဟာက အမှုနှင့် သက်ဆိုင်မယ် မထင်ပါဘူး ခင်ဗျာ။

ရှား။ ။ ဆိုင်သလောက် ဆိုင်လို့ မေးတာပေါ့ဗျာ။

မင်း။ ။ ကိုင်း...ကိုင်း... ကျုပ်တို့ ရောက်တာလည်း တော်တော်ကြာသွား

mgyoe.com

mgyoe.com


ပြီ၊ ပြန်လိုက်ပါဦးမယ်၊ ကိစ္စရှိရင် အိမ်ကို လာနိုင်ပါတယ်ဗျာ ဦးစံရှား၊ သွားဦးမယ် နော် ဦးအုန်းဘော။

ယင်းသို့ ပြောပြီးသည့်နောက် ဆရာတပည့်နှစ်ယောက်တို့သည် အိမ်ပေါ်မှ ဆင်း၍ မော်တော်ကားနှင့် ပြန်သွားကြလေရာ မောင်စံရှား မေးမြန်းလိုသောအချက်များ ရှိသေးဟန် လက္ခဏာရှိသော်လည်း နဖူးရေတွန့်ကာ စိတ်ကူးတွေးတောလျက် နေရစ်ရလေ၏။

ငင်းတို့ ထွက်သွားကြသောအခါ မောင်စံရှားသည် အမှုဌ် အလွန်တရာ စိတ်အားထက်သန်လှသော လက္ခဏာနှင့် စုံစမ်းထောက်လှမ်းစပြုလေ၏။ သူငယ်များ အိပ်သောအခန်းကို လည်းကောင်း၊ လက်ထောက် ဆရာကလေး အိပ်သော အခန်းကို လည်းကောင်း သေချာစွာ ကြည့်ပြီးနောက်၊ ပြတင်းပေါက်မှ ကျော်ခဲ့၍ သပြေပင်ကို ကွယ်ပြီးလျှင် မြေပြင်သို့ ဆင်းသွားလေ၏။ ကျောင်းဆရာကလေး၏ အခန်း ပြတင်းပေါက် အောက်တည့်တည့်၌ကား ခြေဖနောင့်ရာ တစ်ဖက်သည် မြေ၌ ကျွံနစ်၍ ဝင်နေသည်ကို တွေ့ရှိရလေ၏။

ငင်းနောက် မောင်စံရှားသည် ကျွန်တော့်ကို ကျောင်း၌ ထားခဲ့ပြီးလျှင် တစ်ယောက်တည်း ထွက်သွား၍ ၂ နာရီကျော် ၃ နာရီခန့် ကြာသောအခါမှ မြေတိုင်းစာရေးများ အသုံးပြုသော နယ်မြေပုံတစ်ခုကို လက်တွင် ကိုင်လျက် ကျောင်း ပေါ်သို့ တက်၍လာလေ၏။

ထိုအချိန်၌ကား နေဝင်လုဆဲဆဲရှိပြီဖြစ်ရာ မောင်စံရှားနှင့် ကျွန်တော်တို့သည် မောင်ထွန်းမင်း၏ အခန်းတွင်း၌ ဖယောင်းတိုင် တစ်တိုင်ကို ညှိထွန်းပြီးလျှင် မောင်စံရှားသည် မြေပုံကို စားပွဲငယ် တစ်ခုပေါ်၌ ဖြန့်ကြက်၍ လမ်းတို့ အခြေအနေကို ကျွန်တော့်အား လက်ဖြင့် ထောက်ကာ ထောက်ကာ ပြရင်း ပြောသည်မှာ

"ကြည့်စမ်း ကိုသိန်းမောင် ကျောင်းရှေ့ကို ထွက်ပြီးတဲ့အခါမှာ အရှေ့ကို သွားတဲ့လမ်းတစ်လမ်း၊ အနောက်ကို သွားတဲ့ လမ်းတစ်လမ်း ရှိတယ်။ အနောက်ကို သွားတဲ့ လမ်းဟာက ဟောဒီ နေရာမှာ ဘူးသီးငါးပေါင်းကြော်ဆိုင် တစ်ဆိုင် ရှိတယ်။ တစ်ညလုံးလိုလိုပဲ လက်ကားရောင်းဖို့ ကြော်တဲ့ဆိုင်ပဲတဲ့၊ ဆိုင်ရှင်ကို ကျုပ်မေးကြည့်တော့ ဟိုညက လူခပ်ရွယ်ရွယ် တစ်ယောက်နဲ့ သူငယ်လေး တစ်ယောက် ညအချိန်မှာ အရှေ့ကအနောက်ကို လျှောက်သွားကြတာ မြင်မိပါသလား လို့ မေးတော့ မမြင်မိပါဘူးတဲ့၊ တကယ်လို့ သွားခဲ့လို့ရှိရင် သူတို့ကလည်း

mgyoe.com

mgyoe.com


လမ်းသွား လမ်းလာများကို မျှော်ပြီး ရောင်းကြရတာဖြစ်တော့ မြင်ရမယ်တဲ့၊ ဒီတော့ သူတို့ နောက်ကိုတော့ မုချ မသွားဘူး"

ကျွန်တော်။ ။ နို့ အရှေ့ဘက်ကောဗျာ။

ရှား။ ။ အရှေ့သွားတဲ့ လမ်းမှာလည်း ဟောဒီ လက်ဖက်ရည်ဆိုင်က ကုလားမိန်းမဟာ ဟိုညက အသည်းအသန် ဖျားနေလို့ ကုလားအဘိုးကြီးရော ကာကာ ကုလားကလေးတွေရော ဆေးဆရာကို တစ်ညလုံး စောင့်ပြီးမျှော်နေကြပါတယ်တဲ့၊ အချိန်မဲ့တဲ့ ညအခါမှာ သူငယ်ကလေး ကျောင်းဆရာနဲ့ ဒီလမ်းက လာခဲ့လို့ရှိရင် စက်ဘီးနဲ့ လာသည်ဖြစ်စေ၊ ခြေကျင်လာသည်ဖြစ်စေ သူတို့ကို မြင်ရမှာပဲတဲ့၊ အခုတော့ သူတို့လည်း မမြင်မိဘူးတဲ့၊ အကယ်၍ သူတို့ပြောတဲ့ စကားမှန်ခဲ့လို့ရှိရင် ထိုနှစ်ယောက်ဟာ အရှေ့ဘက် လမ်းကိုလည်း မသွားဘူး၊ အနောက်ဘက် လမ်းကိုလည်း မသွားဘူးလို့ ဆိုရပေလိမ့်မယ်။

ကျွန်တော်။ ။ လမ်းမကြီးပေါ်က မသွားရင် စက်ဘီး ဘယ့်နှယ်လုပ်မလဲဗျာ။

ရှား။ ။ နေပါဦးဗျာ...၊ ဒီ စက်ဘီးအကြောင်းကိုတော့ နောက်များမှပဲ စဉ်းစားမယ်၊ ထိုသူနှစ်ယောက်ဟာ အိမ်ကထွက်ပြီး အရှေ့ဘက်လမ်းကိုလည်း မသွား၊ အနောက်ဘက် လမ်းကိုလည်း မလိုက်ခဲ့လို့ရှိရင် တောင်ဘက်သို့ လည်းကောင်း၊ မြောက်ဘက်သို့ လည်းကောင်း သွားရမယ်၊ တောင်ဘက်က လမ်းမှာ မရိတ်မသိမ်းသေးတဲ့ လယ်ကွက်တွေရှိတယ်၊ လယ်ကွက်များကြားက ကန်သင်းရိုးပေါ်မှာ ဘိုင်စကယ်နဲ့ လူနှစ်ယောက် အချိန်မရွ ခရီးသွားဖို့ရာ ဖြစ်နိုင်လောက်စရာ မရှိဘူး။ ဒီတော့ကာ တောင်ဘက်ကို မသွားဘူးလို့ ဆိုကြစို့ရဲ့၊ ကိုင်း ဒီတော့ မြောက်ဘက်ကို သွားသလားလို့ ကြည့်စမ်း ဒီကနေပြီးတော့ မျှော်ကြည့်လိုက်လို့ရှိရင် လက်ခုပ်ကုန်းရွာကို ရေးရေးမြင်ရတယ်၊ မျက်စိနဲ့ မြင်တဲ့အတိုင်း နွားစားကျက်ကို ဖြတ်ပြီးသွားမယ်လို့ဆိုရင် လေးမိုင်လောက်ပဲ ဝေးတယ်။ သို့တည်းမဟုတ် လမ်းမကြီးအတိုင်း သွားမယ်လို့ဆိုရင် ခြောက်မိုင်လောက် ဝေးတယ်၊ ဒီတော့ကာ ဒီကျောင်းကနေပြီး လက်ခုပ်ကုန်းရွာကို အရေးတကြီး သွားလို၍ဖြစ်စေ၊ လူမမြင်အောင် သွားလိုသည်ဖြစ်စေ သွားခဲ့ရင် နွားစားကျက်ကို ဖြတ်ပြီး သွားနိုင်စရာ အကြောင်းရှိတယ်။

ကျွန်တော်။ ။ စက်ဘီးကကော ဘယ့်နှယ်လုပ်မလဲဗျာ။

ရှား။ ။ စက်ဘီးတော်တော်စီးတတ်တဲ့ လူတစ်ယောက်ဟာ လမ်း

mgyoe.com

mgyoe.com


ကောင်းမှ မဟုတ်ပါဘူးဗျာ၊ ကွင်းပြင်ကိုလည်း ဖြတ်ပြီးစီးနိုင်ပါတယ်။ ဟိုညက လကလည်း သာသာနဲ့ ကွင်းပြင်ကို ဖြတ်ပြီး စက်ဘီးစီးဖို့ဟာ ခဲယဉ်းမယ် မဟုတ်ပါဘူး၊ အလို ဦးအုန်းဘေလား။

ထိုခဏ၌ ကျောင်းအုပ်ဆရာကြီး ဦးအုန်းဘေသည် ဆောင်းတွင်း၌ ဆောင်းသော ဘာလာကလာဘာခေါ် ဦးထုပ်ငယ် တစ်ခုကို ကိုင်ကာ ပျာယီးပျာယာ အခန်းတွင်းသို့ ဝင်လာ၍ ဦးထုပ်ကို မောင်စံရှားအား ပြပြီးလျှင်...

ဘေ။ ။ သဲလွန်စ တစ်ခုတော့ တွေ့ခဲ့ပြီ ဦးစံရှားရေ၊ ဒီဦးထုပ်ဟာ မောင်ဘကျော်ရဲ့ ဦးထုပ်ပဲ။

ရှား။ ။ ဘယ်နေရာမှာ တွေ့ခဲ့သလဲ။

ဘေ။ ။ ကျောင်း မြောက်ဘက်က ကွင်းထဲမှာ ဟိုတလောက မြေတူးကုလားတစ်စု စခန်းချသွားဖူးတယ်၊ သူတို့ စခန်းချတဲ့နေရာမှာပဲ ကျောင်းသားကလေး တစ်ယောက် ကောက်ပြီး ရလာခဲ့ပါတယ်။

ရှား။ ။ ဘယ်နေ့က ရသတဲ့လဲ။

ဘေ။ ။ ဒီကနေ့ မနက်ပဲ ရတယ်လို့ ပြောတယ်။ ရလာခဲ့ပြီး ဌာနာကိုပို့၊ ဌာနာအုပ်ကိုတိုင် ကုလားတွေ နောက်ကိုလိုက်၊ အဆင်သင့်တွေ့လို့ ဖမ်းပြီးချုပ်၊ ကုလားတွေကို စစ်၊ စစ်ပေမဲ့ သူတို့ မသိရပါဘူးတဲ့ ပြောနေတယ်၊ နို့ပေမဲ့ ပုလိပ်က ခြောက်တာက တစ်မျိုး၊ ဦးအောင်မင်းက ငွေနဲ့ ချော့တာတစ်မျိုးနဲ့ မကြာမီပဲ ပေါ်လိမ့်မယ် ထင်တယ်။

ဦးအုန်းဘေ ထွက်သွားပြီးနောက်...

ရှား။ ။ ဦးထုပ် တွေ့ပေမဲ့ တယ်ကြီးတော့ မနီးလှသေးပါဘူးဗျာ၊ ကျုပ်ခုနင်က တွက်ကိန်းအတိုင်း သူတို့နှစ်ယောက်ဟာ တခြားလမ်းကို မသွား၊ မြောက်ဘက်ကို သွားကြောင်း ထင်ရှားတာ တစ်ခုလောက်ပဲ ရှိပါသေးတယ်။ ကိုင်း... သို့သော် ကျုပ်လည်း လမ်းလျှောက်ခဲ့ရတာ တော်တော် ဖားခဲ့ပြီ၊ ဒီကနေ့တွက်တာမှာ ဒီအမှုအကြောင်း တစ်ခန်းရပ်ပြီး ထမင်းစားပြီးတဲ့နောက် ခပ်စောစောပဲ အိပ်ကြဦးစို့ဗျာ။

နောက်တစ်နေ့ နံနက် အရုဏ်တက် အချိန်အခါတွင် မောင်စံရှားသည် အပြင်မှ ပြန်လာခဲ့သည့် လက္ခဏာနှင့် အဝတ်အစား စုံလင်စွာ ဝတ်ဆင်လျက် ခုတင် အနီး၌ ရပ်ကာ ကျွန်တော့်အား နှိုးပြီးလျှင်...

mgyoe.com

mgyoe.com


ရှား။ ။ ကျုပ်ဖြင့် တော်တော်နံ့ခဲ့ပြီဗျို့၊ ကိုင်း…ခင်ဗျာလည်း ထပြီး ကော်ဖီကလေး သောက်ပေဦးတော့။ ဒီကနေ့ ကျုပ်တို့ တော်တော် အလုပ် များလိမ့်မယ် ထင်တယ်။

ကျွန်တော်သည် အိမ်ရှင်က ဖျော်၍ပို့ထားသော ကော်ဖီကို သောက်လျက်ရှိစဉ် မောင်စံရှား၏ မျက်နှာကို အကဲခတ်လျက်ရှိရာ၊ မောင်စံရှားမှာ တစ်စုံတစ်ခုသော သဲလွန်စကို တွေ့ရှိ၍ ၎င်းသည် မိမိ တွေးထင်သည့် အတိုင်း ဟုတ်မဟုတ် စုံစမ်းလိုသည့် လက္ခဏာဖြင့် စိတ်အားထက်သန်စွာ ရှိသည့်အဖြစ်ကို တွေ့မြင်ရလေ၏။

၎င်းနောက် ကျွန်တော်တို့သည် ကျောင်းပေါ်မှ ဆင်းလာခဲ့ကြ၍ ကျောင်းမြောက်ဘက်ရှိ ကွင်းပြင်ကို အနှံ့အပြား ခြေရာရှာလျက် ရှိကြရာ၊ တစ်ခုသောနေရာ၌ သဲလမ်းကြောင်း တစ်ခုသည် အရှေ့မှ အနောက်သို့ ကွင်းကို ဖြတ်ကျော်လျက် ရှိသည်ကို တွေ့မြင်ကြရလေ၏။ ထိုသူနှစ်ယောက်တို့သည် အကယ်၍ ကျောင်းမှ ထွက်ပြေးလာပြီးနောက် မြောက်ဘက်သို့ သွားခဲ့ပါမူ ထိုသဲလမ်းကို ဖြတ်သန်း၍ သွားကြရမည်ဖြစ်ရာ၊ သဲလမ်းပေါ်၌ ဘိုင်စကယ်အရာ ထင်လျက်ရှိမည်မှန်၏။ သို့ဖြစ်၍ ကျွန်တော်တို့သည် အရှေ့မှ အနောက်သို့ လည်းကောင်း၊ အနောက်မှ အရှေ့သို့ လည်းကောင်း ၂ မိုင်ကျော် ၃ မိုင်ခန့်မျှ သဲလမ်းကြောင်းနံဘေးမှ လျှောက်၍ လာခဲ့ရာ သဲလမ်းပေါ်၌ ဘိုင်စကယ်ရာကို မတွေ့၊ အချို့သောနေရာများ၌ နွားခြေရာများကိုသာ တွေ့ကြရလေ၏။ ယင်းသို့ ရှိနေလျှင် မောင်စံရှားသည် အနည်းငယ် စိတ်ပျက်သည့် လက္ခဏာ ရှိသော်လည်း လက်မလျှော့သေးဘဲ တောင်မြောက်လေးပါးကို မျှော်၍ ကြည့်နေရာမှ ပြောင်လျက်ရှိနေသော ကုန်းမြင့်ကလေး တစ်ခုကို တွေ့မြင်သည်နှင့် သွားရောက် ကြည့်ရှုသည်တွင် စက်ဘီးရာတစ်ခုကို တွေ့မြင်ကြရလေ၏။ ထိုအခါ ကျွန်တော်မှာ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးလျှင် ကော်ပြီဗျို့ တစ်ခါဖြင့် ခြေရာခံမိပြီဟု ပြောမိသည်တွင် မောင်စံရှားသည် ဦးခေါင်းကို ယမ်းလျက် စက်ဘီးရာတော့ဖြင့် မှန်တယ် ကိုသိန်းမောင်။ နို့ပေမဲ့ မောင်ထွန်းမင်းရဲ့ စက်ဘီးရာ မဟုတ်ဘူးဗျ။ ဒုတိယတန်း လက်ထောက်ဆရာ မောင်မြဘူးကို ကျုပ်မေးခဲ့တယ်။ မောင်ထွန်းမင်း ဘိုင်စကယ်က တိုင်ယာက ဒန်းလော့တိုင်ယာတဲ့ဗျ။ ဒီဟာက ပါးမားတိုင်ယာက အရာဖြစ်နေတယ်။ ဟောဒီမှာ ဖာထားတဲ့ အရာကြီးတောင် ရှိသေး ဟုတ်စ။ ကိုင်း သို့သော်လည်း ဒီစက်ဘီးဟာ

mgyoe.com

mgyoe.com

လည်း ဘယ်ကို သွားတဲ့ စက်ဘီးလဲဆိုတာ သိရအောင် လိုက်ကြည့်စမ်းကြဦးစို့ရဲ့။

ငင်းနောက် ကျွန်တော်တို့သည် စက်ဘီးရာ ရှိသလောက်သော နေရာကို မှန်းဆ၍ ရှေ့သို့ ဆက်လက်သွားရောက်ကြရာ ရံဖန်ရံခါ စက်ဘီးရာသည် မြက်ပါးသော နေရာတို့၌ အနည်းငယ် ထင်ရှား၍ လာသဖြင့် ကျွန်တော်တို့အား လမ်းညွှန်ဘိသကဲ့သို့ ရှိနေခဲ့လေ၏။ ငင်းနောက် ပေ ၂၀၀– ၃၀၀ မျှ တိုင်အောင် စက်ဘီးရာ မတွေ့ဘဲ ရှိနေပြန်ရာ သဲကွက်တစ်ခုကို ရောက်ပြန်သောအခါ၌ ကျွန်တော်တို့သည် စက်ဘီးရာကို တစ်ဖန် တွေ့ရန် မျှော်လင့်ပါသော်လည်း နွားခြေရာကွက်များဖြင့် ဗရပွ ရှုပ်ပွေလျက် ရှိသည်ဖြစ်သောကြောင့် မတွေ့မြင်နိုင်ချေ။ ထိုနောက် ရှေ့သို့ မျှော်ကြည့်ပြန်သောအခါ မည်သည့် သဲကွက်ကိုမျှ မတွေ့မမြင်နိုင်ဘဲ ရှိနေပြန်ရာ မောင်စံရှားသည် သစ်တုံး တစ်ခုပေါ်၌ ထိုင်ကာ ဆေးတံကို ဆေးထည့်၍ သောက်ပြီးနောက်...

ရှား။ ။ တချို့လူဟာလည်း တော်တော်ပါးနပ်ခဲ့လို့ရှိရင် ခြေရာခံသူများ အထင်လွဲစေအောင် တိုင်ယာကို ပြောင်းချင်ပြောင်းမယ်ဗျ၊ ဒီလိုဆိုခဲ့လို့ရှိရင် တော်တော် စိတ်ကူးဉာဏ်ရှိတဲ့ လူတစ်ယောက်ဖြစ်ကြောင်း ထင်ရှားတဲ့အတွက် ကျုပ်တို့မှာ တော်တော် အလုပ်များဦးမယ်၊ သို့သော် ကျုပ်စိတ်မှာတော့ အမှန်ပြောရမှာဖြင့် ပါးနပ်လို့ စိတ်ကူးကောင်းလေလေ ကျုပ် ဉာဏ်ထုတ်ရလေလေ ကျုပ်သဘောကျလေလေပဲ၊ ကိုင်း သို့သော် မြက်ပေါ်မှာ စက်ဘီးရာ ရှာလို့ဖြင့် တွေ့တော့မယ် မဟုတ်ဘူး။ သဲကြောင်းကို ဖြတ်ကူးကောင်းပါရဲ့၊ သဲကြောင်းအတိုင်း လိုက်ပြီး ခြေရာကောက်စမ်းကြဦးစို့ဗျာ။

ကျွန်တော်တို့သည် သဲကြောင်းလမ်းနံဘေးမှလိုက်၍ မိုင်တစ်ဝက်ခန့်မျှ လျှောက်မိကြသောအခါ သဲလမ်းကို ဖြတ်ကူး၍ သွားသော စက်ဘီးရာ တစ်ခုကို ရုတ်တရက် တွေ့မြင်ကြရလေ၏။ ထိုအခါ ကျွန်တော်တို့သည် ဝမ်းမြောက်ဝမ်းသာ အနီးသို့ ချဉ်းကပ် ကြည့်ရှုကြသည်တွင် ပါးမားတိုင်ယာ အရာ ဖြစ်ကြောင်းကို တွေ့ရှိရသဖြင့် မောင်ထွန်းမင်း၏ စက်ဘီးရာဖြစ်ကြောင်း သိရှိကြသည်နှင့် သာ၍ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလေ၏။

ငင်းနောက် ကျွန်တော်တို့သည် စက်ဘီးရာအတိုင်း မြောက်စူးစူးသို့ ဆက်လက်၍ လိုက်ကြပြန်ရာ အချို့သော နေရာများ၌ မြက်မရှိသော သဲကွက်များကို

mgyoe.com

mgyoe.com


တွေ့ကြရသဖြင့် ၎င်းတို့ အပေါ်တွင် ထင်ရှားစွာ ပေါ်လျက်ရှိသော ပါးမားတိုင်ယာ အရာများကို တွေ့ကြရသည်တွင်

ရှား။ ။ (ဝမ်းမြောက်ဝမ်းသာ ရှိသော အမူအရာနှင့် လက်နှစ်ဖက်ကို ဖိုက်လျက်) ကြည့်စမ်းဗျို့ ကိုသိန်းမောင်၊ ဒီနေရာမှာ စက်ဘီးကို အမြန်စီးသွားတဲ့ လက္ခဏာရှိတယ်၊ ဘာကြောင့်လဲဆိုတော့ မှန်မှန်စီးတဲ့အခါမှာ လူကို မတ်မတ် ထိုင်ပြီး စီးတဲ့အတွက် နောက်ဘီးရာဟာ ရှေ့ဘီးရာထက် နက်နက်ထင်တယ် မဟုတ်လား၊ အမြန်စီးတဲ့အခါကျတော့ ခါးကုန်းပြီး လက်ကိုင်ကို အားပြုစီးတဲ့ အတွက် ဝန်ဟာ ရှေ့ဘက်မှာ လေးသည့်အတွက် ခပ်မျှမျှဖြစ်ပြီး ရှေ့ဘီးရာနှင့် နောက်ဘီးရာဟာ အနက်ချင်း တူတတ်တယ်ဗျ။ ဟောဒီမှ ကြည့်စမ်း ရှေ့ဘီးရာရော နောက်ဘီးရာရော ထင်ထင်ရှားရှားကြီး အညီအမျှ မြင်နေရတယ်၊ ထင်ရှားပုံချင်း တူညီတဲ့အတွက် ကျုပ်ပြောတဲ့အတိုင်း အမြန်စီးတယ်လို့ ကျုပ်ဆိုနိုင်တယ်။ အလို ဒီမှာ ဘာဖြစ်တာလဲ၊ ဘီးပေါ်က ကျဟန်ရှိတယ်ဗျို့။

ထိုနေရာ၌ကား လူ၏ ခြေရာများသည် ရှုပ်ထွေးလျက်ရှိရာ၊ မောင်စံရှား သည် ရပ်တန့်ပြီးလျှင် သဲကွက်များ မြက်ပင်များကို သေချာစွာ ကြည့်ရှုသည်တွင် အချို့သော မြက်များပေါ်၌ သွေးစက်များကို တွေ့ရှိရလေ၏။

ရှား။ ။ အင်း... ဒီတစ်ချက် တော်တော် အရုပ်ဆိုးတယ်ဗျို့၊ ငြိမ်ငြိမ်ရပ် နေစမ်း ကိုသိန်းမောင်၊ ခင်ဗျားခြေရာတွေနှင့် ရှုပ်ကုန်မယ်။ အလို ဒီဟာ ဘာလဲဗျို့ ဟောဒီမှာ ဒဏ်ရာရပြီး လူလဲတယ်၊ ဟောဒီမှာ တစ်ခါပြန်ပြီး ထတယ်။ ဟောဒီမှာ စက်ဘီးပေါ်ကို တစ်ခါပြန်တက်တယ်။ သည့်ပြင် လူခြေရာလည်း မရှိဘူး။ နွားခြေရာတွေသာ ရှိတယ်။ နွားများ ငှေ့လေရော့သလား၊ ဟုတ်နိုင်မယ် မထင်ပါ ဘူးလေ။ လာဗျို့ ကိုသိန်းမောင် လိုက်ကြည့်ဦးမယ်။ ဒီတစ်ခါတော့ စက်ဘီးရာရော သွေးစက်ရော ခံစရာရှိလေတော့မပျောက်တန်ကောင်းပါဘူးဗျာ။

ကျွန်တော်တို့သည် မြောက်အရပ်သို့ ဆက်လက်လိုက်သွားကြပြန်ရာ ခရီး တာရှည်စွာ မသွားရမီပင် ချုံပုတ် တစ်ခုမှ လက်ခနဲ အရောင်ထွက်သည်ကို မြင်ကြရ သဖြင့် ချဉ်းကပ် ကြည့်ရှုသည်တွင် ပါးမားတိုင်ယာ တပ်ထားသော ဘိုင်စကယ် တစ်စီးကို တွေ့ရှိကြရလေ၏။ ၎င်းဘိုင်စကယ်မှာ ခြေနင်းတစ်ဖက် ကျိုးနေ၍ မတ်ဂတ်သည်လည်း ပိန်လျက် ရှိသည့်ပြင် တစ်ခုလုံးမှာလည်း သွေးစက်များနှင့် စွန်းပေလျက်ရှိသည်ကို တွေ့ရှိရလေ၏။ ချုံ၏ အခြားဘက်၌ကား ခြေနှစ်ဖက်

mgyoe.com

mgyoe.com


သည် ချုံအပြင်သို့ ပြူးထွက်လျက်ရှိရာ ကျွန်တော်တို့သည် ပျာယီးပျာယာ ပြေးသွားကြည့်ရှုကြသည်တွင် ဦးခေါင်းတွင် ဒဏ်ရာ အကြီးအကျယ်နှင့် သေလျက်ရှိသော သူငယ်တစ်ယောက်၏ အလောင်းကို တွေ့ရှိကြရလေ၏။ ၎င်းမှာ အသက် ၂၀ ကျော် အရွယ်ခန့်ရှိ၍ ရှပ်အင်္ကျီ ပလေကပ် လုံချည်ဖြင့်သာလျှင် ဝတ်ဆင်လျက် ဖိနပ်မပါ ခေါင်းပေါင်းမပါသည်ကို တွေ့ရှိရသဖြင့် လက်ထောက်ဆရာ မောင်ထွန်းမင်းပင် ဖြစ်ကြောင်းကို သိရှိရလေ၏။

မနီးမဝေး၌ကား တောသားတစ်ယောက်သည် လွယ်အိတ် တစ်ခုကို လွယ်လျက် သွားနေရာ မောင်စံရှားသည် ၎င်းကို ခေါ်၍ အလောင်းတွေ့ကြောင်းကို ဌာနာသို့ တိုင်ချက်ပေးရန် စေလွှတ်လိုက်လေ၏။ ထိုနောက် ကျွန်တော်တို့သည် ရှေ့သို့ ဆက်လက် သွားရောက်ကြရာ လမ်းခရီးတွင်...

ရှား။ ။ ဒီမနက် သဲလွန်စ ၂ ခုတော့ တွေ့ခဲ့ပြီဗျို့၊ တစ်ခုက 'ပါးမား' တိုင်ယာ တပ်တဲ့ဘိုင်စကယ်၊ တစ်ခုက 'ဒန်းလော့' တိုင်ယာတပ်တဲ့ ဘိုင်စကယ်၊ သို့သော် ဒီအကြောင်းကို မစဉ်းစားမီ ကျုပ် တစ်ခု တွေးမိတာက မောင်ဘကျော် ဆိုတဲ့ သူငယ်ဟာ သူ့သဘောအလျောက် ပြတင်းပေါက်က ကျော်ဆင်းပြီး တစ်ယောက်တည်းဖြစ်စေ၊ အဖော်တစ်ယောက်နှင့်ဖြစ်စေ ထွက်သွားခြင်းဖြစ်မယ်။ သွားတဲ့အခါမှာ အဝတ်အစား မပြည့်အစုံ ဝတ်သွားတဲ့အတွက် သူသွားရမယ့် အကြောင်းကို မသွားမီက တင်ကူးပြီး သိနှင့်တဲ့ လက္ခဏာရှိတယ်။ လက်ထောက် ဆရာကလေးမှာတော့ ဖိနပ်တောင် စီးမသွားနိုင်ခြင်းကို ထောက်သဖြင့် ရုတ်တရက် ထွက်သွားရဟန် လက္ခဏာရှိတယ်။

ကျွန်တော်။ ။ ဒါတော့ မှန်တယ်။

ရှား။ ။ ဘာကြောင့် ရုတ်တရက် သွားရသလဲတဲ့၊ သူငယ်ကလေး ထွက်ပြေးတာကို ပြတင်းပေါက်က မြင်လိုက်တဲ့အတွက် ပြတင်းပေါက်က ခုန်ဆင်းပြီး စက်ဘီးကို မဟားတရား ယူပြီး နောက်လိုက်ရာမှာ ဘေးအန္တရာယ်နဲ့ တွေ့ပြီး အသက် ဆုံးရှုံးရှာတဲ့ လက္ခဏာရှိတယ်။

ကျွန်တော်။ ။ ဟုတ်စရာ ရှိတယ်ဗျို့...။

ရှား။ ။ ဒါနဲ့ ဘိုင်စကယ်ကို ယူပြီး အလိုက်မှာ ကျောင်းနဲ့ သုံးလေးမိုင် အကွာကျတော့မှ ဒဏ်ရာ အကြီးအကျယ်နဲ့ သေရတယ်ဆိုတော့ ကိုးနှစ်သား ဆယ်နှစ်သား အရွယ်ကလေးက လူကြီး တစ်ယောက်ကို သေလောက်အောင် မတတ်နိုင်ဘူးဗျ၊ မုချ အနည်းဆုံး သန်သန်မာမာ လူကြီးတစ်ယောက်တော့ ပါရ

mgyoe.com

mgyoe.com


မယ်၊ ပြီးတော့ မောင်ထွန်းမင်းက ချက်ချင်း မြင်လိုက်လို့ ဘိုင်စကယ် ယူပြီး လိုက်တာတောင် သုံးလေးမိုင်လောက် လိုက်မိမှ မီတယ်ဆိုတော့ တော်တော်မြန်တဲ့ ဟာကို စီးပြီး ထွက်ပြေးကြဟန်တူတယ်၊ ခြေရာကို ကြည့်ပြန်တော့လည်း ဒို့ပြင် ခြေရာကို မတွေ့ဘူး၊ နွားခြေရာများကိုသာ တွေ့တယ်၊ တကယ်ဆိုရင် စက်ဘီး နဲ့ ပြေးလို့ စက်ဘီးနဲ့ လိုက်တယ်ဆိုရင် စက်ဘီးရာ ၂ ခု ယှဉ်လျက် တွေ့စရာ ကောင်းတယ်ဗျ၊ အခုတော့ ဒီလိုလည်း မတွေ့ဘူး။

ကျွန်တော်။ ။ ဒီလိုတော့ ဟုတ်နိုင်မယ် မထင်ပါဘူးဗျာ။

ရှား။ ။ မှန်တယ်၊ ကျုပ်လည်း ဒီလိုပဲ တွေးတာပဲ၊ သို့သော်လည်း ကျုပ် စဉ်းစားဆင်ခြင်ပုံဟာ ဘယ်နေရာမှာ အပြစ် အနာအဆာပါတယ်ဆိုတာ ပြောပြစမ်းပါ။

ကျွန်တော်။ ။ စက်ဘီးပေါ်က လိမ့်ကျပြီး မြေကြီးနဲ့ခေါင်းနဲ့ ရိုက်မိလို့ သေလေရော့သလားဗျာ။

ရှား။ ။ အောက်ကသဲ အပေါ်ကမြက်ထဲမှာလားဗျာ၊ ဖြစ်နိုင်ပါ့မလား။

ကျွန်တော်။ ။ ဒါဖြင့် ကျွန်တော် မတွေးတတ်ဘူးဗျာ။

ရှား။ ။ ဒီလို မလုပ်နဲ့လေ၊ ဒို့ထက် ခဲယဉ်းတာတွေကို တွေးလာကြသေး တာပဲ၊ ကိုင်း ပါးမားတိုင်ယာ တစ်ခန်းရပ်ပြီး ဒန်းလော့ တိုင်ယာနဲ့ စက်ဘီးရာကို လိုက်ကြည့်ဦးစို့ဗျာ။

ငင်းနောက် ကျွန်တော်တို့သည် ဒန်းလော့တိုင်ယာ အရာကို ရှေးဦးစွာ တွေ့သော နေရာသို့ သွားကြပြီးလျှင် ဆက်လက် စုံစမ်းကြပြန်ရာ စက်ဘီးရာကို မတွေ့ဘဲ ရှေ့သို့ တဖြည်းဖြည်း လျှောက်လာရင်းနှင့်ပင် လက်ခုပ်ကုန်းရွာသို့ ရောက်ခဲ့ကြလေ၏။ ရွာတွင်းသို့ ဝင်မိ၍ ၄၊ ၅ အိမ်ခန့်မျှ ကျော်လွန်ခဲ့လျှင် ဝင်း တစ်ခု အတွင်း၌ တိုင်ငုတ်တို တစ်ခုတွင် ချည်ထားသော မြင်းတစ်ကောင်ကို တွေ့မြင်ရသည်နှင့် တစ်ပြိုင်နက် မောင်စံရှားသည် ရုတ်တရက် မြင်းဝါသနာပါ သည့် လက္ခဏာဖြင့် ဝင်းတွင်းသို့ ဝင်၍ မြင်းကို ကိုင်တွယ် ကြည့်ရှုလေ၏။

ထိုခဏ၌ အလွန်တရာ ဗလကောင်းသော လူကြီးတစ်ယောက်သည် တဲငယ် တစ်ခု အတွင်းမှ ထွက်လာ၍ မောင်စံရှားကို မြင်လိုက်ရသည်နှင့် တစ်ပြိုင် နက် မိမိ ချည်ထားသောမြင်းကို ကိုင်တွယ်စမ်းသပ် ကြည့်ရှုနေသည့်အတွက် စိတ်ဆိုးသည့် လက္ခဏာနှင့်...

mgyoe.com

"ဟော့…လူ ဘာလုပ်တာလဲ"

ရှား။ ။ ဒီမြင်းရောင်းဖို့လားဗျာ။

"ရောင်းဖို့ မဟုတ်ဘူး၊ ခင်ဗျားတို့ ဘယ်ကလဲ"

ရှား။ ။ ရန်ကုန်က ပါပဲဗျာ၊ ခင်ဗျား မြင်းကလေး အစအန ကောင်းလို့ ရောင်းမလားလို့ ဝင်ကြည့်မိပါတယ်။

"ရောင်းဖို့ မြင်း မဟုတ်ဘူး"

ရှား။ ။ ရောင်းဖို့ မဟုတ်ရင် တစ်နေ့ ခရီးလောက်ကော မငှားဘူးလား ဗျာ။

"ရောင်းလည်း မရောင်းဘူး၊ ငှားလည်း မငှားဘူး"

ရှား။ ။ ဦးအောင်မင်းအိမ် ဆိုတာ ဘယ်နားမှာလဲဗျာ။

"ဘာကိစ္စရှိလို့လဲ"

ရှား။ ။ သူ့သားကလေး ပျောက်သွားတယ်ဆိုတာ သတင်းရခဲ့လို့ သတင်းပေးချင်လို့ပါပဲ။

ထိုအခါ ထိုလူကြီးသည် ရုတ်တရက် စိတ်အား ထက်သန်စွာရှိလာသည့် လက္ခဏာဖြင့်–

"ဘယ်မှာတွေ့သလဲဗျာ၊ အင်း…ဘယ်ဆီမှာ ကြားခဲ့သလဲဗျာ၊ အင်း… ပြောစမ်းပါဦးဗျာ၊ ကြားစမ်းပရစေဗျာ"

ရှား။ ။ ကြားချင် လိုက်ခဲ့လေဗျာ။

ဟု ပြောပြီးနောက်၊ မောင်စံရှားသည် ဝင်းထဲမှ ထွက်လာခဲ့ရာ၊ ထိုလူကြီး သည် မျက်မှောင်ကုတ်ကာ ကျွန်တော်တို့အား ငေးလျက် ရှိနေလေ၏။

လမ်းခရီး၌ မောင်စံရှားသည် ရွှင်ပြုံးလှသော မျက်နှာထားနှင့်။

ရှား။ ။ ဩော်…ငစံရှား၊ တော်တယ် တော်တယ်နှင့် တိုင်းပြည်က ဝိုင်း မြှောက်ကြလေတော့ တော်တော်ပဲ ပျက်စီးလာခဲ့ပြီကိုး။ ကြည့်စမ်းပါဦးတော့ဗျာ။ ကန်းလိုက်တဲ့အကန်း လိုက်မပြောလိုက်ချင်ဘူး။ ဒါနဲ့တောင် ကျုပ်မတွေးမိတာ များ အံ့သြပါရဲ့ဗျာ။ တကယ်ဆိုရင် ဟိုကတည်းက တွေးမိဖို့ ကောင်းတယ်၊ အခုတော့ ဒီမြင်းကို ကံအားလျော်စွာ မြင်မိပေလို့သာ စိတ်ကူးရမိပေတော့တယ်။

ကျွန်တော်။ ။ နေစမ်းပါဦးဗျ၊ ဘာကန်းတာလဲ၊ ဘာစိတ်ကူးရတာ လဲ။ ဒီမြင်းဟာ ဘာဖြစ်တာလဲ။

ရှား။ ။ မြင်းသံခွာ ကျုပ် မ,ကြည့်တာ ခင်ဗျားမြင်ရဲ့လား။

mgyoe.com

mgyoe.com


ကျွန်တော်။ ။ မြင်ပါတယ်၊ ဘာဖြစ်လို့လဲ။

ရှား။ ။ မြင်းမှာ သံခွာက အဟောင်း၊ ရိုက်တဲ့ သံချောင်းက အသစ်ဗျ။

ကျွန်တော်။ ။ သံခွာ ကျွတ်ကျလို့ ရိုက်ထားတာ ဖြစ်မှာပေါ့ဗျ။

ရှား။ ။ ကျွတ်ကျရင် တစ်ဖက်တလေသာ ကျွတ်ကျလို့ ပြန်ရိုက်ရမယ်၊ အခုတော့ ခွာလေးဖက်စလုံး ပြန်ရိုက်ပြီးထားတယ်။

ကျွန်တော်။ ။ လေးဖက်စလုံး ပြန်ရိုက်ထားရင်ကော ဘာဖြစ်သလဲဗျ။

ရှား။ ။ နေဦး နေဦး ဘိုင်စကယ်ရာနားမှာ တွေ့ခဲ့တဲ့ နွားခြေရာကွက်တွေကို ခင်ဗျား မှတ်မိသေးသလား။

ကျွန်တော်။ ။ တွေ့ခဲ့တာတော့ မှတ်မိပါရဲ့။

ရှား။ ။ တချို့နေရာမှ ဟောဒီလို ပြေးတယ်ဗျ၊ တချို့နေရာမှာ ဟောဒီလို ပြေးတယ်ဗျ၊ တချို့နေရာမှာ ဟောဒီလို ပြေးတယ်ဗျ...ဟု ပြောပြီးလျှင် မြေကြီးကို တုတ်နှင့် တို့၍ ပြလေ၏။

ကျွန်တော်။ ။ ဒီဟာ ဘာဖြစ်သလဲဗျ။

ရှား။ ။ ဒီဟာ သုံးချောင်းထောက် ပြေးတဲ့နေရာ၊ ကဆုန်ပြေးတဲ့နေရာ၊ လေးဖက်ပြေးတဲ့နေရာကို ပြတယ်။ နွားများဟာ သုံးချောင်းထောက်တို့ လေးဖက်အသားကျတို့ ပြေးတယ်လို့ ကြားဖူးရဲ့လား။

ကျွန်တော်။ ။ မကြားဖူးဘူးဗျာ၊ မကြားဘူးပေမဲ့ ခင်ဗျားပြောလိုတဲ့ အဓိပ္ပာယ်ကို မရိပ်မိပါဘူးဗျာ။

ရှား။ ။ မရိပ်မိရင်လည်း ပန်းပဲဖို ရောက်ပြီး ကျုပ်မေးတာ ကြားရတော့ ရိပ်မိလိမ့်မယ်။

ကျွန်တော်တို့သည် ပန်းပဲဖိုတစ်ခု အတွင်းသို့ ဝင်သွားကြရာ ပန်းပဲဆရာသည် ၎င်း၏ တပည့်နှင့် ရဲနေသော သံတုံးတစ်တုံးကို ထုလျက်ရှိသည်နှင့် တွေ့ကြလေ၏။ ပန်းပဲဆရာသည် ဧည့်သည်များ ဝင်လာသည်ကို မြင်သည်နှင့် တူချက်ကို ရပ်ဆိုင်း၍ ကိစ္စကို မေးရာ။

ရှား။ ။ ပစ္စည်းတစ်ခု မှာချင်လို့ပါပဲ။

"ဘာပစ္စည်းလဲ"

ရှား။ ။ သံကို နွားခွာနှင့် တူအောင် မလုပ်နိုင်ဘူးလား။

"ဘာလုပ်ဖို့လဲ"

ရှား။ ။ မြင်းခွာမှာ တပ်ချင်လို့။

mgyoe.com

mgyoe.com


"ကြံစည်တဲ့ လူတွေဗျာ၊ ဟိုဘက်က ဦးဘိုးဝေါင်ကြီး ကြံကြံစည်စည် လုပ်တတ်လုပြီ အောက်မေ့တာ ခင်ဗျား တစ်ယောက် ပေါက်လာပြန်ပြီ"

ရှား။ ။ မြင်းနီကလေးရှင် ဦးဘိုးဝေါင်လား၊ ဘာများ ကြံကြံစည်စည် လုပ်လို့လဲ။

"သူလည်း ခင်ဗျားလိုပဲဗျ၊ ဟိုတစ်နေ့ကတင်ပဲ နွားခွာနဲ့တူတဲ့ သံခွာလေး ဖက် လာပြီးမှာတယ်"

ရှား။ ။ ဘယ်လောက်စီ ရလိုက်သလဲ။

"တစ်ခု နှစ်ကျပ်စီ ရလိုက်တယ်"

ရှား။ ။ ကိုင်း...ကျုပ်လည်း နှစ်ကျပ် ပေးပါ့မယ်ဗျာ၊ ခွာတစ်ဖက်လောက် လုပ်ထားလိုက်ပါဟု ပြော၍ ငွေနှစ်ကျပ်ကို ပေးပြီးလျှင် ကျွန်တော်တို့သည် ဆက်လက်၍ လျှောက်လာခဲ့ကြလေ၏။ ထိုခဏ၌ လူတစ်ယောက်သည် ဘိုင် စကယ် တစ်စီးနှင့် အဝေးက လျင်မြန်စွာ စီးလာသည်ကို တွေ့မြင်ရလေရာ မောင် စံရှားသည် ကျွန်တော်၏ လက်မောင်းကို ဆွဲကိုင်၍ တစ်ခုသော အိမ်ကြားသို့ ခေါ်သွားလေ၏။ ထိုနေရာမှ ချောင်း၍ ကြည့်နေသောအခါ ဦးအောင်မင်း၏ မန်နေဂျာ မောင်လှမောင်သည် ပြူးတူးပြဲတဲရှိသော မျက်နှာထားနှင့် စက်ဘီးကို လျင်မြန်စွာ စီးသွား၍ ဦးဘိုးဝေါင်၏ အိမ်ထဲသို့ ဝင်သွားသည်ကို မြင်လိုက်ကြရ လေ၏။

ငင်းနောက် ကျွန်တော်တို့သည် ပုန်းအောင်းရာမှ ထွက်၍ ဆက်လက် လျှောက်လာကြရာ၊ ဦးအောင်မင်း၏ အိမ်ဝသို့ ရောက်သောအခါ မောင်လှမောင် သည် ကျွန်တော်တို့ နောက်မှ မီလာ၍ ကျွန်တော်တို့ကို မြင်သည်နှင့် တစ်ပြိုင်နက် ဘိုင်စကယ်ပေါ်မှ ဆင်း၍...

မောင်။ ။ ဦးစံရှားတို့ သူဌေးမင်းကို တွေ့ချင်လို့ မှတ်တယ်၊ သည်းခံပါ ခင်ဗျာ သူဌေးမင်း ဖျားနေပါတယ်။

ရှား။ ။ ဖျားပေမဲ့ တွေ့ရလိမ့်မယ်။

မောင်။ ။ အိပ်ရာက မထနိုင်ဘူးခင်ဗျာ။

ရှား။ ။ မထနိုင်ရင် အိပ်ရာထဲမှာပဲ တွေ့ရလိမ့်မယ်။

ထိုအခါ မန်နေဂျာ မောင်လှမောင်သည် မောင်စံရှား၏ အမူအရာကို မြင် သဖြင့် မတွေ့ရလျှင် ပြန်မည် မဟုတ်ကြောင်းကို သိသည်နှင့်

mgyoe.com

mgyoe.com


မောင်။ ။ ဒါဖြင့် ဝင်ကြပါ ခင်ဗျာ၊ ထိုင်ကြပါဦး၊ ကျွန်တော် သွားပြီး ပြောလိုက်ပါ့မယ်။

ကျွန်တော်တို့သည် ကောင်းမွန်စွာ ခင်းကျင်းပြင်ဆင်၍ ထားသော ဧည့်ခံခန်း၌ ထိုင်၍ စောင့်နေကြရာ တစ်ခဏမျှ ကြာလျှင် စက်ပိုင်ကြီး ဦးအောင်မင်းသည် စိတ်၏ တည်ငြိမ်ခြင်း မရသော သူတစ်ယောက်၏ အမူအရာဖြင့် အပြင်သို့ ထွက်လာ၍ ဣန္ဒြေကြီးသော မျက်နှာထားဖြင့် တစ်ခုသော ကုလားထိုင်ပေါ်တွင် ထိုင်ပြီးလျှင်...

မင်း။ ။ ဘာကိစ္စပါလဲဗျာ။

ရှား။ ။ ဒီက ကိုလှမောင် ရှေ့မှာ စက်ပိုင်ကြီးနဲ့ ကျွန်တော် စကားလွတ်လွတ်လပ်လပ် ပြောလို့ အခွင့်ရပါသလား။

မင်း။ ။ (မောင်လှမောင်ဘက်သို့လှည့်၍) မောင်လှမောင် မင်းတစ်ဆိတ်သွားစမ်းကွယ်။

မောင်လှမောင် ထွက်သွားပြီးသောအခါ...

ရှား။ ။ မောင်ဘကျော်ကို ပြန်တွေ့လို့ရှိရင် ဆုငွေ ၂၀၀၀ိ၊ ဝှက်ထားသူကို ဖော်နိုင်လို့ ရှိရင် ဆုငွေ ၁၀၀၀ိ စုစုပေါင်း ၃၀၀၀ိ ပေးမယ်လို့ ဦးအုန်းဘောက ပြောပါတယ်၊ ဟုတ်ပါသလား ခင်ဗျာ။

မင်း။ ။ ဟုတ်ပါတယ်၊ ဒီအတိုင်းပါပဲ။

ရှား။ ။ ဒုတိယ ဆုငွေ ၁၀၀၀ိ မှာ ဝှက်ထားသော သူကိုယ်တိုင်ကို ဖြစ်စေ၊ ဝှက်ထားရာ၌ ကူညီအားပေးသောသူကို ဖြစ်စေ ဖော်နိုင်လို့ရှိရင် ပေးမယ် မဟုတ်ပါလား ခင်ဗျာ။

မင်း။ ။ မှန်ပါတယ်။

ရှား။ ။ ကိုင်း... ဒါဖြင့် ဟောဟိုမှာ သူဌေးမင်းရဲ့ ချက်စာအုပ်နဲ့ပဲ တူတယ်၊ ငွေ ၃၀၀၀ိ အတွက် ချက်တစ်ခု ကျွန်တော် နာမည်နဲ့ ရေးပါတော့ ခင်ဗျာ။

မင်း။ ။ ပြောင်စရာ မဟုတ်ပါဘူး ဦးစံရှားရယ်၊ စိတ်ညစ်ရတဲ့ အထဲမှာ။

ရှား။ ။ ပြောင်တာ မဟုတ်ပါဘူးခင်ဗျာ၊ တကယ် မောင်ဘကျော် ရှိရာ အရပ်ကိုလည်း ကျွန်တော် သိပါတယ်။ ဝှက်ထားသူများ၏ အမည်တချို့ ကိုလည်း သိပါတယ်။

မင်း။ ။ (စိတ်ဆိုးဟန်နှင့် နှုတ်ခမ်းမွေးထောင်လျက်) ကျုပ်သား အခု ဘယ်မှာလဲ။

mgyoe.com

mgyoe.com


ရှား။ ။ ဦးဘိုးဂေါင် ဝင်းထဲက တဲကလေးထဲမှာ ရှိပါတယ်။

မင်း။ ။ သူ့ကို ဘယ်သူ ဇုက်ထားသလဲ။

ရှား။ ။ စက်ပိုင်ကြီး ကိုယ်တိုင်ပဲ ဇုက်ထားပါတယ်၊ ကိုင်း ခင်ဗျာ ကျွန်တော့်အတွက် ချက်ကလေးသာ တစ်ဆိတ် ရေးပါတော့။

ထိုအခါ ဦးအောင်မင်းသည် အလွန်တရာ အမျက်ထွက်သော အမူအရာဖြင့် ထိုးတော့မည် ကြိတ်တော့မည်ကဲ့သို့ ထိုင်ရာမှ ထပြီးသည့်နောက် တစ်ဖန်ပြန်၍ ထိုင်ပြီးလျှင် မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ကာ ရှိနေလေ၏။ အတန်ကြာသောအခါမှ မျက်နှာကို ဖော်ပြီးလျှင် ဦးခေါင်းကို မော်မကြည့်ဘဲ။

မင်း။ ။ ခင်ဗျား ဘယ်လောက်ထိအောင် သိသလဲ။

ရှား။ ။ ခင်ဗျားတို့ သားအဖ အတူတကွ စကားပြောနေကြတာကို မနက်စောစောကြီးက ကျွန်တော် မြင်ပါတယ်။

မင်း။ ။ ဒီက မိတ်ဆွေအပြင် ဘယ်သူများ သိပါသေးသလဲ။

ရှား။ ။ ဘယ်သူ့ကိုမှ ကျွန်တော် မပြောမိပါ။

မင်း။ ။ (ချက်စာအုပ်ကို လှမ်းယူ၍) ကိုင်းဗျာ ထားမိတဲ့ ကတိအတိုင်း ကျုပ်ပေးပါတော့မယ်။ သို့သော်လည်း ဒီအကြောင်းကို ဘယ်သူမှ မသိပါစေနဲ့ဗျာ။

ရှား။ ။ ဒီဟာတော့ ကျွန်တော် တာဝန်မခံနိုင်ဘူး။

မင်း။ ။ ကိုင်းဗျာ... သုံးထောင်မကပါဘူး၊ ငါးထောင် ပေးမယ်။ ဘယ်သူမှ မသိပါစေနှင့်ဗျာ။

ရှား။ ။ ဒီဟာတော့ မဖြစ်နိုင်ဘူးထင်တယ်၊ လက်ထောက်ဆရာကလေး သေတဲ့ကိစ္စက ရှိသေးတယ်။

မင်း။ ။ ဒီဟာက မောင်လှမောင် သတ်တာ မဟုတ်ပါဘူးဗျာ၊ သူခိုင်းတဲ့ လူမိုက် ဘိုးဂေါင် လက်ရာနှင့် တူပါတယ်။

ရှား။ ။ သူက ခိုင်းတဲ့လူ ဖြစ်လေတော့ သူလည်း တာဝန် မကင်းဘူးပေါ့ စက်ပိုင်ကြီး။

မင်း။ ။ ဒါတော့ မှန်ပါတယ်၊ သို့သော်လည်း ကျုပ်သားကို တတ်နိုင်သလောက် ကူညီပါ ဦးစံရှားရယ်၊ ခိုးဖို့ သူ့ခိုင်းမိတာတော့ မှန်ပါတယ်၊ သတ်တဲ့ကိစ္စကတော့ ဘိုးဂေါင်ကြီး သဘောအလျောက် ပြုခဲ့ခြင်းဖြစ်ပါတယ်။

ရှား။ ။ ဒါတော့ ကျွန်တော့် အလုပ် မဟုတ်ဘူး ခင်ဗျာ၊ ရုံးမင်းသဘော

mgyoe.com

mgyoe.com


တစ်ခုပေပ။

မင်း။ ။ မှန်ပါတယ်... မှန်ပါတယ်၊ သို့သော်လည်း တတ်နိုင်သမျှ ဖေးဖေးမမ ထောက်ခံပြီး ပြောဖို့ရာကိုသာ တောင်းပန်ရပါတယ်။

ရှား။ ။ မှန်တဲ့အတိုင်း ဖြစ်အောင် တတ်နိုင်သမျှ ဆောင်ရွက်ပါမယ်လို့တော့ ကျွန်တော် ကတိထားနိုင်ပါတယ် ခင်ဗျာ။

မင်း။ ။ ကောင်းလှပါပြီဗျာ၊ ကောင်းလှပါပြီ။

ရှား။ ။ ကိုင်း...သို့သော် ကူညီဆောင်ရွက်ရမှာဖြင့် အဖြစ်အပျက်ကို ကျွန်တော် သိပါရစေဗျာ၊ ဟုတ်တိုင်းမှန်ရာ တစ်ဆိတ်လောက် ပြောပြပါဦး။

မင်း။ ။ မောင်ဘကျော်ကို ခိုးတာကတော့ မောင်လှမောင်ရဲ့ ဉာဏ်ပါ ခင်ဗျာ၊ သို့သော် သူကိုယ်တိုင် ခိုးခြင်းလည်း မဟုတ်၊ ကျောင်းဆရာကလေးကို သတ်တာဟာ သူလည်း မဟုတ်ရပါဘူး၊ သတ်တဲ့လူက ထွက်ပြေးပါပြီ။

ရှား။ ။ မောင်လှမောင်က သွားပြီး သတင်းပေးလို့ ပြေးမှန်း ကျွန်တော် သိပါပြီ။ သို့သော် ဝေးဝေးတော့ မပြေးနိုင်ပါဘူး။ ဖမ်းဖို့ရာလည်း ကျွန်တော် စီစဉ်ပြီးပါပဲ။ ဒါထက် ခိုးရာမှာ မပါဘူးဆိုပေမဲ့ မောင်လှမောင် စီးတဲ့ စက်ဘီးရာ တွေ့ပါလား ခင်ဗျာ။

မင်း။ ။ သွေးဆောင်တဲ့ သဘောနဲ့တော့ ပါပါတယ်။ သို့သော် သတ်တဲ့နေရာမှာ သူမပါပါဘူး။ ခိုးယူပြီးတဲ့နောက် သူကအရင်ပြန်ပြီး ဦးဘိုးဂေါင်နဲ့ မောင်ဘကျော်နဲ့ နောက်ကလိုက်ခဲ့ကြပါတယ်။

ရှား။ ။ ဦးအောင်မင်းနဲ့ မောင်လှမောင်နဲ့ ဘယ်လိုတော်ပါသလဲ။

မင်း။ ။ သားအဖ တော်ပါတယ်။

ရှား။ ။ သြော်... လက်စသတ်တော့ ဒါကြောင့်ကိုး၊ ကိုင်း...သို့သော် အဖြစ်အပျက်ကို အစက အဆုံးတိုင် ပြန်ပြောစမ်းပါဦး ခင်ဗျာ။

မင်း။ ။ ဒီလိုပါ ဦးစံရှားဗျာ၊ ကျွန်တော် ခပ်ငယ်ငယ်က မန္တလေးကို အလည်သွားစဉ် ဇာတ်မင်းသမီး တစ်ယောက်နဲ့ ချစ်ကြိုက်ပြီး ဇနီးမောင်နှံအဖြစ် တိတ်တဆိတ် နေထိုင်ခဲ့ဖူးပါတယ်။ ဒီအကြောင်းကို ဖခင်က သိလေတော့ ကြေးနန်းရိုက်ပြီး မှာလို့ ကျွန်တော် ပြန်လာတဲ့ အခါမှာ မိန်းမဉ္စ ပဋိသန္ဓေ ရှိခဲ့ပါတယ်။ တော်တော် သဘောထားကြီးတဲ့ မိန်းမ ခင်ဗျ၊ ကျွန်တော်ကတော့ မိကောင်း ဖခင် သားသမီးဖြစ်တယ်၊ သူကတော့ ဖက်ခွက်စား သဘင်သမား ဖြစ်လေတော့

mgyoe.com

mgyoe.com


ဂုဏ်ရည် မတူမျှတဲ့အတွက် ကျွန်တော့်ကို တစ်ခါမှ တင့်တင့်တယ်တယ် လင်မယား အဖြစ် မင်္ဂလာဆောင်နှင်းဖို့ တိုက်တွန်းခြင်း မရှိရှာဘူး။ ကျွန်တော်က တင်ပို့တဲ့ ငွေကြေးနဲ့ပဲ လောက်အောင် သုံးစွဲပြီးနေရှာတယ်။ ကျွန်တော့် သဘော အတိုင်းဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် သားကြီးမယားကြီးအဖြစ်နဲ့ ပေါင်းသင်းပြီး နေဖို့ ပါပဲ။ သို့သော် မိဘများက ကျွန်တော် ရောက်ပြီး မကြာမီ အတွင်းမှာပဲ သည့်ပြင် မိန်းမ တစ်ယောက်နှင့် လက်ထပ်ပေးစားလိုက်လို့ ယူရပါရော ခင်ဗျ၊ မန္တလေးက မိန်းကလည်း သားယောကျ်ားလေး မွေးပါရော ခင်ဗျ၊ သားအမိနှစ်ယောက် စား လောက်အောင်ဟာ ကျွန်တော်ကပဲ အထူးထောက်ပံ့ခဲ့ပါတယ်။ သားကလေး ၉ နှစ်သား အရွယ်မှာ မန္တလေးက မိန်းမသေ၊ နောက်များ မကြာမီ အတွင်းမှာပဲ လက်ရှိ မိန်းမကလည်းဆုံး၊ သားသမီးကလည်း မကျန်ရစ်၊ မန္တလေးက သားကလေး အတွက် အဝေးက လှမ်းပြီး ထောက်ပံ့ခဲ့။ ကျောင်းမှာ ကောင်းမွန်စွာ ထား၊ ပညာများသင်စေ၊ သူ အရွယ်ရောက်တဲ့အခါမှာ ကျွန်တော်လည်း နောက် အိမ်ထောင်ကျ၊ အိမ်ထောင်ကျပြီးတဲ့နောက် များမကြာမီအတွင်းမှာ မန္တလေးက သားက ကျွန်တော့ စကားကို နားမထောင်ဘဲ ကျွန်တော့ဆီ အတင်းလာပြီးနေ၊ မိန်းမကိုလည်း ဒီအကြောင်း မပြောရသေးလေတော့ သားကို သားရယ်လို့ မပြော ဘဲနှင့် ကျွန်တော့် အလုပ်တွေမှာ မန်နေဂျာအဖြစ်နဲ့ လုပ်စေ၊ နောက်မိန်းမနဲ့ သား ကလေး တစ်ယောက်ရ၊ ရတဲ့နေ့ကစပြီး မန္တလေးက သားက ကျွန်တော့်ကို နှောင့် ယှက်တော့တာပါပဲ ခင်ဗျာ၊ ကလေးကို ချစ်ရင်လည်း သူက မကြည့်နိုင်ဘူး၊ မယား ကို ချစ်ရင်လည်း သူကမကြည့်နိုင်ဘူး၊ တော်တော့်ကို နှောင့်ယှက်တဲ့ သူငယ်ခင်ဗျာ၊ သူ့အကြောင်းတွေ မယားလုပ်တဲ့သူက သိလေတော့ ကျွန်တော်တို့ လင်မယား လည်း တကျက်ကျက်နဲ့ ဘယ်တော့မှ တည့်တယ်လို့ မရှိဘူး။ မတည့်ရင် မောင်လှ မောင်ကို ဘာ့ကြောင့် လက်ခံထားသလဲလို့ မေးစရာ ရှိတယ်။ သို့သော် ဒီသူငယ်က ဘယ်လိုပင် နှောင့်ယှက်စေကာမူ သူ့မိခင် သဘောကောင်းတာတွေ သွား...သွား သတိရပြီး ထုတ်ပစ်လိုက်ဖို့ကို ကျွန်တော် မပြုရက်နိုင်ဘူးခင်ဗျာ၊ မယား ထွက်သွား ပြန်တော့လည်း ကျန်ရစ်ခဲ့တဲ့ သားကလေး မောင်ဘကျော်ကို မောင်လှမောင်က နှိပ်စက်ပြန်တော့၊ အိမ်မှာ မထားဘဲ ဦးအုန်းဘော ကျောင်းမှာ ပို့ထား၊ ထားပြန် တော့လည်း အေးအေး မနေရသေးဘူး ခင်ဗျ၊ ဦးဘိုးဂေါင် ဆိုတဲ့လူနဲ့ ပူးပေါင်းပြီး သူငယ်ကို ကျောင်းက ခိုး...

ရှား။ ။ ခိုးပုံက ဘယ်လို ခိုးပါသလဲ။

mgyoe.com

မင်း။    ။ ကျွန်တော် ရေးလိုက်တဲ့ စာထဲမှာ သူက အောက်နားက ဆွယ်ပြီး မင်းအမေနဲ့ တွေ့ချင်ရင် ကျောင်းနောက်ကို ည ၁၀ နာရီလောက်ကို လာခဲ့လို့ ရေးသတဲ့ ခင်ဗျ၊ သားငယ်ကလည်း မိခင်ကို အင်မတန် ခင်တဲ့သား ဖြစ်လေတော့၊ ညကို တိတ်တိတ်ကလေး ကျောင်းပေါ်ကဆင်း၊ မောင်လှမောင်နဲ့ တွေ့၊ လယ်ပြင်ထဲခေါ်လာ၊ ဦးဘိုးဂေါင်လက်ကို အပ်လိုက်၊ သူကတော့ ဘိုင်စကယ်နဲ့ပြန်...

ရှား။    ။ ဦးဘိုးဂေါင်ကတော့ သူငယ်ကို မြင်းပေါ်တင်ပြီးစိုင်း၊ သူ့နောက်က လက်ထောက်ဆရာ မောင်ထွန်းမင်းက လိုက်ပြီး သူငယ်ကို လုလေတော့ ရိုက်သတ်လိုက်ကရော ဆိုပါတော့။

မင်း။    ။ (မှန်ပါတယ်) သို့သော် ဒီကိစ္စမှာ မောင်လှမောင် မသိရပါဘူး ဦးစံရှား ခင်ဗျား။

ရှား။    ။ အဲဒီအကြောင်းတွေကို ဦးအောင်မင်းက ဘယ်တော့မှ သိသလဲ။

မင်း။    ။ မနေ့ညကမှ သိလို့ ဒီကနေ့ မနက်စောစောကြီး သားငယ်ကို သွားပြီး တွေ့ပါတယ်။

ရှား။    ။ ဘယ့်နှယ်ကြောင့် တစ်ခါတည်း မခေါ်ခဲ့သလဲ။

မင်း။    ။ မောင်လှမောင်က ဒီအိမ်မှာ သူလည်း မနေတော့ပါဘူးတဲ့၊ ဦးဘိုးဂေါင်ရော သူရော လွတ်အောင် ပြေးပါတော့မယ်တဲ့၊ ပြေးဖို့ အချိန်ကလေး ရအောင် သည်းခံပါဦးပြောလို့ မထူးပါဘူး အောက်မေ့ပြီး အချိန်ဆိုင်းထားခဲ့ပါတယ်။

ရှား။    ။ ဘယ်လို ရည်ရွယ်ချက်နဲ့ ခိုးထားသတဲ့လဲ။

မင်း။    ။ လူ့သဘောဟာ မုန်းလာပြီဆိုရင် အင်မတန် ခက်တာမျိုးကလား ဦးစံရှား၊ ဘာမှ အကြောင်းရှာမရ အမိပွာယ် ရှာလို့ မရပါဘူး။ နှောင့်ယှက်ရရင် ပြီးရောဆိုတဲ့ စိတ်သဘောမျိုးနဲ့ လုပ်ဟန်တူပါရဲ့ဗျာ။

ရှား။    ။ (ဣန္ဒြေကြီးသော မျက်နှာထားနှင့်) မိုက်မဲသော သားအကြီးကို ညှာတာတဲ့အတွက် သားအငယ်မှာ ကြာကြာကြီး ဒုက္ခရောက်စေဖို့ သဘောတူခဲ့ခြင်းဟာ ကျွန်တော့်တော့ဖြင့် သဘောမကျဘူးဗျာ၊ သားအငယ်ထံ ချက်ချင်း လူလွှတ်ပြီး ခေါ်ပါ။ ဦးဘိုးဂေါင်နဲ့ မောင်လှမောင်မှာတော့ ဥပဒေရှိတဲ့အတိုင်း တရားသူကြီး သဘောတစ်ခု စီရင်ချက် ချမှာပေါ့။ မောင်လှမောင် မရှိရင်တော့ လင်မယားလည်း မသင့်မတင့် ဖြစ်ဖို့ မရှိပါဘူး။ ရန်ကုန်ကိုလိုက်ပြီး ခေါ်ချေ ခင်ဗျာ၊

mgyoe.com

mgyoe.com

ကိုင်း...ခုတင်က ငွေ ၃၀၀၀ဝိ အတွက် ချက်လက်မှတ်ကလေးကိုသာ မစပါတော့လားဗျာ။ ကိုသိန်းမောင် ကျုပ်တို့ အလုပ်ပြီးပြီ မှတ်တယ် ပြန်ကြဦးစို့ဗျာ။

ဦးဘိုးဂေါင်နှင့် မောင်လှမောင်တို့မှာ နောက်ဆုံး တစ်နေ့၌ ပုလိပ် အရာရှိတို့က ဖမ်းဆီးရမိသည်ဖြစ်၍၊ မောင်စံရှားက နွားခြေရာနှင့် တူအောင် လုပ်ထားသော သံခွာများနှင့်တကွ သက်သေခံသည်ဖြစ်သောကြောင့် ၁– တရားခံ ဦးဘိုးဂေါင်မှာ မောင်ထွန်းမင်းကို သတ်မှုနှင့် သေစားသေစေ၊ မောင်လှမောင်မှာ ထောင်ဒဏ် ၃ နှစ် ကျရလေသတည်း။

ကဝိမျက်မှန်မဂ္ဂဇင်း၊ မေ ၁၉၃၁။

❖

mgyoe.com

mgyoe.com

## ၂

# သိန်းထိုက်ပတ္တမြား ပျောက်ဆုံးမှု

ကျွန်တော်သည် အရေးကြီးသော ကိစ္စတစ်ခုနှင့် မော်လမြိုင်မြို့သို့ သွားရောက်၍ နှစ်ရက်ခန့် ကြာသောအခါတွင် ရန်ကုန်မြို့သို့ ပြန်လာခဲ့ရာ၊ တိုက်ပေါ်သို့ တက်လာသောအခါ၌ ကျွန်တော်၏ မိတ်ဆွေ စုံထောက်ကြီး ဦးစံရှားမှာ အိမ်ခန်းတွင်း၌ ရှိနေလျက် အိမ်ရှေ့ ဧည့်ခန်းတွင်း၌ကား ဦးစံရှား၏ တပည့်ကျော် ကလေးဖြစ်သည့် ဂေါ်ရင်ဂျီကုလားကလေး အာချီယားကိုသာလျှင် တွေ့ရလေ၏။ ထိုကုလားကလေးမှာ အလွန်တရာ ဖျတ်လတ်သွက်လက်သည့်ပြင် ပါးရည်နပ်ရည်လည်း ရှိသည်ဖြစ်သောကြောင့် ဦးစံရှားသည် မိမိကိုယ်တိုင် သွားရောက် ထောက်လှမ်းရန် မလျော်သည့် နေရာများ၌ ၎င်းအား စေလွှတ်ထောက်လှမ်းစေခဲ့သည်ဖြစ်ရာ၊ လူကြီးများထက်ပင် လိုသမျှ အချက်ကို သိရအောင် ထောက်လှမ်းရာ၌ ထမြောက်ပေသဖြင့် လက်စွဲတော်ကြီးသဖွယ် ဖြစ်ခဲ့လေသည်။

---

* စီစဉ်သူများ ပေးထားသော အမည် ဖြစ်သည်။ မူရင်း၌ သီးခြားခေါင်းစဉ် မပါ။

mgyoe.com

mgyoe.com


ကျွန်တော်သည် အာချီယားနှင့် တွေ့၍...

"ဘယ့်နှယ်လဲ မင့်ဆရာကြီး မထသေးဘူးလား"

"ဟိုမှာကော ဆရာ"

ထိုအခါ ကျွန်တော်သည် အာချီယား လက်ညှိုးညွှန်ရာသို့ ကြည့်လိုက်သောအခါတွင် အိမ်ရှေ့ပြတင်းပေါက် တစ်ခုအနီး ကုလားထိုင်ပေါ်တွင် ထိုင်ဟန်ပြုနေသော ဦးစံရှားတု ဖယောင်းရုပ်ကို တွေ့မြင်ရလေ၏။ ထိုဖယောင်းရုပ်မှာ ဦးစံရှား၏ အသားရောင် ရှိသည့်ပြင် ကိုယ်ဟန် အမူအရာမှာလည်း ဦးစံရှားနှင့် တစ်သဝေမတိမ်း ရှိနေသောကြောင့် ကျွန်တော်မှတစ်ပါး အခြားသောသူတို့သည် ဦးစံရှားဟူ၍ ဧကန်မုချ ယုံကြည်ကြရမည် ဖြစ်လေသည်။

"ငါ့ မညာပါနဲ့ အာချီယားရယ်၊ ငါနဲ့ အတူတူ သွားပြီးမှာကြတဲ့ အရုပ်ပါကွဲ့၊ ငါသိပါတယ်"

"ဟီး...ဟီး...ဟီး... ဆရာ့ကို ညာလို့ မရပေမဲ့ ဒိပြင်လူများကတော့ ဒီအရုပ်ဟာ ဦးစံရှား မှတ်နေကြတယ် ဆရာ"

"အမှုက ဘာအမှုတဲ့လဲဟေ"

"သူဌေး ဦးလူကလေး အိမ်က ခိုးယူသွားတဲ့ ပတ္တမြားမှုပေါ့ဆရာ"

"သြော်...မိုးကုတ်က ချလာပြီး ပြင်သစ်ပြည် တင်ပို့မယ်ဆိုတဲ့ သိန်းထိုက်ပတ္တမြားဟာလား"

"ဟုတ်တယ်ဆရာ...၊ ဦးလူကလေးရော၊ ပုလိပ်မင်းကြီးရော ဆရာကြီးဆီ လာကြတယ်။ ပုလိပ်မင်းကြီးကတော့ သူ့လူများ ရအောင် လုပ်ပေးစေပါမယ်လို့ အာမခံတယ်။ သို့သော် ဦးလူကလေးက မကျေနပ်လေတော့ ပုလိပ်မင်းကြီးကိုပါ ခေါ်ပြီး ဆရာကြီးဆီ လာကြတယ်။ ပုလိပ်မင်းကြီးကတော့ ဟန်ကြီးပန်ကြီး လုပ်တယ် ဆရာ။ ကျွန်တော်တို့ ဆရာကြီးနဲ့တော့ လုံးလုံး စကားပြော မတည့်ဘူး။ ပုလိပ်မင်းကြီးကို မခံချင်တာနဲ့ ဆရာကြီးက သိပ်ပြီး ကြိုးစားနေတယ်။ နေ့ရော ညရော အိပ်တယ်လို့ မရှိဘူး။

"ဒီအရုပ်ကို ခဏ ခဏ မင်းရွှေ့ပေးရတယ် မဟုတ်လား"

"ဟုတ်တယ်ဆရာ၊ လမ်းဟိုဘက်က ဟိုက်ဝန်းမှာ လူဆိုးများနေတယ်လို့ ဆရာကြီးက ထင်လေတော့၊ လေသေနတ်ရန်ကို ကြောက်တဲ့အတွက် ဆရာကြီးက ဒီအရုပ်နဲ့ ထောင်တားတယ်"

"သေနတ်နဲ့များ ပစ်သလား"

mgyoe.com

mgyoe.com


"ပစ်တော့ မပစ်ဘူး ဆရာ၊ လူတစ်ယောက်တော့ ပြတင်းပေါက်က ခဏ ခဏ ချောင်းကြည့်တာ ကျွန်တော် မြင်ရတယ်"

"မင်းဆရာကြီးကော"

"အိမ်ခန်းထဲမှာ ဆရာ"

ထိုခဏ၌ ဦးစံရှားသည် ဆေးတံကို ကိုက်ကာ အိမ်ခန်းတွင်းမှ ထွက်လာ၍ ပြတင်းပေါက်သို့ လျင်မြန်စွာ သွားပြီးလျှင် တံခါးကို ပိတ်ထားလိုက်လေ၏။

ရှား။ ။ ကိုင်း...ဟော့ အာချီယား မီးဖိုချောင်ထဲဝင်ပြီး ထမင်းစားချေဦးတော့၊ ခင်ဗျား ရောက်လာတဲ့အခါ အဆင်သင့်တယ်ဗျာ ကိုသိန်းမောင်"

ကျွန်တော်။ ။ ကျွန်တော်ကလည်း ထင်ပါရဲ့၊ ဘာများ အကြောင်းထူးပြန်သလဲ။

ရှား။ ။ အကြောင်းထူးပုံကတော့ ကျုပ်ကို ဒီကနေ့ညနေ သတ်ဖို့ ကြံစည်ကြလိမ့်မယ်။

ကျွန်တော်။ ။ ခင်ဗျား ရန်သူ ဦးထွန်းဘေ သေပြီဟာပဲဗျ။

ရှား။ ။ ဦးထွန်းဘေက သေပြီးပေမဲ့ စစ်ကိုင်းချောင်မှာတုန်းက တစ်ကြိမ် ကြံစည်တာ ခင်ဗျား အမြင်သားကပဲ၊ သို့သော် ဒီတစ်ခါ အမှုက ဦးထွန်းဘေ တပည့်များ မဟုတ်သေးဘူးဗျ၊ သူတို့ လူစုတော့ ဒီအရပ်နဲ့ မရတော့ဘူး တစ်မျိုး ကြံစည်ရမယ်။ တစ်ခါတော့ တွေ့ကြရဦးမှာပဲ၊ သို့သော် ယခုအမှုက ဦးလူကလေးရဲ့ သိန်းထိုက်ပတ္တမြားမှုဗျ။

ကျွန်တော်။ ။ ဒါထက် အမှုနေပါဦးဗျာ၊ ကျွန်တော် ထမင်း ဆာလှသေးတယ်၊ ဘာများ စားစရာ ရှိသေးသလဲ၊ ခင်ဗျား ထမင်း စားပြီးပြီလား။

ရှား။ ။ ကျုပ်တော့ ထမင်း မစားတာ ၃ နပ်ရှိပြီ။

ကျွန်တော်။ ။ အလို ဘာကြောင့်လဲဗျာ နေမကောင်းလို့လား။

ရှား။ ။ နေမကောင်းလို့ မဟုတ်ဘူးဗျ၊ ဝမ်းဝလျှင် ဉာဏ်ကောင်းကောင်း မထွက်ဘူး။ ဒါကြောင့် ကျုပ်တို့ မြတ်စွာဘုရားဟာ ရဟန်းများနဲ့ ဉပုသ်သည်များကို တရားအားထုတ်နိုင်စေရန် ညစာထမင်း စားခြင်းမှ ရှောင်ကြဉ်စေခြင်းနဲ့ တူရဲ့။

ကျွန်တော်။ ။ ခါတိုင်းတော့ ခင်ဗျား ထမင်းစားပါကလားဗျ။

ရှား။ ။ ဒီအမှုကတော့ ပုလိပ်မင်းကြီးကို မခံချင်လေတော့ အထူးကြိုးစားပြီး စုံထောက်နေရတယ်ဗျ၊ ဒါကြောင့် ထမင်းစားဖို့တောင် အချိန်ကုန်

mgyoe.com

mgyoe.com


မခံနိုင်ဘူး။

ကျွန်တော်။ ။ သိန်းထိုက် ပတ္တမြားက ဘယ်သူ့လက် ရောက်နေသတဲ့လဲဗျ။

ရှား။ ။ ရေနံ့တန်းက ငမှန်ကန်းတဲ့ဗျ၊ နာမည်ရင်းက မောင်မှန် မျက်စိတစ်ဖက် ကန်းလေတော့ ငမှန်ကန်းတဲ့၊ ရှေးက ငမှန်ကန်းနဲ့တော့ လူစွမ်းလူစချင်းတယ်ပြီးကွာလှမယ် မဟုတ်ဘူး။ သူက ကန်းပေမဲ့ အာဂလူဗျ၊ ဂျာမနီက လေသေနတ်ကြီး တစ်လက်ကို တိတ်တိတ်ဝယ်ပြီး သူဖြုတ်လိုက်တာ လူ တော်တော်များနေပြီ။

ကျွန်တော်။ ။ ဒါဖြင့် ဒီလူကို ဘာကြောင့် တစ်ခါတည်း မဖမ်းသေးလဲဗျ။

ရှား။ ။ ဖမ်းတာတော့ လွယ်ပါရဲ့၊ လူကို ဖမ်းလျှင် ပတ္တမြား မရပေဘူး၊ ပတ္တမြား ထားတဲ့နေရာ ကျုပ်က မသိဘူးဗျ။

ကျွန်တော်။ ။ ခုတော့ ဘယ်ပုံလုပ်မလဲဗျ။

ရှား။ ။ ကိုသိန်းမောင် အင်းများမှာ ကြမ်းတိုက်တာ မြင်ဘူးသလား။

ကျွန်တော်။ ။ မမြင်ဘူးပေါင်ဗျာ၊ ဘယ်လိုဟာလဲ။

ရှား။ ။ အင်းတစ်ခုလုံးကို ပတ်ပတ်လည် ရင်းတွေ ချရောဗျ၊ ချပြီး ရင်းတွေ စက်နဲ့ လှည့်ပေးတယ်။ ဒီအခါမှ ရင်းတွေ တဖြည်းဖြည်း ကျဉ်းကျဉ်းပြီး သွားရော၊ နောက်ဆုံး ကျဉ်းလှမကကျဉ်းပြီဆိုတော့မှ ငါးတွေကို ဖမ်းယူတယ်၊ ကျုပ်လည်းပဲ ဒီနည်းပဲ။ လူဆိုးတစ်သင်းကို ရင်းတွေနဲ့ ရစ်ပြီး စက်နဲ့လှည့်လာလိုက်တာ ယခု အတော်ကျဉ်းလာပြီ၊ တော်တော်ကြာလျှင် ဖမ်းရတော့မယ်။

ကျွန်တော်။ ။ ငမှန်ကန်းနဲ့ ခင်ဗျားနဲ့ တွေ့ပြီးပြီလား။

ရှား။ ။ ဒီကနေ့ တစ်မနက်စာလုံး သူ့နောက် တကောက်ကောက်နဲ့ လိုက်ခဲ့ရပါပြီဗျာ။

ကျွန်တော်။ ။ သူက ခင်ဗျားကို မမြင်ဘူးလား။

ရှား။ ။ မြင်တာပေါ့။

ကျွန်တော်။ ။ မြင်တော့ မသိဘူးလား။

ရှား။ ။ ဘယ်ကသိလိမ့်မလဲ၊ ကျုပ်က ကုလားအဘိုးကြီးယောင်ဆောင်လိုက်လို့ ဆလံပေးလိုက်တော့၊ သူက ပိုက်ဆံနှစ်ပြားတောင် ပေးသွားသေးတယ်။

mgyoe.com

mgyoe.com


ကျွန်တော်။ ။ သူက သိလျှင်တော့ ခင်ဗျား ဒုက္ခပဲ။

ရှား။ ။ ဒုက္ခတော့ ထူးပြီး မရောက်ပါဘူးလေ၊ ခုလောက်ရှိလျှင် ဆေးရုံက ရင်ခွဲခန်းထဲ ရောက်နေရုံပေါ့။

ထိုခဏ၌ ကော်ရင်ဂျီ ကုလားကလေး အာချီယားသည် တိုက်ပေါ်သို့ ကပျာကသီ ပြေးတက်လာ၍...

"ငမုန်ကန်း လာပြီ၊ ငမုန်ကန်း လာပြီ"

"ဘယ်မှာလဲ"

"တိုက်ရှေ့ရောက်နေပြီ"

"ဒီလာတာလား"

"ဟုတ်တယ် ဆရာကြီး"

"ကိုင်း... ကိုသိန်းမောင်၊ ခင်ဗျား ရှိရင် ကျုပ်အကြံ ပျက်လိမ့်မယ်၊ ဟောဒီ စာအုပ် ဗီရိုထဲ ဝင်ပုန်းနေဗျာ၊ ကျုပ်လည်း ဌာနကို တယ်လီဖုန်း ဆက်ပြီး စီစဉ် လိုက်ဦးမယ်" ဟု ပြောပြီးနောက်၊ ဦးစံရှားသည် ကျွန်တော့်ကို ဗီရို တစ်လုံးတွင်းသို့ သွင်းထားပြီးမှ ဌာနသို့ တယ်လီဖုန်းနှင့် အကြောင်းကြားလေ၏။ ကျွန်တော်မှာ ဗီရိုသော့ပေါက်မှ ချောင်းကြည့်၍ နားစွင့်ကာ ရှိနေလေ၏။

ရှား။ ။ ဘယ်နှယောက်လဲဟေ့။

ယား။ ။ နှစ်ယောက် ဆရာကြီး။

ရှား။ ။ တစ်ယောက် ထွားထွားဝဝကြီး မဟုတ်လား။

ယား။ ။ ဟုတ်တယ် ဆရာကြီး။

ရှား။ ။ လက်ဇွေ့သမား မိုက်ခဲပဲဟေ့၊ ဒီကောင်က ငမုန်ကန်းရဲ့ သက်တော်စောင့်ပဲ၊ ငါက အိမ်ခန်းထဲ ဝင်နေမယ်၊ မင်းက ဒီနေရာမှာ ထိုင်စောင့်လို့ ပြောထားလိုက် ကြားလား။

ယား။ ။ ကောင်းပါပြီ ဆရာကြီး။

ရှား။ ။ သူ့ကို နေရာပေးခဲ့ပြီး မင်းအပြင်က စောင့်နေ ကြားလား။

ယား။ ။ ကောင်းပြီ ဆရာကြီး။

၎င်းနောက် တံခါးကို အပြင်မှ ခေါက်သံ ကြားသည်နှင့် တစ်ပြိုင်နက် ဦးစံရှားသည် အိမ်ခန်းတွင်းသို့ ဝင်သွား၍ အာချီယားသည် တံခါးကို ဖွင့်ပေးပြီးလျှင် မျက်စိ တစ်ဖက်လပ်သော လူတစ်ယောက်သည် ကျွန်တော် ပုန်းနေသော ဗီရိုရှေ့တည့်တည့်၌ ရှိသော ကုလားထိုင်တွင် ထိုင်လေ၏။

mgyoe.com

mgyoe.com


အဲချီယားသည် ထိုသူကို နေရာပေးပြီးနောက် အပြင်သို့ ထွက်သွားလေရာ ထိုသူသည် ကုလားထိုင်ပေါ်၌ ထိုင်ရင်း တောင်မြောက်လေးပါးကို ကြည့်ရှုသည်တွင် ပြတင်းပေါက် အနီးတွင် စာဖတ်နေဟန်နှင့် ထိုင်နေသော ဦးစံရှား၏ ရုပ်ပုံကို မြင်သည်နှင့် တစ်ပြိုင်နက် လက်၌ ကိုင်ထားသော ဓာဝိတုတ်ကြီးကိုယူလျက် ခြေဖျားထောက်ကာ သွားလေ၏။ ငမှန်ကန်းသည် အရုပ်အနီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် တုတ်ကို မြှောက်၍ ဦးခေါင်းကို ရိုက်တော့မည် အပြုတွင် ဦးစံရှား အစစ်သည် အိမ်ခန်းမှ ထွက်လာ၍ "ဟေ့လူ မလုပ်ပါနဲ့လေ၊ ငွေ ၃၀၀ တောင် ပေးပြီး လုပ်ထားရတဲ့ အရုပ်ပါ၊ မတော်များ ပျက်စီးသွားပါ့မယ်" ဟု ရယ်မောကာ ပြောလိုက်လေ၏။

ထိုအခါ ငမှန်ကန်းသည် အလွန်တရာ အံ့သြလှသော အမူအရာနှင့် ဦးစံရှား၏ ဘက်သို့ ရုတ်တရက် လှည့်ကြည့်၍ အရုပ်ကို ရိုက်မည်ဟု မြှောက်ထားသော တုတ်ဖြင့် ဦးစံရှားအား ရိုက်တော့မည်ကဲ့သို့ ပြုလေရာ ဦးစံရှား၏ ကြောက်ရွံ့ခြင်းကင်း၍ တည်ငြိမ်သော မျက်နှာထားနှင့် ပြုံးရွှင်သော မျက်လုံးများကို မြင်သောအခါမှ မရိုက်ဝံ့ဘဲ မြှောက်ထားသော လက်ကို ချထားလိုက်၏။ ဦးစံရှားသည် ရန်သူများနှင့် ရင်ဆိုင်တွေ့ရသောအခါတွင် မတုန်မလှုပ် မထိမဲ့မြင်ရှိသော အမူအရာကို ပြခြင်းအားဖြင့် များစွာသော ရန်သူများသည် ရန်မူရန် မဝံ့ရှိခဲ့ကြလေသည်။

ရှား။ ။ မလုပ်ပါနဲ့ဗျာ၊ ခင်ဗျားတို့ လေသေနတ်က ဂျာမနီမှာ မှာလို့ရသေးတယ်၊ ကျုပ်အရုပ်က အင်မတန် ခဲယဉ်းပါတယ်၊ တော်တော်နဲ့ လုပ်လို့မရနိုင်ပါဘူး။

ကန်း။ ။ ဘယ်က လေသေနတ်လဲ။

ရှား။ ။ ခင်ဗျား တုတ်ကို နေရာတကျ ထားစမ်းပါဦးလေ၊ ထိုင်စမ်းပါဦး ခင်ဗျားနဲ့ ကျုပ် စကားကလေး ပြောစရာ ရှိပါတယ်။

ကန်း။ ။ ကျုပ်ကလည်း ခင်ဗျားနဲ့ တွေ့ချင်လို့ လာတာပဲ၊ ခင်ဗျားခေါင်းကို ကျုပ် ရိုက်ခွဲချင်တယ်။

ရှား။ ။ (စားပွဲပေါ်တွင် ခြေတွဲလဲချကာ ထိုင်၍ ရယ်မောလျက်) သိပါတယ်၊ ကျုပ်ကို ခင်ဗျားတို့ ဂရုစိုက်ကြောင်း သိပါတယ်၊ သို့သော် ဘယ်အတွက်ကြောင့်လဲဗျ။

ကန်း။ ။ ခင်ဗျားကကော ကျုပ်ကို ဘယ့်နှယ်ကြောင့် နှောင့်ယှက်သလဲ၊

mgyoe.com

mgyoe.com


ကျုပ်နောက်ကို ဘယ်အတွက်ကြောင့် သူလျှိုတွေ တကောက်ကောက် လိုက်စေသလဲ။

ရှား။ ။ မလွှတ်ရပါကလားဗျာ။

ကန်း။ ။ မညာပါနဲ့ဗျာ၊ ခင်ဗျားလည်း လူပါး၊ ကျုပ်လည်း လူပါးပါဗျ။

ရှား။ ။ ခင်ဗျားကို ကျုပ် မလိမ်ပါဘူး၊ သူလျှိုလွှတ်ရင် လွှတ်တယ် ပြောမှာပေါ့။

ကန်း။ ။ မညာစမ်းပါနဲ့ ဦးစံရှားရယ်၊ ဟိုနေ့က တရုတ်တစ်ယောက်၊ မနေ့က ကုလားအဘိုးကြီးတစ်ယောက်၊ ကျုပ်နောက်ကို တကောက်ကောက်နဲ့ တစ်နေ့လုံး လိုက်နေတာပဲ။

ရှား။ ။ ခင်ဗျား အထင်လွဲလို့ပါ၊ ကျုပ်က လွှတ်လိုက်တဲ့ လူတွေ မဟုတ်ပါဘူး၊ ကျုပ် ကိုယ်တိုင်ပါပဲ။

ကန်း။ ။ အလိုလေးဗျာ အထင်လွဲလိုက်လေ၊ ဒီလိုမှန်း သိရင်...။

ရှား။ ။ ဒီအိမ်ကို ကျုပ်ပြန်မရောက်စေရဘူးလို့ ခင်ဗျားဆိုချင်သလား၊ ဒီလိုပလေ... လူဆိုတာ အထင်လွဲတဲ့အခါ လွဲကြတာပေါ့။ ဒါကြောင့် ကျုပ်မှာ ဒီလောက် အသက်ရှည်တာပေါ့။

ကန်း။ ။ နေစမ်းပါဦး၊ ခင်ဗျား ကျုပ်နောက်ကို လိုက်တာ ဘယ်အတွက်ကြောင့်လဲ။

ရှား။ ။ မုဆိုးများဟာ ကျားနောက်ကို ချောင်းပြီးလိုက်တာ ဘယ်အတွက်ကြောင့်လဲ။

ကန်း။ ။ ဆုငွေကိုလည်း လိုချင်လို့၊ ဘေးအန္တရာယ်နောက်ကို လိုက်ရတာလည်း ပျော်လို့ ဒီလိုလား။

ရှား။ ။ ဟုတ်ကဲ့၊ ပြီးတော့လည်း ဒိပြင်လူများကို ကျားတည်းဟူသော အန္တရာယ်မှ လွတ်ကင်းအောင် သုတ်သင်ဖို့ ဒီလိုကိုးဗျ။

ငမှန်ကန်းလည်း အမျက်ပြင်းစွာထွက်သော အမူအရာနှင့် ထိုင်ရာမှ ရုတ်တရက် ထ၍ တုတ်ကို ကိုင်လေရာ၊ ဦးစံရှားကမူ အင်္ကျီအိတ် အတွင်း၌ လက်ကို နှိုက်ထားလေ၏။ ထိုအင်္ကျီအိတ်အတွင်း၌ ခြောက်လုံးပြူး သေနတ်ရှိကြောင်းမှာမူကား ကျွန်တော် သိပြီးဖြစ်လေသည်။

ရှား။ ။ (ခပ်အေးအေး အမူအရာနှင့်) ကိုင်းပါလေ... ဒီလို ပြူးတူးပြဲတဲ့ မလုပ်စမ်းပါနဲ့၊ ဒီအပြင် အကြောင်းတစ်ရပ်လည်း ရှိပါသေးတယ်၊ ဘာလဲဆိုတော့

mgyoe.com

mgyoe.com


ခင်ဗျား လက်တွင်းမှာရှိတဲ့ သိန်းထိုက် ပတ္တမြားကို ကျုပ်လိုချင်တဲ့ အကြောင်းပဲ။

ကန်း။ ။(ရှုံ့မဲ့လျက်) တော်ပါပေ့ဗျာ။

ရှား။ ။ဒီအကြောင်းကြောင့် ခင်ဗျား နောက်ကို ကျုပ် လိုက်တယ် ဆိုတာလည်း ရိပ်မိပြီပဲ။ ဒါကြောင့်လည်း ခင်ဗျား ကျုပ်ဆီကို ယခု လာတယ် မဟုတ်ဘူးလား။ ဒီကိစ္စမှာ ကျုပ် ဘယ်လောက် သိတယ်ဆိုတာ၊ ခင်ဗျားက သေသေချာချာ စုံစမ်းချင်တယ် မဟုတ်လား၊ အကယ်၍ ကျုပ်က အလုံးစုံ သိပြီး ဆိုလျှင် ခင်ဗျားတို့က ကျုပ်ကို ဖြုတ်ကြမယ် မဟုတ်လား။ ဖြုတ်ချင်လည်း ဖြုတ် ကြတော့၊ ကျုပ်ကတော့ဖြင့် အလုံးစုံ သိပြီးပဲ။ ကျုပ် မသိသေးတာ တစ်ချက်ပဲ ကျန်တော့တယ်။ ဒီအချက်လည်း ခင်ဗျားကို ယခု ပြောရတော့မှာပဲ။

ကန်း။ ။အလို... တယ်လာတဲ့ လူပါကလား၊ ကျုပ် ပြောအောင် ခင်ဗျား က တတ်နိုင်တယ်ပေါ့လေ၊ ဘယ်အချက်ဟာတဲ့တုံးဗျာ... ပြောစမ်းပါဦး။

ရှား။ ။သိန်းထိုက် ပတ္တမြားကို ဘယ်နေရာမှာ ဝှက်ထားတယ်ဆိုတဲ့ အချက်ပါပဲဗျာ။

ကန်း။ ။(ရယ်မောလျက်) သြော်... သြော်... ခင်ဗျားက ဒီအချက်ကို သိချင်တယ် ဟုတ်စ၊ ကျုပ် ကိုယ်တိုင်ကမှ မသိရဘဲနဲ့ ဘယ့်နှယ်လုပ်ပြီး ခင်ဗျားကို ပြောနိုင်မလဲဗျာ့။

ရှား။ ။ပြောနိုင်တယ်၊ ပြောလည်း ပြောရမယ်။

ကန်း။ ။အလိုလေးဗျာ တကယ့် လူပါကလား။

ရှား။ ။(ထိုသူအား စေ့စေ့ကြည့်လျက်) ကျုပ်ကို ဖြန်းမနေစမ်းပါနဲ့ ကိုမှန်၊ ဖန်များကို ဖောက်ထွင်းပြီး မြင်နိုင်သလို၊ ခင်ဗျားစိတ်ကို ကျုပ် ဖောက်ထွင်း ပြီး မြင်နိုင်ပါတယ်။

ကန်း။ ။ဒါဖြင့် ပတ္တမြားကို ဘယ်နေရာမှာ ဝှက်ထားတယ်ဆိုတာ ခင်ဗျား သိမှာပေါ့။

ရှား။ ။(ရယ်မောကာဖြင့်) ဟော...မိပြီ၊ ပတ္တမြားကို ခင်ဗျား ဝှက်ထား ကြောင်း ဝန်ခံနေပြီ။

ကန်း။ ။ကျုပ်က ဘာမှ ဝန်မခံဘူး။

ရှား။ ။ကိုမှန်... ကိုမှန် ကျုပ်အကြောင်းကို ခင်ဗျား ကြားဖူးသားနဲ့၊ ဘယ့်နှယ်ကြောင့် ကိုယ့်ကိုယ်ကိုယ် ဘေးသင့်အောင် လုပ်နေရသလဲ ဆရာရယ်၊ ပြောရင် ပြောဗျ၊ မပြောလျှင် ခင်ဗျား ဒုက္ခရောက်သွားမယ်။

mgyoe.com

ကန်း။ ။ ဖြန်းတော့ဖြင့် သူကဖြန်းပြီး၊ သူများကို ဖြန်းသလေးဘာလေးနဲ့ စွပ်စွဲနေသေးတယ်၊ တကယ့်လူပဲ။

ထိုအခါ ဦးစံရှားသည် စားပွဲအံဆွဲမှ မှတ်စုစာအုပ်ကလေးတစ်အုပ်ကို ထုတ်ယူ၍ ငမှန်ကန်းအား ပြပြီးလျှင်

ရှား။ ။ ဒီစာအုပ်ထဲမှာ ဘာတွေ မှတ်ထားလဲ၊ ခင်ဗျား သိရဲ့လား။

ကန်း။ ။ ဘယ်သိမလဲ။

ရှား။ ။ ခင်ဗျားအကြောင်းတွေ မှတ်ထားတယ်။

ကန်း။ ။ အလိုဗျာ။

ရှား။ ။ မယုံဘူးလား၊ ခင်ဗျား တစ်သက်လုံး ပြုကျင့်ခဲ့သမျှ ကျူးလွန်ခဲ့သမျှတွေ ကျုပ် မှတ်ထားတယ်။

ကန်း။ ။ တော်တော်လည်း ဖြီးတဲ့လူဗျာ။

ရှား။ ။ ခင်ဗျား ပထမ မယားကြီး မသန်းမေဟာ လေနာရောဂါနဲ့ သေခြင်း မဟုတ်။ ခင်ဗျား လက်ချက်နဲ့ သေကြောင်း၊ သူ့ပစ္စည်းများကို အနီထောင် ဝိုင်းမှာ ခင်ဗျား ဖြုန်းတီးပစ်ကြောင်းများပါတယ်။

ကန်း။ ။ ဒီလူ အိပ်မက်မက်နေတယ် ထင်တယ်။

ရှား။ ။ ခင်ဗျား သားကလေးကို အသက်အာမခံထားပြီး၊ အသက်အာမခံ ကုမ္ပဏီကငွေကို ရအောင် ခင်ဗျား ကြံစည်ပုံတွေ...။

ကန်း။ ။ ခင်ဗျားတတ်နိုင်လျှင် သတင်းပေးလိုက်ပါလား။

ရှား။ ။ ဒီပြင်လည်း တောင်ငူနဲ့ ရမည်းသင်း အကြားမှာ ဒုတိယတန်း ခရီးသည် တစ်ယောက်ကို မီးရထားပေါ်မှာ ဓားပြတိုက်ပုံတွေ၊ ချာတာဘဏ်တိုက်က လက်မှတ်လိမ်ပြီး ငွေထုတ်ပုံတွေ...

ကန်း။ ။ ဒါတော့ ခင်ဗျား လွဲပြီ။

ရှား။ ။ ဒါဖြင့် ဒီပြင်ဟာတွေ မှန်တာပေါ့၊ ခင်ဗျားလည်း အညာသားပဲ၊ သုံးပုံဖဲ ရိုက်တတ်တယ် မဟုတ်လား၊ တစ်ယောက်လူမှာ လေးဘက်တီပါ မင်္ဂလာ ပါနေလျှင် အကျယ်ပေးလိုက်ရတယ် မဟုတ်ဘူးလား၊ အခုလည်း ကျုပ်ကို အကျယ် မပေးချင်သေးဘူးလား။

ကန်း။ ။ ဒီဟာနဲ့ သိန်းထိုက် ပတ္တမြားနဲ့ ဘာဆိုင်လို့လဲ ဆရာကြီးရယ်။

ရှား။ ။ ဒီပတ္တမြားမှုမှာလည်း ခင်ဗျားနဲ့ ခင်ဗျာ့ တပည့်ကျော် လက်ဖွေ့ သမား မိုက်ခဲတို့အပေါ်မှာ အမှုထင်ရှားနေပြီဗျ။

mgyoe.com

mgyoe.com


ကန်း။ ။ အလိုဗျာ။

ရှား။ ။ ခင်ဗျားတို့နှစ်ယောက် ဟိုညက တက္ကစီငှားပြီး သွားကြပုံ၊ ပတ္တမြား ရတော့ စမ်းချောင်းမှာ တိတ်တိတ် သွေးကြပုံ၊ ကျောက်သွေးသမားရော တက္ကစီသမားရော၊ ကျုပ် ထောက်လှမ်းပြီးပြီဗျ၊ ဒီတော့ ကွယ်လားဝှက်လား လုပ်မနေပါနဲ့တော့ဗျာ...၊ ဖြောင့်ချက်ပေးလိုက်ပါတော့။

ထိုအခါ ငမှန်ကန်းသည် ဦးစံရှားအား မျက်လုံးပြူးကာ ကြည့်၍ တစ်စုံတစ်ရာ ပြုမည့် အနေဖြင့် ဟန်ပြင်ပြီးမှ မပြုဝံ့ဘဲ ထိုင်နေလေ၏။ ဦးစံရှားက ဆက်လက်၍...

ရှား။ ။ ကျုပ် အကုန်သိပြီးပါပြီ ကိုမှန်ရဲ့၊ ဒီတော့ကာ ပတ္တမြားကို ဘယ်နေရာမှာ ဝှက်ထားတယ်ဆိုတာကိုသာ ပြောပါတော့ဗျာ။

ကန်း။ ။ ဘယ်တော့မှ မပြောဘူး။

ရှား။ ။ စဉ်းစားပါဦးလေ... ဒီလို ရှိတယ်ဗျ၊ ပတ္တမြား ပြန်ပေးလို့ရှိလျှင် ဒီအမှုအတွက်ရော ရှေ့ကအမှုတွေအတွက်ရော ကျုပ် အရေးမယူဘူး၊ မပေးခဲ့လို့ ရှိလျှင် အနည်းဆုံး နှစ်ပေါင်း နှစ်ဆယ်ကျော် တစ်ကျွန်းကြွပေတော့။ ခင်ဗျားလည်း အသက် လေးဆယ်ကျော်ပြီ၊ အဘိုးကြီးအိုဖြစ်မှ တစ်ကျွန်းက ပြန်လာရတော့၊ ဒီပတ္တမြားကို ဘာများ အသုံးချဦးမှာလဲ။ ကျုပ် အလုပ်က ပတ္တမြားကို ပြန်ရအောင် လုပ်ဖို့သာ တာဝန်ရှိတယ်။ ခင်ဗျားကို ဖမ်းဖို့ တာဝန် မရှိဘူး။ ဒီတော့ကာ နောင်ကို ခင်ဗျား ကောင်းကောင်းနေလို့ရှိလျှင် ကျုပ်က ဘာမှ အနှောင့်အယှက် မပေးဘူး၊ ပတ္တမြားကိုသာ ပြန်ပေးပါ၊ ဘယ့်နှယ်လဲ...။

ကန်း။ ။ မပေးရင်ကောဗျာ။

ရှား။ ။ မပေးရင်တော့၊ ပတ္တမြား အသာထားပြီး လူကို ဖမ်းရတော့မှာပဲ။

ထိုခဏ၌ ဦးစံရှားသည် ခေါင်းလောင်းကလေးကို နှိပ်လိုက်သဖြင့် ဂေါ်ရင်ဂျီ ကုလားကလေး အာချီယားသည် အခန်းတွင်းသို့ ဝင်လာလေ၏။

ရှား။ ။ ဘယ့်နှယ်လဲ ကိုမှန်၊ ခင်ဗျားလူ မိုက်ခဲကို တိုင်ပင်ချင်သေးလား၊ တိုင်ပင်ရင် ကောင်းလိမ့်မယ်ထင်တယ်၊ ဟော့... အာချီယား တိုက်အောက်မှာ စောင့်နေတဲ့ လူ မြင့်မြင့်မည်းမည်းကို သွားခေါ်ချေကွယ်။

ယား။ ။ သူက မလာဘူးဆိုရင်ကော ဆရာကြီး။

ရှား။ ။ ချော့ချော့မော့မော့ ခေါ်ပါကွယ်...ငါ့လူ၊ ကြမ်းကြမ်းတမ်းတမ်း

mgyoe.com

mgyee.com


မလုပ်လိုက်ပါနဲ့၊ ဒီက ဦးမှန်က ခေါ်တယ်လို့ပြောရင် သူလာပါလိမ့်မယ်။

အာချီယား ဆင်းသွားသောအခါ

ရှား။ ။ ခုနင်ကပဲ ကျုပ်မိတ်ဆွေ ကိုသိန်းမောင်ကို ငါးဖမ်းတာနဲ့ ဥပမာပြုပြီး ခင်ဗျားတို့ အကြောင်းကို ပြောခဲ့သေးတယ်၊ ခင်ဗျားက ငါးရွေးကြီး၊ အောက်က လူက ငါးမန်းကြီး၊ တစ်ခါဖြင့် မိကြပေတော့မယ်။

ငမှန်ကန်းလည်း ထိုင်ရာမှ ထပြန်လေရာ ဦးစံရှားသည် ခြောက်လုံးပြူးနှင့် အိတ်ထဲမှ ချိန်ထားလေ၏။ ထိုအခြင်းအရာကို ငမှန်ကန်း ရိပ်မိ၍ တစ်ဖန် ထိုင်ပြီးမှ...

ကန်း။ ။ ခင်ဗျား တစ်ယောက်ဟာ သေခြင်းဆိုးနဲ့ သေမယ့်လူပဲ။

ရှား။ ။ ကျုပ်လည်း တွေးမိပါရဲ့၊ ဘယ်နည်းနဲ့ သေသေ မထူးလှပါဘူးဗျာ၊ သေရမှာ အတူတူပါပဲ၊ သို့သော် ခင်ဗျားတော့ ကြိုးတန်းလန်းနဲ့ သေပုံရတယ်။

ထိုအခါ ငမှန်ကန်းလည်း ထမည်ပြုပြန်လေရာ၊ ဦးစံရှား၏ မျက်လုံးကို မြင်သဖြင့် တစ်ဖန် ထိုင်ပြန်လေ၏။ ထိုခဏ၌ မည်းမည်းတုတ်တုတ်နှင့် အရပ်မြင့်မားသော လူတစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာ၍ ထိုသူနှစ်ယောက်တို့အား စေ့စေ့ကြည့်လေရာ၊ ဦးစံရှား၏ ပြုံးစိစိရှိသော မျက်နှာကို မြင်သဖြင့် မျက်မှောင်ကြုတ်လျက်...

ခဲ။ ။ ဘာလဲ ဆရာ ဒီအကောင်က ဘာပြောင်ဖြီးဖြီး လုပ်နေတာလဲ ဟု မေးသော်လည်း ငမှန်ကန်းက ဘာမှ ပြန်မပြောဘဲ ရှိနေလေ၏။

ရှား။ ။ ဟေ့ မိုက်ခဲ ဒီတစ်ခါတော့ မင်းတို့ မိုက်စတုံးပြီကွဲ့။

ခဲ။ ။ (ဦးစံရှားအား မကြည့်ဘဲ ငမှန်ကန်းကိုသာ ကြည့်လျက်) ဒီငနဲက ဘာများ ရှတ်ရှတ်တွတ်တွတ် လုပ်နေတာလဲ ဆရာ။

ရှား။ ။ ငါက ရှုတ်တာ မဟုတ်ဘူးကွဲ့ မိုက်ခဲ၊ ငါက အလုပ် ရှုပ်တဲ့လူဖြစ်တယ်။ ရှုတ်နေဖို့ အချိန်မရှိဘူး၊ ဝါသနာလည်း ငါမရှိဘူး၊ ကိုင်း... ကိုမှန် ခင်ဗျားတို့ ဆရာတပည့်နှစ်ယောက် တိုင်ပင်ကြပေဦးတော့။ ငါးမိနစ်လောက်ကလေး အိမ်ခန်းထဲ ဝင်ပြီး ကျုပ် တယောထိုးစမ်းချေဦးမယ်၊ ငါးမိနစ်ကြာတဲ့ အခါမှာ ကျုပ်ပြန်လာတော့ စကားပြန်ကြပေတော့။ ပတ္တမြားကို ပြန်အပ်မလား၊ လူကို အဖမ်းခံမလား စဉ်းစားကြပေတော့ ဟု ပြောပြီးနောက် ဦးစံရှားသည် တယောကို ကောက်ယူပြီးလျှင် အခန်းတွင်းသို့ ဝင်သွား၍ တံခါးကို ပိတ်ထားလိုက်လေ၏။ တစ်ခဏမျှကြာလျှင် တယောသံသည် တစ်ခန်းလုံး ဆူညံလျက်ရှိလေ၏။

mgyee.com

mgyoe.com

ထိုအတောအတွင်း ငမှန်ကန်းနှင့် မိုက်ခဲတို့သည် တိုင်ပင်ကြလေ၏။

ခဲ။ ။ ဘယ့်နှယ်လဲ ဆရာ၊ ပတ္တမြားအကြောင်းကို ဒီငနဲသိသလား။

ကန်း။ ။ သိတာမှ ကုန်ရောမောင် ဘာမှ မကျန်ဘူး။

ခဲ။ ။ ကျောက်သွေးတဲ့ အကောင်က ဖော်ပြောတယ် ထင်တယ်။

ကန်း။ ။ ကျောက်သွေးတဲ့ အကောင်ရော မော်တော်ကား မောင်းတဲ့ အကောင်ရော။

ခဲ။ ။ ဒါကြောင့် ကျုပ်ပြောသားပဲဗျာ၊ ဟိုတုန်းက လည်ကုပ်ကို လိမ်ချိုးလိုက်ရင် အကောင်းသား၊ ဆရာ ဖျက်တာနဲ့ ချမ်းသာပေးလိုက်မိတယ်။

ကန်း။ ။ လွန်ပြီးတာတွေ ပြောမနေနဲ့တော့ကွယ်၊ အခု ဘယ့်နှယ် လုပ်ကြမလဲ။

ခဲ။ ။ အထဲက ဟိုငနဲ ချောင်းများ နားထောင်နေမလား၊ သူက တော်တော် ပါးတဲ့လူပဲ။

ကန်း။ ။ ပါးတယ်မှ ပြောပလေ၊ ဦးစံရှားဆိုတာ သူပဲမောင်၊ သို့သော် သူ့ တယောသံနဲ့ သူ ဆူနေပါတယ်ကွဲ့၊ ငါတို့ပြောတာ သူမကြားနိုင်ပါဘူး။

ခဲ။ ။ ဗီရိုတွေကလည်း ပြည့်နေရောပါကလား၊ ဗီရိုထဲမှာ လူများ ပုန်းနေမလား။

ကန်း။ ။ ကြံကြံဖန်ဖန်ကွယ်၊ စာအုပ်ဗီရိုတွေပါကွဲ့။

ခဲ။ ။ ဟောဟိုဟာက ဘာလဲ ဦးစံရှား မဟုတ်လား။

ကန်း။ ။ မဟုတ်ပါဘူးကွယ်၊ သူ့နဲ့ တူအောင် လုပ်ထားတဲ့ ဖယောင်းရုပ်ပါ၊ ဒါထက် ဒီလိုကွဲ့ ဒီပတ္တမြားကို ပြန်အပ်ရင် ငါတို့ကို ချမ်းသာပေးမယ်တဲ့ ပြန်မအပ်ရင် ဖမ်းပြီး တစ်ကျွန်း ပို့စေမယ်တဲ့၊ ဘယ့်နှယ်လဲ။

ခဲ။ ။ ငွေ တစ်သိန်းတောင် တန်တဲ့ ပတ္တမြားကြီးကို ဘယ့်နှယ် ပြန်ပေးနိုင်မလဲ ဆရာ။

ကန်း။ ။ ပြန်မပေးရင် တစ်ကျွန်းကို မင်းသွားမလား။

ခဲ။ ။ (ခေါင်းကို ကုတ်လျက်) အခန်းထဲမှာ သူတစ်ယောက်တည်း မဟုတ်လား၊ သူ့ကို ဖြုတ်လိုက်ကြစို့လေ ဘယ့်နှယ်လဲ။

ကန်း။ ။ သူ့မှာ ခြောက်လုံးပြူးလည်း ရှိတယ်၊ မျက်စိလည်း ရှင်တယ်၊ မရဘူး မောင်၊ ငါ ကြံတာ ဘယ်နခါရှိပြီလဲ။ အောင်ကို မအောင်လို့ နေရတယ် မောင်။

mgyoe.com

mgyoe.com


ခဲ။ ။ အောက်က ဆူဆူညံညံနဲ့ လူသံတွေ ကြားပါတယ် ဘာလဲ ဆရာ။

ကန်း။ ။ အလကားကွယ်၊ ကိုင်း... အချိန်ကုန်တယ်ဟေ့၊ တော်တော်ကြာ သူ ထွက်လာရင် စကားပြန်ရလိမ့်မယ်။ ပြန်ပေးမလား တစ်ကျွန်းသွားမလား၊ ဘယ့်နှယ်လဲ။

ခဲ။ ။ ဒီနေရာမျိုးက ဆရာနဲ့ ဆိုင်တယ်၊ ကျုပ်ကတော့ လုပ်ဆိုလုပ်မှာပဲ ဉာဏ်တော့ မထုတ်တတ်ဘူး။

ကန်း။ ။ အသာနေပါကွယ်၊ ငါ အကြံထုတ်ပါ့မယ်။ သူ့ထက် မကတဲ့ လူတွေတောင် ငါနှပ်ပြီးလာတာ အံ့ခွနေပါပြီ။ ပတ္တမြားကို ငါ့အိတ်ထဲက ဘယ်မှာမှ မချဘူး။ ဟောဒီမှာ ပါတယ်။ ဒီဟာကို (အာရန်ကိုလာ) သင်္ဘောနဲ့ ဘင်္ဂလား ပို့လိုက်မယ်၊ စိတ်သာချ။

ခဲ။ ။ ဘယ်သူ့ လွှတ်မလဲ ဆရာ။

ကန်း။ ။ မူတူး လွှတ်လိုက်မယ်၊ မူတူးကို မင့်လူမသိဘူး အသာနေ။

ခဲ။ ။ ပတ္တမြားထည့်ဖို့ အန်လိမ်သေတ္တာက မပြီးသေးဘူးဆို။

ကန်း။ ။ မပြီးချင်နေ၊ ဒီလိုပဲ ဝှက်ယူသွားလိမ့်မပေါ့ကွယ်။ မင်းဖြစ်စေ ငါဖြစ်စေ၊ မူတူးဆီကို ပတ္တမြား ရောက်အောင် ပို့ရလိမ့်မယ်။

ခဲ။ ။ ဒီငနဲကို ဘယ့်နှယ် ပြောမလဲ။

ကန်း။ ။ ပတ္တမြားကို ပြန်ပေးပါမယ်လို့ ကတိထားပြီး တော်အောင်လျော်အောင် အချိန်ဆွဲ ထားတာပေါ့ကွယ်။

ကန်း။ ။ မင်းက မူတူးဆီ သွားချေ။ ငါက ဒီလူကို မလိမ့်တပတ်နဲ့ နှပ်ပြီးထားမယ်၊ ဘယ့်နှယ်လဲကွယ်၊ ဒီလူ့ တယောသံနှယ် နားငြီးလိုက်တာ လွန်ပါရော။ ကိုင်း...ရော့ ဟောဒီ ပတ္တမြား၊ ဒီအနားတိုးပါကွဲ့၊ သော့ပေါက်က သူချောင်းကြည့်ရင် မြင်သွားလိမ့်မယ်။

ခဲ။ ။ ပြစမ်းပါ ဆရာ ကြည့်ရအောင်။

ကန်း။ ။ လာ လာ ကြည့်ချင်ရင် ပြတင်းပေါက်နားလာခဲ့၊ ဘယ်လောက်များ အရည်ကောင်းတယ်ဆိုတာ နေရောင်မှာ ငါ ပြချင်တယ်၊ လာစမ်းကြည့်လှည့်။

ထိုသူ နှစ်ယောက်တို့သည် ပြတင်းပေါက် အနီးသို့သွား၍ ပတ္တမြားကို နေရောင်ထောင်ကာ ကြည့်နေကြစဉ် စားပွဲထိုင်နေသော အရုပ်သည် ဦးစံရှားဖြစ်၍

mgyoe.com

mgyoe.com


ပတ္တမြားကို ရတ်တရက် လုယူပြီးလျှင် ထိုသူနှစ်ယောက်တို့အား ခြောက်လုံးပြူး နှင့် ချိန်ရွယ်ကာ ရှိနေလေ၏။

ရှား။ ။ ငြိမ်ငြိမ်နေကြနော် မလှုပ်ကြနဲ့ ပစ်လိုက်မယ်။ ဟေ့ မိုက်ခဲ မင်း လက်မြှောက်လိုက် အေးဟုတ်ပြီ၊ မင်းတို့ ခုခံပေမဲ့ အပိုပဲ၊ အောက်မှာ ပုလိပ်တွေ ရောက်နေပြီ။

ကန်း။ ။ ဘယ့်နှယ်လူလဲ ခင်ဗျား၊ အခု အရုပ်ဖြစ်လိုက်၊ တော်တော်ကြာ လူဖြစ်လိုက်၊ ဘယ့်နှယ်လူလဲ။

ရှား။ ။ ခုနင်က အရုပ်က ဟောဒီ ရောက်နေပြီမြင်လား၊ ခင်ဗျားတို့ စကားကောင်းနေတုန်းမှာ ကျုပ်က ဟိုဘက်အခန်းက ကူးပြီး အရုပ်နေရာမှာ ကျုပ် ဝင်ထိုင်နေတယ်၊ ဟောတာက အရုပ်၊ ဟောတာက ကျုပ်ဗျာ မြင်ကြလား။

ကန်း။ ။ အခန်းထဲက တယောသံကကော။

ရှား။ ။ တယောသံကတော့ ကျုပ် ထိုးတာ မဟုတ်ဘူး၊ ဓာတ်စက် ဖွင့်ထားတာဖြစ်တယ်။ ခင်ဗျားတို့က စကားကောင်းနေလေတော့ ဓာတ်စက်သံမှန်း မသိ တယောသံမှန်းမသိ ဖြစ်နေကြတာကိုးဗျ။

ကန်း။ ။ တော်လည်းတော်တဲ့ လူပါပေဗျာ၊ ကြံ့လည်းမကြံ့ဖူးပါပေဘူး။

ထိုခဏ၌ အာချီယားသည် ပုလိပ်အရာရှိများနှင့် အတူ တိုက်ပေါ်သို့ တက် လာရာ အခန်းတွင်းသို့ ဝင်လာကြလေရာ၊ ကျွန်တော်လည်း ဗီရိုအတွင်းမှ ထွက် လာလေ၏။

ခဲ။ ။ (ကျွန်တော်ကို မြင်သောအခါ) ဒါကြောင့် ကျုပ်မပြောဘူးလား၊ ဗီရိုထဲမှာ လူရှိပါတယ်လို့ ကျုပ်ပြောသေးတယ် မဟုတ်လား။

ရှား။ ။ ဟိုတုန်းက ဗီရိုကို ဖွင့်ကြည့်လျှင် ကိုသိန်းမောင်တော့ ခပ်ခက် ခက်ပဲဗျို့။

ကျွန်တော်။ ။ သဗ္ဗေသတ္တာ ကမ္မသကာပေါ့လေဗျာ။

ငင်းနောက် ဌာနာအုပ်နှင့် ပုလိပ်များသည် တရားခံ နှစ်ယောက်ကို ဌာနာ သို့ ဖမ်းခေါ်သွားကြလေရာ၊ ကျွန်တော်နှင့် ဦးစံရှားတို့သည် ထိုအမှုအကြောင်း ကိုပင် ဆက်လက် တိုင်ပင်ကာ ရှိနေကြစဉ်၊ အာချီယားက "ပုလိပ်မင်းကြီးလာပြီ၊ ပုလိပ်မင်းကြီး လာပြီ" ဟု ပျာယီးပျာယာနှင့် ပြေးလာပြောဆိုလေ၏။

ပုလိပ်မင်းကြီးလည်း အခန်းတွင်းသို့ ဝင်လာသောအခါ၌ ၎င်း၏ မျက်နှာ

mgyoe.com

mgyoe.com


ထားမှာ ဦးစံရှားကဲ့သို့သော လူမျိုးကို အဖက်မတန်ပါပဲလျက် မလာချင် လာချင်နှင့် လာရသော အမှုအရာမျိုး ရှိနေလေရာ၊ ဦးစံရှားလည်း ထိုင်ရာမှထ၍ ၎င်း ဝတ်လာသော မိုးကာအင်္ကျီကို ချွတ်ပေးမည် ပြုလေ၏။

မင်းကြီး။ ။ ရှိပါစေ… ရှိပါစေ၊ ကျွန်ုပ် ကြာကြာ မထိုင်ပါဘူး။ ဘယ့်နှယ်လဲ ပတ္တမြား အကြောင်း ဘယ်လိုများ သတင်းရသေးသလဲ။

ရှား။ ။ အမှုကတော့ဖြင့် အင်မတန် ခဲယဉ်းနေပါတယ်။

မင်းကြီး။ ။ ဒါကြောင့် ကျွန်ုပ် မပြောဘူးလား၊ ခင်ဗျားက ကိုယ့်ကိုယ်ကိုယ် အထင်အမြင်ကြီးတဲ့ လူတစ်ယောက်ပဲ။ ကျွန်ုပ်တို့ ပုလိပ်အရာရှိအားလုံး စုံထောက်လို့ မပေါ်နိုင်တဲ့ အမှုကို ခင်ဗျား စုံထောက်နိုင်ပါ့မလား။

ရှား။ ။ မှန်ပါတယ်၊ တော်တော်ခက်ခဲပါတယ်။ သို့သော် ကျွန်တော်ကို ကူညီလို့ရှိရင် ပေါ်ပေါက်နိုင်ပါသေးတယ်။

မင်းကြီး။ ။ ခင်ဗျားက ဟိုတုန်းက ကူညီခြင်း မလိုဘူး ပြောတယ်မဟုတ်လား။

ရှား။ ။ မှန်ပါတယ် ပြောမိပါတယ်။ သို့သော် ယခုတော့ ကူညီဖို့ တောင်းပန်ပါတယ်။ သူခိုးကို မိတဲ့အခါမှာ သူခိုးလက်ခံကို ဘယ့်နှယ်လုပ်ရမလဲ။

မင်းကြီး။ ။ ဥပဒေအတိုင်း လုပ်ရုံပေါ့။

ရှား။ ။ ဘယ်လိုလူကို သူခိုးလက်ခံလို့ ဆိုသလဲ။

မင်းကြီး။ ။ သူ့လက်ထဲမှာ ပစ္စည်းတွေ့တဲ့လူပေါ့။

ရှား။ ။ ပစ္စည်းတွေ့ရင် ဖမ်းမှာလား။

မင်းကြီး။ ။ ဖမ်းရမှာပေါ့။

ရှား။ ။ ဒါဖြင့် မင်းကြီးကို ကျွန်တော် ဖမ်းရပါလိမ့်မယ်။

မင်းကြီး။ ။ (စိတ်ဆိုးသော အမူအရာနှင့်) ဒီလူဘာဖြစ်နေသလဲ၊ ကျွန်ုပ် ပုလိပ်မင်းကြီး ဖြစ်တယ်ဆိုတာ မေ့နေတယ်ထင်တယ်။

ရှား။ ။ ပုလိပ်မင်းကြီးဖြစ်စေ၊ ဘုရင်ခံဖြစ်စေ၊ ခိုးရာပါ ပစ္စည်းနှင့်တကွ တွေ့ခဲ့လို့ရှိရင် သူခိုးလက်ခံဖြစ်ပါတယ်။

မင်းကြီး။ ။ ဒီလူ ဘာစကား ပြောနေသလဲ၊ ကျွန်ုပ် အလုပ်များတယ် သွားဦးမယ်။

ရှား။ ။ (တံခါးကိုကျောနှင့် မှီကာရပ်လျက်) ခိုးရာပါပစ္စည်းနဲ့ တွေ့ရုံမက အတင်းထွက်သွားလို့ရှိရင် သာ၍ အပြစ်ကြီးပါတယ်။

mgyoe.com

mgyoe.com


မင်းကြီး။ ။ ဖယ်ပါ ကျွန်ုပ် သွားမယ်၊ ဘယ်နည်းနဲ့ ဒီလူ နာမည် ကျော်သလဲ၊ သူရူးတစ်ယောက်ပဲ။

ရှား။ ။ မင်းကြီး မိုးကာ အင်္ကျီအိတ်မှာ လက်လျှိုလိုက်စမ်းပါ။

မင်းကြီး။ ။ ဘယ့်နှယ် ပြောသလဲ၊ တယ်စော်ကားတယ် မောင်မင်း သတိထားပါ။

ရှား။ ။ ကျွန်ုပ် ပြောသလို လုပ်ပါ။

မင်းကြီးလည်း အိတ်ထဲသို့ လက်လျှိုစမ်းသပ်ရာ အံ့ဩလှစွာသော မျက်နှာထားနှင့် ပတ္တမြားကို ထုတ်ယူ ကြည့်ရှုလျက်ရှိ၏။

မင်းကြီး။ ။ ဘယ့်နှယ်လဲ၊ ဘယ့်နှယ်လဲ၊ ဒီဟာဘာလဲ။ ခင်ဗျား မျက်လှည့် တတ်သလား။

ရှား။ ။ (ရယ်မောလျက်) မျက်လှည့် မဟုတ်၊ လက်လှည့်ဖြစ်ပါတယ်။ မင်းကြီး ဝင်လာစဉ်က အင်္ကျီအိတ်ထဲကို ကျွန်တော် ထည့်လိုက်ခြင်းဖြစ်ပါတယ်။

မင်းကြီး။ ။ (ရယ်မောကာနှင့် ဦးစံရှား၏ လက်ကို ကိုင်ဆွဲလျက်) တော်ပါပေ... တော်ပါပေ၊ အလွန်တရာ တော်ပါပေတယ်၊ ဒါကြောင့် နာမည် ကျော်ကြားပေတာကိုး။ ကျွန်ုပ် လက်အောက်မှာ အမှုထမ်းရင် ခင်ဗျား ကောင်းကောင်း ကြီးပွားမယ်။

ရှား။ ။ ခင်ဗျား လက်အောက်မှာ အမှုထမ်းရင် ကျွန်တော် ဒီလို စကား မပြောဝံ့ပေဘူး၊ ရှိခိုးပြီး ခစား ပြောရလိမ့်မယ်၊ မကြီးပွားတာ အရေးမကြီးဘူး၊ သံဃာတော်က လွဲပြီး လူနဲ့လူချင်း ကျွန်တော် ရှိမခိုးနိုင်ဘူး ခင်ဗျား။

မင်းကြီး။ ။ တရားခံ မိသလား။

ရှား။ ။ ဌာနာပို့လိုက်ပါပြီ။

မင်းကြီး။ ။ ဘယ်နှယောက်လဲ။

ရှား။ ။ နှစ်ယောက်ပါ။

မင်းကြီး။ ။ ကျေးဇူးတင်ပါတယ် ဦးစံရှား။

ကဝိတံခွန် မဂ္ဂဇင်း

❖

mgyoe.com

mgyoe.com

## ၃
## ထူးဆန်းစွာကြုံစည်သောကိစ္စတစ်ခုကို စုံထောက်ပုံ

ကျွန်တော်နှင့် စုံထောက်မောင်စံရှားတို့မှာ ၁၉၁၆ ခုနှစ်တွင် တစ်ယောက်နှင့် တစ်ယောက် စတင် သိကျွမ်းလာခဲ့ကြသည်မှ စ၍ လမ်း ၄၀ ၌ နေထိုင်ခဲ့ကြရာ ဂေါ်ရင်ဂျီနှင့် မြန်မာတို့ အရေးတော်ကလေး ဖြစ်ပွားသည်အခါ၌ကား ဂေါ်ရင်ဂျီများသော ထိုလမ်း၌ နေထိုင်ခြင်းငှာ မဖြစ်နိုင်တော့သည်ဖြစ်၍ ပြောင်းရွှေ့ရန် လိုခဲ့ပေ၏။ သို့ရာတွင် မောင်စံရှားသည် မိမိ ရှေးဦးစွာ နေထိုင်ခဲ့ဖူးသော ရပ်ကွက်ကလေးကို လွမ်းဆွတ်သည်ဖြစ်သောကြောင့် ဝေးလံသော အရပ်သို့ မရွှေ့ပြောင်းမူ၍ လွစ်လမ်း ကမ်းနားဘက် အထက်တပ်တိုက် တစ်ခန်းကို ငှားရမ်း ပြောင်းရွှေ့ နေထိုင်ခဲ့ကြလေ၏။

အရေးတော်ကလေး ငြိမ်လုဆဲဆဲရှိသော နေ့လယ်အချိန်တွင် အသက် ၂၅ နှစ် ၃၀ အတွင်း ရှိသော လူတစ်ယောက်သည် ယိုင်တိယိုင်တိုင်နှင့် တိုက်ပေါ်သို့ တက်လာရာ၊ ၎င်း၏ အင်္ကျီ လုံချည် စသည်တို့မှာ သွေးစက်များ စွန်းပေလျက် ရှိလေ၏။ ထိုအခြင်းအရာကို တွေ့မြင်ရသောအခါ ကျွန်တော်က ဂေါ်ရင်ဂျီများ၏ လက်ချက်ပေတည်းဟု အောက်မေ့၍ ပျာယီးပျာယာ ထိုင်ရာမှ ထပြီးလျှင် မည်သို့

mgyoe.com

mgyoe.com


သည့် ရပ်ကွက်၌ ဖြစ်လာပါသနည်းဟု မေးမြန်းရာတွင် မောင်စံရှားက "ဂေါ်ရင်ဂျီ လက်ချက် မဟုတ်ပါဘူး ကိုသိန်းမောင်ရဲ့၊ မမြင်ဘူးလား လက်ဝဲဘက် လက်မ မပါခဲ့ဘူး၊ ဂေါ်ရင်ဂျီက ဓားသုံးတာ အနည်းသားပဲ၊ အကယ်၍ ဓားနှင့် ခုတ်စေကာမူ ကတ်ကတ်သတ်သတ် လက်ဝဲလက်မ တစ်ချောင်းတည်း ပြတ်နိုင်ဖို့ အင်မတန်ခဲယဉ်းတယ်ဗျ၊ ဟုတ်မလား မိတ်ဆွေ"

ထိုသူ။ ။ မှန်ပါတယ် ခင်ဗျာ၊ ဂေါ်ရင်ဂျီ လက်ချက် မဟုတ်ပါဘူး၊ ဂေါ်ရင်ဂျီထက် ဆိုးတဲ့ ရန်သူပါခင်ဗျာ ဒါထက်...

ရှား။ ။ နေဦး...၊ ပြောစရာရှိတာ နောက်မှပြော၊ ခင်ဗျားဒဏ်ရာက သွေးတွေ စိမ့်ထွက်လာပြန်ပြီ၊ ရေနွေးနဲ့ ကာဘိုလစ်ဆီ ယူခဲ့ဗျာ ကိုသိန်းမောင်။

ထိုအခါ မောင်စံရှားသည် ဒဏ်ရာများကို ရုတ်တရက် ဆေးဝါး ထည့်သည့်အရာ၌ ဆရာဝန်တစ်ပိုင်းဖြစ်၍နေသည်ဖြစ်သောကြောင့် လက်ကိုင်ပဝါနှင့် စည်းထားသော ဒဏ်ရာကို ရှေးဦးစွာ ဖြေပြီးလျှင် ရေနွေးနှင့် ဆေးကြောပေးလေ၏။ ထိုသူ၏ လက်ဝဲဘက်လက်မမှာ ထက်မြက်သော လက်နက်တစ်ခုနှင့် တိတိရိရိ အရင်းမှ ကပ်၍ခုတ်ဖြတ်ထားသည့် လက္ခဏာရှိရာ၊ အခြား လက်ချောင်းကလေးများ၌ လည်းကောင်း၊ လက်ဝါးပြင်၌ လည်းကောင်း အနည်းငယ်မျှ ထိရှ ခိုက်မိခြင်း မရှိချေ။ ရေနွေးဖြင့် ဆေးကြောပြီးနောက် မောင်စံရှားသည် ဂွမ်းအနည်းငယ်တွင် ဆေးထည့်၍ အဝတ်များနှင့် ကောင်းမွန်စွာ စည်း၍ပေးပြီးမှ ကုလားထိုင်ပေါ်၌ ခေါင်းအုံး တစ်လုံး တင်ပြီးလျှင် ထိုသူ၏ ဦးခေါင်းကို ယုယစွာ ကိုင်၍ တင်ပေးလေ၏။ ထိုနောက်မှ–

ရှား။ ။ ကိုင်း... ကိုင်း... တော်တော် နေသာသွားပြီ မဟုတ်လား၊ ပြောစမ်းပါဦးဗျာ၊ ဘယ်လိုဖြစ်ပုံလဲ၊ တစ်ခုခုကို ခင်ဗျားက ဆုပ်ပြီ ကိုင်ထားတုန်း လက်ကို ဓားနဲ့ ခုတ်လိုက်တယ်ထင်တယ်။

ထိုသူ။ ။ မှန်ပါတယ် ခင်ဗျာ၊ သို့သော် ကျွန်တော် အစက စပြီး ပြောပါရစေ၊ ဒီလိုပါခင်ဗျာ၊ ကျွန်တော်က ငယ်ငယ်ကလေးကတည်းက စက်ကိရိယာ ဘက်မှာ အင်မတန် ဝါသနာပါတာနဲ့ အင်္ဂလိပ်ကျောင်းက ၁၀ တန်း အောင်ပြီးတဲ့ အခါမှာ ဘင်္ဂလား သွားပြီး စက်ကိရိယာဆိုင်ရာ အင်ဂျင်နီယာ ကျောင်းမှာ ပညာသင်ခဲ့ပါတယ်။ ၅ နှစ် သင်ပြီးတဲ့နောက် လက်မှတ်ရလာပြီး ဟိုတိုက်မှာ လုပ်၊ ဒီတိုက်မှာ လုပ် လုပ်ပေမဲ့ ကျေနပ်လောက်အောင် မရှိဘူး ခင်ဗျ၊ အလုပ် လုပ်တော့ ကျွန်တော်က လုပ်ရတယ်၊ လခတိုးစရာ နာမည်ရစရာရှိတော့ ကျွန်တော့် အထက်

mgyoe.com

mgyoe.com


က အင်္ဂလိပ်တွေကချည်းပဲ ရတယ်။ ဒီအတောအတွင်းမှာ ကျွန်တော့်အဖေ သေဆုံးပြီး အမွေပစ္စည်းကလေးများ အတန်အသင့် ရပြန်တော့ ကျွန်တော်က ဘယ်လို အကြံအစည်ဖြစ်သလဲလို့ဆိုတော့ သူတစ်ပါး လခစား မလုပ်ဘဲ ကိုယ့်အလုပ် တိုက်ကလေးနဲ့ ဖွင့်ပြီး လုပ်ရရင် ဆန်စက်တွေ၊ လွှစက်တွေ အများကြီး ရှိလာတော့ သူလို လခလောက်တော့ ဘယ်နည်းမဆို ရမှာပဲ၊ သူတို့ တိုက်ကြီးတွေမှ ငှားလို့ ၁၀၀ိ ပေးရတဲ့ အလုပ်ကို ကျွန်တော်က ၅၀ိ နဲ့ လုပ်မယ်၊ ဒီလိုဆိုရင်ဖြင့် အလုပ် မပြတ်ဘဲ တစ်လကို ၂၀၀ိ ကျော် ၃၀၀ိ လောက်တော့ အေးအေးကလေး နဲ့ စည်လိမ့်မယ်လို့ စဉ်းစားမိတာကိုး ခင်ဗျ၊ အမွေကလေးကလည်း ရထားတော့ ကြံစည်တဲ့အတိုင်း လုပ်အားရှိပြီး အလုပ်တိုက်က ထွက်လိုက်ပါရော ခင်ဗျာ။

ရှား။ ။ သားမယား မရှိဘူးလား။

"မရှိသေးပါဘူး ခင်ဗျား"

ရှား။ ။ နာမည်ကကော။

"မောင်သိန်းလွင်ပါတဲ့ ခင်ဗျာ"

ရှား။ ။ ပြောပါဦးဗျာ။

လွင်။ ။ ဒါနဲ့ အလုပ်ကထွက်ပြီး ပန်းဆိုးတန်းမှာ တိုက်ခန်းကလေး တစ်ခု ငှား၊ ဆိုင်းဘုတ်ကလေးနဲ့ စားပွဲကလေး ကုလားထိုင်ကလေး ခင်းပြီး၊ အလုပ်တိုက် ဖွင့်လိုက်တာ ၁၀ လသာ ကြာပါရော ခင်ဗျာ၊ အလုပ်ဆိုလို့ ပြွန်ကွဲ တာ ဆက်ဖို့ အလုပ်ကလေး တစ်ခုပဲ လက်ခံရဖူးပါတယ်၊ ဒါနဲ့ မနေ့ညနေကတော့ ဘာဘူလူမျိုး ပိန်ပိန်ရှည်ရှည်ကြီး တစ်ယောက် အလုပ်ခန်းထဲ ဝင်လာပါရော ခင်ဗျာ။

ရှား။ ။ အရွယ် ဘယ်လောက် ရှိပြီလဲ။

လွင်။ ။ ၄၀ ကျော်လောက် ရှိပါပြီ ခင်ဗျာ။

ရှား။ ။ ဆိုပါဦးဗျာ။

လွင်။ ။ ဝင်လာလို့ ကျွန်တော်က နေရာထိုင်ခင်းပေးတော့၊ မောင်သိန်း လွင် ဆိုတာ ခင်ဗျား မဟုတ်လားတဲ့၊ ဟုတ်ကြောင်း ပြောတော့၊ ခင်ဗျားမှာ သား-မယား မရှိဘူးလို့ ကြားတယ်တဲ့။ ဒီတော့ ကျွန်တော်က အလုပ်ကိစ္စနဲ့ လာတာ ဖြစ်ရင် သားမယား ရှိမရှိနှင့် မဆိုင်ကြောင်းပြောတော့၊ နှုတ်လုံဖို့ ကိစ္စတစ်ခုဆိုရင် သားမယား မရှိတဲ့ လူကိုမှ သာပြီး စိတ်ချရတယ်တဲ့။ မယားရှိတဲ့ လူဆိုရင် မယား နဲ့ တိုင်ပင်ရော၊ တော်တော်ကြာ တစ်ဆင့်ကတစ်ဆင့် စကားဟာ ပွားသွားရော၊

mgyoe.com

mgyoe.com


ဒါကြောင့် မေးရခြင်း ဖြစ်ပါတယ်တဲ့။ ဒီတော့ ကျွန်တော်မှာ တော်တော် အံ့သြသွားပြီး ဘယ်လို ကိစ္စမျိုးမို့လို့ ဒီလောက် သွယ်ဝိုက်ပြီး နေပါလိမ့်မယ်လို့ အောက်မေ့သော်လည်း ဖွင့်မမေးဘဲ ဆိတ်ဆိတ်နေတော့ ဘာဘူကြီးက ကျွန်ုပ် နာမည် ဘာဘူဘတ္တာချားရီးယားတဲ့၊ အလုပ်ကိစ္စနဲ့ လာရောက်ခြင်း ဖြစ်ပါတယ်တဲ့။ သို့သော် အလုပ်က အရေးကြီးတဲ့ အလုပ်ဖြစ်လေတော့ ဒီအခန်းထဲမှာ စကားပြောကြလို့ရှိရင် ဟိုဘက်က မကြားပေဘူးလားတဲ့။ သည်တော့ ကျွန်တော်က ဟိုဘက်မှာ လူမရှိကြောင်း ပြောတော့၊ ဘာဘူကြီးက ဖြုန်းဆိုတဲ့ပြီး ဟိုဘက်က အခန်း တံခါးကို ပြေးတွန်းပြီး ကြည့်တယ်ခင်ဗျာ၊ လူတစ်ယောက်မှ မတွေ့တော့မှ တစ်ခါ ပြန်ထိုင်ပြီး ကိုသိန်းလွင် ခင်ဗျား နှုတ်စောင့်စည်းတတ်ကဲ့လားတဲ့။ စောင့်စည်း တတ်ပါတယ်လို့ ပြောတော့၊ ကျွန်တော့် မျက်နှာကို အတည်ကြာအောင် စေ့စေ့ကြီး စိုက်ကြည့်နေတယ်ခင်ဗျာ။ ပြီးတော့မှ တစ်ခါထပ်ပြီး ကျုပ် အလုပ်ကို ခင်ဗျား လက်ခံသည်ဖြစ်စေ မခံသည်ဖြစ်စေ ဒီအကြောင်းကို ခင်ဗျား ဘယ်သူ့မှ မပြောပါ ဘူးလို့ ကတိပေးနိုင်ရဲ့လားတဲ့။ ပေးနိုင်ပါတယ်လို့ ပြောတော့၊ ဘာဘူကြီးက တစ်ညလုပ်တဲ့ အလုပ်တစ်ခုအတွက် ငွေ ၁၀၀ိ ရရင် ခင်ဗျား ကျေနပ်ကဲ့လားတဲ့။ ကျေနပ်ကြောင်းကို ကျွန်တော်က ပြောတော့ ဘာဘူကြီးက တစ်ညဆိုပေမဲ့ဗျာ တစ်ညလုံး လုပ်နေရမှာ မဟုတ်ပါဘူး၊ တစ်နာရီလောက် လုပ်ရင် ပြီးနိုင်တဲ့ အလုပ် ပါတဲ့၊ စက်တစ်ခုခု နည်းနည်းပါးပါး ချွတ်ယွင်းပြီး နေတာကို ခင်ဗျားက ကြည့်ပြီး ဘယ်နေရာက ချွတ်ယွင်းနေတယ်ဆိုတာ ပြောရုံပါပဲတဲ့၊ ပြင်တာတော့ ကျုပ်တို့ ဘာသာ ပြင်ပါမယ်တဲ့၊ ဒီအလုပ်ကို ငွေ ၁၀၀ိ နဲ့ လက်ခံဖို့ သဘောတူပါသလား တဲ့၊ ကျွန်တော်က သဘောတူကြောင်းကို ပြောတော့၊ သူက ကိုင်း...ဒါဖြင့် ဒီကနေ့ ည နောက်ဆုံး ရထားနဲ့ လိုက်ခဲ့ပေတော့တဲ့၊ ဘယ်ကို လိုက်ခဲ့ရမှာလဲ မေးတော့ သူက ကြပ်ကုန်း ဘူတာကို လိုက်ခဲ့ပါတဲ့။ ၁၁ နံပါတ် ရထားနဲ့ ည ၈ နာရီမှာ ရန်ကုန်က လိုက်ခဲ့ရင် ၁၁ နာရီလောက်ကို ဟိုဘူတာ ရောက်ပါလိမ့်မယ်တဲ့ မီး ရထား ဆိုက်သောအခါ ဘူတာရုံက ဆီးပြီး ကြိုပါမယ်တဲ့၊ ပြောတာကိုး ခင်ဗျ၊ ဒီတော့ ကျွန်တော်က ဘူတာနဲ့ ဘယ်လောက်ဝေးသေးသလဲ မေးတော့၊ သူက ၆ မိုင်ကျော် ၇ မိုင်လောက်ပဲ ဝေးပါတယ်တဲ့။ ပြန်တော့ကာ မန္တလေးက ၆ နံပါတ် ရထားနဲ့ ပြန်တာပေါ့တဲ့။ ဒီတော့ ကျွန်တော်က နေ့ခင်းမှာ ရောက်တဲ့ ရထားနဲ့ လိုက်ခဲ့ရင်ကော မဖြစ်ဘူးလားလို့ မေးတော့၊ သူက မဖြစ်ဘူးတဲ့၊ ကျုပ်တို့ အလုပ်က လူမသိအောင် လျှို့ဝှက်စွာ လုပ်ရမယ့်အလုပ် ဖြစ်လေတော့၊ ညတွင်းချင်း ပြီးအောင်

mgyoe.com

mgyoe.com


လုပ်ရလိမ့်မယ်တဲ့၊ ညကြီးမင်းကြီး ခရီးသွားရမှာ ဒုက္ခရောက်တယ် ထင်လို့ လက်မခံချင်ရင်လည်း နေတာပေါ့တဲ့၊ တစ်ည အလုပ်အတွက် ငွေ ၁၀၀ိ ပေးပြီး ငှားရင် တတ်ပေ့ဆိုတဲ့ ဉရောပတိုက်သား စက်ဆရာကြီးတွေတောင် ရနိုင်ပါတယ်တဲ့။ ဒီတော့ ကျွန်တော်မှာ မရစဖူး အလုပ်ကလေး တစ်ခုပေါ်လာပြီး လွတ်လိုက်ရမှာ နှမြောတာနဲ့ လက်ခံဖို့ သဘောတူတဲ့ အကြောင်းပြောပြီး ကျွန်တော် လုပ်ရမယ့် အလုပ်က ဘယ်လို အလုပ်မျိုးလဲလို့ နည်းနည်း သိပါရစေ ပြောတော့၊ သူက သိနိုင်ပါတယ်တဲ့၊ ဘယ်သူ့မှ မပြောပါဘူးလို့ ကတိပေးပြီးဖြစ်တဲ့အတွက် ပြောတန် သလောက်ကိုတော့ ကျုပ်က ဖွင့်ပြီး ပြောပါမယ်တဲ့ မြန်မာပြည်မှာ ကြွေပန်းကန် လုပ်ဖို့ မြေကြီး ရနိုင်တယ်ဆိုတာ ခင်ဗျား ကြားဖူးရဲ့လားတဲ့၊ ဒီတော့ ကျွန်တော် က အသင့်အတင့် မြေလောက်တော့ ရနိုင်တယ်လို့ ကြားဖူးကြောင်းပြောတော့၊ သူက မသင့်အတင့် မဟုတ်ဘူးဗျ၊ ပန်းကန်ပြား တစ်ချပ်ကို ၅ိ လောက်တန်တဲ့ ကြွေအစစ်ဆိုတဲ့ ပန်းကန်မျိုး လုပ်တဲ့ မြေကြီးကို ကျုပ်တို့ တွေ့ထားတယ်။ သို့သော် ဒီလိုဗျ၊ ကျုပ် ပြောပြဦးမယ်၊ ကျုပ်မှာ လယ်ကလေး တစ်ကွက်ရှိတယ်၊ အဲဒီ လယ်ထဲမှာပဲ ဒီမြေမျိုးကို တစ်နေ့တော့ ကျုပ်တွေ့ရော၊ တွေ့လို့ အားရဝမ်းသာနဲ့ တိတ်တဆိတ် တူးတော့ များများမှ မတူးလိုက်ရသေးဘူး၊ ဒီမြေမျိုးက ကုန်သွား ရောဗျ၊ ဒီတော့ ကျုပ်က မြေကြီးအကြောင်းကို နားလည်တဲ့ ဂျီအိုလိုဂျီ ဆရာကြီး တစ်ယောက်ကို တိတ်တိတ်ခေါ်ပြတော့၊ ဆရာကြီးက မြေကြောများကို စမ်းသပ် ကြည့်ပြီး မြေကြောသွားပုံထောက်ချင့်ရရင် ဟိုဘက်ဒီဘက် ညှပ်နေတဲ့ လက်ကွက် များမှာ ဒီမြေမျိုးတွေ သာပြီးတော့ အားကြီးလိမ့်မယ်တဲ့၊ သို့သော် ခက်နေတာက ဘာလဲဆိုတော့ ဟိုဘက်ဒီဘက် လယ်ကွက်တွေက ကျုပ်လယ်ကွက် မဟုတ်၊ သူတစ်ပါး လယ်ကွက် ဖြစ်နေတယ်ဗျ၊ ဒီလူတွေ လယ်ကို အမှတ်မဲ့ ဝယ်ယူရရင် ဖြစ်တော့ဖြစ်နိုင်ရဲ့၊ နို့ပေမဲ့ ကျုပ်မှာ ဝယ်စရာငွေ မရှိဘူးတဲ့၊ ဒီတော့ နီးရင်းတဲ့ မိတ်ဆွေ နှစ်ယောက် သုံးယောက်ကို တိုင်ပင် ကြည့်ပြန်တော့လည်း သူတို့က ကိုယ့်မြေထဲက ထွက်တဲ့ မြေကြီးကိုပဲ ရှေးဦးစွာ စွံအောင်ရောင်းပြီး ရောင်းလို့ရတဲ့ ငွေနဲ့မှ နံဘေးက မြေကွက်တွေကို ဝယ်တာပေါ့တဲ့ ပြောနေကြပြန်တယ်၊ ဒီတော့ ကျုပ်တို့မှာ ဘယ့်နှယ် လုပ်ရသလဲဆိုတော့ ညှပ်စက်ကြီး တစ်ခုကို လုပ်၊ မြေကြီး တွေကို လေးထောင့်ပုံဖြစ်အောင် စက်နဲ့ဖိပြီး နိုင်ငံခြားကို တိတ်တိတ် တင်ပို့နေရ တယ်။ ဒီတော့ကာ နေ့လယ်ကြီး ကြောင်တောင်မှာ အင်ဂျင်နီယာ ဆရာကြီးတွေ ဘာတွေ ခေါ်ပြီး ပြလားဘာလား လုပ်နေတယ်လို့ သူတစ်ပါးသိသွားမှဖြင့် ကျုပ်တို့

mgyoe.com

mgyoe.com

အကြံတွေ အားလုံး ပျက်ကုန်မယ်။ အဲဒါကြောင့် ခင်ဗျားကို ညရထားနဲ့ လိုက်ပြီး မိုးမလင်းခင် ပြန်ဖို့ ကျုပ်တို့ စီမံတယ်တဲ့၊ ခင်ဗျားအလုပ်ကတော့ ခုနင်က ပြောတဲ့ စက် ချွတ်ယွင်းနေတာကလေးတစ်ခုရှိလို့ အရင်ကလို ကောင်းကောင်းမညှပ်တဲ့ အတွက် ဘယ်အချက်မှာ ဘယ်လို လိုနေတယ်ဆိုတာ ကြည့်ပြီးပြောရုံပါပဲဗျာ။ ခင်ဗျားတို့ နားလည်တဲ့လူဆိုတော့ ၅ မိနစ် မကြည့်ရပါဘူး၊ ချက်ချင်း သိသွားမှာ ပါပဲတဲ့ ပြောတာကိုးခင်ဗျ၊ ဒီတော့ ကျွန်တော်က ဒါဖြင့် ကောင်းပါပြီ ညရထားနဲ့ သာ ကြိုပါတော့၊ ကျွန်တော် ဆက်ဆက်ကြီးလိုက်ခဲ့ပါမယ်လို့ အာမခံတဲ့ အခါမှာ သူက ထိုင်ရာက ထပြီး သွားခါနီးမှာတောင် ဘယ်သူ့မှ မပြောနဲ့နော်၊ နှုတ်လုံပါစေ ဆရာကြီးတဲ့ မှာပြီး သွားသေးတယ်။ ဒါနဲ့ ဘတ္တာချားရီးယား ပြန်သွားတော့၊ ဒီအလုပ်ကို ပြန်ပြီး စဉ်းစားကြည့်ပြန်တော့ ကျွန်တော့်စိတ်ထဲမှာ ဘာလိုလိုနဲ့ စနောင့်စနင်းတော့ အရှိသားခင်ဗျ၊ နို့ပေမဲ့ ငွေ ၁၀၀ ဆိုတာလည်း မနည်းပေဘူး လေလို့ဆိုပြီး တောင်တောင်မြောက်မြောက် တွေးမနေဘဲ ည ၈–နာရီ ရထားနဲ့ လိုက်သွားပါရော ခင်ဗျာ၊ ၁၁–နာရီကျော်လောက်မှာ ဟိုရောက်၊ ရောက်တော့ ဘူတာကလည်း တောဘူတာကလေး ဖြစ်လေတော့ လူဆင်းလူတက်လည်း အနည်းသား ခင်ဗျ၊ ကျွန်တော် တစ်ယောက်တည်းလိုလိုပဲ ဆင်းမယ့်သူ ရှိတယ်။ ဒါနဲ့ လက်ဆွဲသားရေအိတ်ကလေး ဆွဲပြီး တောင်ကြည့်မြောက်ကြည့်နဲ့ ဘူတာရုံ အပြင်ထွက်လာတော့ မှောင်ရိပ်မှာ ပိန်ပိန်ရှည်ရှည်နဲ့ ကျွန်တော့် မိတ်ဆွေ ဘတ္တာချားရီးယားကို မြင်တာကိုးခင်ဗျ၊ မြင်ကာရှိသေး၊ သားရေအိတ်ကို ဆွဲပြီး သူ စီးလာတဲ့မြင်းလှည်းပေါ်ကိုတင်ပေးပြီး...။

ရှား။ ။ မြင်းတစ်ကောင်လား နှစ်ကောင်လား။

လွှင်။ ။ တစ်ကောင်တည်းပါပဲ ခင်ဗျာ။

ရှား။ ။ ဘာသွေးလဲ၊ သတိထားမိလား။

လွှင်။ ။ အုန်းခွံသွေးပဲ ခင်ဗျ။

ရှား။ ။ မောနေပုံရသလား လတ်လတ်ဆတ်ဆတ်လား။

လွှင်။ ။ လတ်လတ်ဆတ်ဆတ်ပဲ ချွေးတောင်မှ ကျဟန်မရှိဘူး။

ရှား။ ။ ကောင်းပြီ၊ ကိုင်း ဆိုပါဦးဗျာ။

လွှင်။ ။ ဒါနဲ့ ကျွန်တော့်ကို မြင်းလှည်းပေါ်တင်ပြီး မောင်းလာကြပါရော ခင်ဗျာ။

ရှား။ ။ သူကိုယ်တိုင် မောင်းသလား။

mgyoe.com

mgyoe.com


လွင်။ ။ မမောင်းဘူး ခင်ဗျ၊ ကလေးတစ်ယောက် မောင်းတယ်၊ မြင်းလှည်းမှာလည်း အပေါ်မှာ ဖုံကြီးတွေ မှိအုံးတွေနှင့် ကျကျနန သားသား နားနားပဲ ခင်ဗျ၊ နံဘေးရော ရှေ့ရော နောက်ရော ရွက်ထည်စိမ်းတွေ ချလိုက်လို့ ခင်ဗျ၊

ရှား။ ။ သြော်...ဒါဖြင့် အလုံပိတ်ထားလို့ အပြင်ကို ခင်ဗျား မမြင်နိုင်ဘူး ဆိုပါတော့။

လွင်။ ။ ဟုတ်ကဲ့၊ မိုးကလေးကလည်း တဖွဲဖွဲ ကျနေလေတော့ မိုးကာ တွေကို အကုန်ချထားတယ် ခင်ဗျ၊ ကျွန်တော်လည်း ဖုံကြီးတွေ မှိအုံးကြီးတွေက ထူထူ၊ အချိန်ကလည်း သန်းခေါင်နီး၊ ရထားကလည်း တအိအိလှုပ်၊ မိုးကလေး ကလည်း တဖွဲဖွဲကျနေပြန်လေတော့ ငိုက်ခနဲ ဖြစ်သွားပြီး မြင်းရထား ရပ်တော့မှပဲ နိုးတော့တယ် ခင်ဗျာ။

ရှား။ ။ ဒီတော့ ဘယ်အချိန်ရှိပြီလဲ။

လွင်။ ။ နာရီပြန် တစ်ချက်တိတိ ရှိသွားပြီခင်ဗျ။

ရှား။ ။ ဒါဖြင့် မြင်းလှည်းနဲ့ သွားတာ တစ်နာရီခွဲလောက် ကြာတာပေါ့၊ ခရီးဘယ်နှမိုင်လောက် ပေါက်မယ် ထင်သလဲ။

လွင်။ ။ သူပြောတော့သာ ၆ မိုင် ၇ မိုင် ပြောတယ်။ ကျွန်တော့် စိတ် အထင်ဖြင့် ၁၀ မိုင်ထက်တော့ နည်းမယ် မထင်ဘူးခင်ဗျ။

ရှား။ ။ ဆိုပါဦးဗျာ။

လွင်။ ။ ဒါနဲ့ မြင်းလှည်းရပ်လို့ လှည်းပေါ်က ဆင်းပြီး အကြည့်လိုက်မှာ ဝင်းကြီး တစ်ခုအတွင်း၊ အင်္ဂလိပ်အိမ်ကြီး တစ်ဆောင် ရှေ့မျာ ရောက်နေကြောင်း တွေ့ရတာကိုးခင်ဗျ၊ ဒီတော့ ဘတ္တာချားရီးယားက ကျွန်တော့် သားရေအိတ်ကို ယူပြီး ရှေ့ကသွား၊ ကျွန်တော်က နောက်ကလိုက်ခဲ့တာကိုး ခင်ဗျ၊ အိမ်တံခါးဝ ရောက်သည်နှင့် တစ်ပြိုင်နက် တံခါးကို တွန်းတဲ့ပြီး အိမ်ထဲ ဝင်ကြပါရော၊ အိမ်ထဲ မှာလည်း မီးလည်းမရှိ၊ ဘာလည်းမရှိ၊ မှောင်နဲ့မည်းမည်းခင်ဗျ၊ ဒါနဲ့ သူက မီးထွန်း မယ်လို့ထင်ပါရဲ့ အိတ်ထဲမှာ မီးခြစ်စမ်းနေတုန်း၊ ဖြုန်းဆို အတွင်းဆောင်က တံခါး တစ်ခု ပွင့်လာပြီး ဘာဘူမ တစ်ယောက် စားပွဲတင်မှန်အိမ် တစ်ခု ကိုင်တဲ့ပြီး ထွက်လာတာကိုးခင်ဗျ၊ ကျွန်တော်တို့ကို မြင်မြင်ချင်း အံ့သြတဲ့ လက္ခဏာနဲ့ တန့်ပြီး ကြည့်နေတဲ့ အခိုက်မှာ သူ့ရုပ်လက္ခဏာ ကျွန်တော် ကြည့်လိုက်တော့ မိန်းမ

mgyoe.com

mgyoe.com

သနားကမား၊ အသက်လည်း ခပ်ငယ်ငယ်ရှိသေးတယ်ခင်ဗျ၊ နောက်တော့ သူက ဘင်္ဂါလာချားရီးယားကို ကုလားစကား တစ်မျိုးနဲ့ မေးလိုက်တဲ့အခါမှာ ကျွန်တော့် လူက ခေါင်းညိတ်ပြလိုက်သည်နှင့် တစ်ပြိုင်နက် ဒီမိန်းမက အင်မတန် အံ့သြ ထိတ်လန့်သွားတဲ့ လက္ခဏာနဲ့ မီးခွက်တောင် ကံကောင်းလို့ လက်က လွတ်မကျ တယ်ခင်ဗျ၊ ဒီတော့မှ ဘင်္ဂါလာချားရီးယားက အနားသွားပြီး တီးတိုးပြောပြောပြီး ချော့မော့တဲ့ လက္ခဏာနဲ့ အသာတကြည် တွန်းထုတ်တဲ့ပြီး သူ့လက်က မီးအိမ်ကို ယူ၊ ယူပြီး တံခါးကို ပိတ်ထားလိုက်ပါရောခင်ဗျာ၊ ပြီးတော့မှ မီးခွက်နဲ့ ကျွန်တော့် ဆီ လျှောက်လာတာကိုး၊ ပြီးတော့တစ်ခါ ကျွန်တော့် နံဘေးနားက တံခါးကလေး တစ်ခုကို ဖွင့်တဲ့ပြီး ဒီက ခဏလောက် နေရစ်ပါဦးဗျာတဲ့၊ ကျုပ်အခုပဲ ပြန်လာ ခဲ့ပါမယ်တဲ့ ပြောပြီး မှန်အိမ်ကို စားပွဲပေါ် တင်ခဲ့ပြီး မှောင်မိုက်နေတဲ့ အခန်းထဲ ဝင်သွားပါရောခင်ဗျာ။ ဒီတော့ ကျွန်တော်လည်း မီးတစ်ခွက်နဲ့ အခန်းထဲမှာ တစ် ယောက်တည်း ကျန်နေရစ်တော့ တောင်ကြည့် မြောက်ကြည့် နဲ့ အခန်း အခြေအနေကို ကြည့်တဲ့အခါမှာ စားပွဲခုံ တစ်ခုပေါ်မှာ ကုလားစာ နှစ်အုပ် သုံးအုပ်၊ အင်္ဂလိပ် ဝတ္ထုစာအုပ် နှစ်အုပ် သုံးအုပ်၊ ဘာရာဂျပျက်တစ်ခု၊ ကြိုးမစုံတဲ့ တယော တစ်လက်၊ သစ်သားတံခါး အပြည့်တပ်ထားတဲ့ ဗီရိုကြီးတစ်ခု၊ ကုလားထိုင်က သုံးလေးခု၊ ဒါပဲခင်ဗျ၊ ဒီတော့ ကျွန်တော်က ဘူတာနဲ့ ဒီလောက် ဝေးတဲ့ တောအရပ် ကြီး တစ်ခုမှာ ဒီကုလားတွေဟာ ဘာများ လာလုပ်နေကြမလဲလို့ အောက်မေ့ စိတ်ကူးနေတုန်း၊ ခုနင်ကမိန်းမ ဝင်သွားတဲ့ အခန်းတံခါးဟာ တဖြည်းဖြည်း ပွင့် လာပြီး ခုနင်က မိန်းမပဲ ပျာယီးပျာယာ ထွက်လာပြန်တာကိုးခင်ဗျ၊ ဒီတစ်ခါတော့ သူ့ကြည့်ရတာ အတော်ပဲ ထိတ်ထိတ်ပျာပျာနဲ့ အရေးကြီးတဲ့ လက္ခဏာနဲ့ တူတယ်၊ အခန်းထဲ ဝင်မိတော့တောင် နောက်ကို ခဏခဏ လှည့်ကြည့်ပြီး ကြည့်သေးတယ် ခင်ဗျ၊ ဒီတော့ ကျွန်တော်ကလည်း ဘယ့်နှယ် အဓိပ္ပာယ်များလဲလို့ အကဲခတ် ပြီးနေတော့၊ ကျွန်တော့်ကို လက်နဲ့ ယမ်းပြပြီး ဟိန္ဒူ စတန်နီဘာသာနဲ့ "မြန်မြန် သွား မြန်မြန်သွား" လို့ အရေးတကြီးနဲ့ ပြောတယ်ခင်ဗျ၊ ဒီတော့ ကျွန်တော်က ကိစ္စ မပြီးဘဲ မသွားနိုင်ဘူးလို့ ပြောတော့ မိန်းမက "ဘာကိစ္စလဲ အလကားကိစ္စ မြန်မြန်သွား မြန်မြန်သွား" လို့ ပြောပြန်တယ် ခင်ဗျ၊ ဒီတော့ ကျွန်တော်ကလည်း ဒီမိန်းမဟာ ရူးများ ရူးလေသလားလို့ ထိုင်ရာကမှ မထဘဲ ခပ်အေးအေး လုပ်ပြီး အနေမှာ နောက်က ခြေသံတွေ ကြားလေတော့ လှည့်ပြီး ကြည့်လိုက်ရာမှာ ဘင်္ဂါလာ ချားရီးယားနဲ့ ကုလား ဝဝကြီး တစ်ယောက် ဝင်လာကြတာကိုး ခင်ဗျ၊ ဟိုမိန်းမ

mgyoe.com

mgyoe.com


ကတော့ သူတို့ မဝင်လာခင်ကဘဲ လာတဲ့လမ်းအတိုင်း ပြန်ထွက်ပြေးလို့ မဆုံမိလိုက်ကြဘူးခင်ဗျ၊ အခန်းထဲရောက်သည်နှင့် တစ်ပြိုင်နက် ဘတ္တာချားရီးယားက ဒီလူဟာ သူနဲ့ အစုစပ် ဘာဘူကို့စ်တဲ့၊ စက်ကိုတော့ သူလည်း နည်းနည်းပါးပါး တော့ နားလည်ပါတယ်တဲ့၊ သို့သော် ဘယ်နေရာက ချွတ်ယွင်းနေတယ်ဆိုတာ မရှာတတ်တာနဲ့ ခင်ဗျားကို ခေါ်ရပါတယ်တဲ့။ ဒီတော့ ကျွန်တော်က စက်ဘယ်မှာလဲလို့ မေးတော့ အိမ်ပေါ်မှာ ရှိပါတယ်တဲ့၊ လိုက်ခဲ့ပါလို့ ပြောပြီး ပိန်ပိန် ဘာဘူကြီးက မီးခွက်နဲ့ ရှေ့ကသွား၊ ဝဝဘာဘူနဲ့ ကျွန်တော်နဲ့က နောက်က လိုက်သွားကြတာကိုးခင်ဗျ၊ အိမ်ကြီးကလည်း ခင်ဗျာ ဘယ့်နှယ်များ လုပ်ဆောက်ထားတယ် မပြောတတ်ပါဘူး၊ အခန်းကလေးတွေ အခန်းကလေးတွေ မွနေတာပဲ ခင်ဗျ၊ ဒါနဲ့ ကြိုကြိုကြားကြား တစ်ခန်းက တစ်ခန်း ဖြတ်ပြီး သွားကြတော့ နောက်ဆုံးမှာ လူခါးစောင်းလောက်ရှိတဲ့ တံခါးပေါက်ကလေး တစ်ခုရောက်ကရောခင်ဗျ၊ ရောက်တော့ ဘတ္တာချားရီးယားက မီးခွက်နဲ့ ရှေ့က ငုံ့ဝင်၊ ကျွန်တော်ကလည်း နောက်က ငုံ့ပြီးဝင်၊ ဝဝဘာဘူကတော့ အပြင်က နေရစ်တယ် ခင်ဗျ၊ အထဲရောက်တော့ မြေမှုန့်တွေကို အုတ်ပုံဖြစ်အောင် ကြိတ်တယ်ဆိုတဲ့ အခန်းကိုးခင်ဗျ၊ အခန်းကလေးက လေးတောင် ပတ်လည်လောက်ရှိတယ်၊ နံဘေးကတော့ သစ်သားထရံပဲ။ အောက်ကတော့ သံပြားကြီးခင်းလို့ခင်ဗျ၊ အပေါ်မော့ကြည့်လိုက်တော့ နည်းတဲ့တူကြီး မဟုတ်ဘူးခင်ဗျာ၊ အခန်းနဲ့ အတိအကျ ရှိနေတာပဲ၊ လက္ခဏာကတော့ ဒီတူကြီးကို စက်နဲ့ မတင်ပြီး သံပြားပေါ်မှာ မြေမှုန့်တွေတင်ပြီး တူကြီးကို လွှတ်ချလိုက်တယ်လို့ ပြောတာပဲ၊ အောက်က သံပြားအောက်မှာတော့ အုတ်တွေ ခင်းထားတယ် ခင်ဗျ၊ ခြေဖနောင့်နဲ့ ဆောင့်ကြည့်တော့လည်း လိုဏ်သံကို ကျွန်တော် မကြားရဘူး။

ရှား။ ။ နေပါဦး အိမ်က တိုက်ခံအိမ်များလား။

လွင်။ ။ သေသေချာချာ ကျွန်တော် မကြည့်ခဲ့မိဘူးဗျာ၊ ဖြစ်ချင်လည်း ဖြစ်နိုင်တာပါပဲ။

ရှား။ ။ ဆိုပါဦးဗျာ။

လွင်။ ။ ဒါနဲ့ ကျွန်တော်က မြေမှုန့် ကြိတ်ပုံကလည်း ခဲခဲယဉ်းယဉ်း သိသိဝှက်ဝှက် ရှိလိုက်လေဗာယ်နော်လို့ အောက်မေ့ပြီးနေတုန်း ဘာဘူကြီးက "ဒီစက်ပါပဲဗျာ၊ ခင်ဗျား ကြည့်စမ်းပါဦး၊ မြေမှုန့်ကို ဒီအပေါ်ထားပြီး အပေါ်က တူကြီးနဲ့ ထုချရင် မြေကြီးဟာ အချပ်လိုက်ဖြစ်သွားတာပဲ၊ အခုနေအခါများ အပေါ်က တူကြီး ပြုတ်ကျလိုက်ရင် ခင်ဗျားနဲ့ ကျုပ် စိစိညက်ညက် ကြေသွားမှာပဲ၊

mgyoe.com

mgyoe.com


းလာလာကြည့်စမ်းပါဦး" လို့ ပြောပြီး အခန်းပြင်သို့ တစ်ခါ ထွက်လာတဲ့ပြီး ခလုတ်တစ်ခုကို နှိပ်လိုက်တာ တူကြီးက တဖြည်းဖြည်း အောက်ကို ကျလာပါရောခင်ဗျာ။ ပြီးတော့မှ တစ်ခါပြန်မြှောက်ပြီး "ဘယ့်နှယ်လဲ ဆင်းပုံ တက်ပုံ တယ်ပြီး မချောဘူးဟုတ်စ၊ ဘယ်နေရာက ထစ်နေတယ် မဆိုနိုင်ဘူး၊ တစ်ဆိတ်လောက်ကြည့်ပေးပါဗျာ" လို့ ပြောတော့ ကျွန်တော်က စက်ကိရိယာကို မကြည့်သေးမိ ဒီဟာကြီးအသုံးပြုပုံကို ကောင်းကောင်း မသက်ာတာနဲ့ အခန်းကလေးထဲ တစ်ခါဝင်ပြီး မီးခွက်နဲ့ အကြည့်မှာ သံပြားပေါ်ရှိ တစ်ခုသောထောင့်၌ သွပ်လိုလို ခဲလိုလို သတ္တုအစအနကလေး တစ်ခု မြင်မိတာကိုးခင်ဗျ၊ ဒီတော့မှ ဒီလူတွေဟာ ပန်းကန် လုပ်ဖို့ မြေကြီးလေး ဘာလေးနဲ့ အလကား ညာတဲ့ လူတွေပဲလို့ စိတ်ခပ်ပေါက်ပေါက်ဖြစ်နေတုန်း ဘာဘူကြီးက "ဟေ့လူ ဘာလုပ်နေတာတုံး" တဲ့၊ "ဘာမှ မလုပ်ပါဘူးခင်ဗျာ၊ ခင်ဗျား မြေမှုန့်ကြိတ်ပုံကို ကျုပ် စုံစမ်းနေတာပါ" လို့ ပြောကာရှိသေး၊ "ခွေးမသား နင် အားလုံး သိကုန်ပြီ၊ သေပေတော့" လို့ ပြောပြီး တံခါးကလေးကို ဂျောင်းခနဲ ပိတ်လိုက်တာကို ခင်ဗျ၊ ဒီတော့ ကျွန်တော်ကလည်း အထိတ်ထိတ် အလန့်လန့်နဲ့ တံခါးကို တွန်းပြီး ဖွင့်ပါဦး ဖွင့်ပါဦးနဲ့ အော်တုန်းရှိသေး၊ ခုနင်က ပြောတဲ့ တူကြီးဟာ အပေါ်မှ တဖြည်းဖြည်း ကျလာပါရော ခင်ဗျာ၊ ဒီတူကြီးဟာ အနည်းဆုံး ၃ တန်လောက်တော့ ရှိလိမ့်မယ်ထင်တယ်၊ မရပ်ဘဲနဲ့ ကျွန်တော့်အပေါ် တောက်လျှောက် ကျလာမယ်ဆိုရင်ဖြင့် အရိုးအသား ကြမ်းမှာပြားပြီး ကပ်နေဖို့ပေါ့ခင်ဗျာ။ ဒီတော့ ကျွန်တော့်မှာ သေဘေးကို ကြောက်တဲ့အတွက် ဖွင့်ပေးပါ ဘာဘူကြီးရယ်၊ ဘယ်သူမှ ကျွန်တော် မပြောပါဘူး ခင်ဗျာလို့ ချော့ပြီး ပြော၊ ပုလိပ်တွေ လိုက်ပြီး ရှာလိမ့်မယ်လို့ ခြောက်ပြီးပြော၊ ဘယ်လို ပြောလို့မှ မဖွင့်ဘူးခင်ဗျ၊ ဂျိန်းဂျန်း ဂျိန်းဂျန်းနဲ့ တရွေ့ရွေ့ တရွေ့ရွေ့ နီးနီးပြီး လာလိုက်တာ တော်တော်ကြာတော့ ကျွန်တော့်မှာ မတ်တတ်တောင် မရပ်နိုင်လို့ ကုန်းပြီးတော့ နေရတယ် ခင်ဗျ၊ ဒီတော့ ကျွန်တော့်မှာ သေရတော့မှာတော့ အမှန်ပဲ၊ သို့သော် ပက်လက်လှန်ပြီး ခံရတာနဲ့ မှောက်ပြီး ခံရတာနဲ့ ဘယ်သင်းက အသေမြန်မလဲလို့ အကြံဖြစ်မိတယ်၊ မှောက်လျက် ခံရင်လည်း ခါးပေါ် အရင်ကျပြီး ခံလိုက်ရမယ့် ဝေဒနာကို ကြောက်တယ်ခင်ဗျ၊ ပက်လက်လှန်ရင်လည်း ဒီတူကြီး ဆင်းလာတာကို ကျွန်တော် စေ့စေ့ မကြည့်ဝံ့ဘူးခင်ဗျ၊ ဒီလိုနဲ့ ချွေးတလုံးလုံးနဲ့ ဖြစ်ပြီး ငုံ့ရာက ကုန်း၊ ကုန်းရာကဝပ်။ အဲဒီလိုဝပ်ပြီးနေတဲ့အခါကျတော့မှ နံဘေးက ရှိတဲ့ သစ်သားထရံဟာ ရုတ်တရက် ပွင့်လာတာ မြင်လေတော့ တစ်ခါတည်းလိမ့်ပြီး ပစ်လိုက်တာ

mgyoe.com

mgyoe.com


အခန်းပြင်သို့ ရောက်ပါရောခင်ဗျာ၊ ကျွန်တော်လည်း အခန်းပြင်ကို ရောက်ကရော၊ သံပြားပေါ်ချထားတဲ့ စားပွဲတင် မှန်အိမ်ကို တူကြီးက ကြိတ်လိုက်တာ ဂျွမ်ခနဲ မြည်ပြီး စိစိညက်ညက် ကြေပါလေရော ခင်ဗျာ။ ဒီတော့မှ ကျွန်တော့် လက်မောင်းကို တစ်ယောက်ဆွဲပြီး စောစောက မိန်းမ အသံက "လာ လာ မြန်မြန်လာ၊ သူတို့ ရောက်လာရင် သေလိမ့်ဦးမယ်၊ လိုက်ခဲ့ လိုက်ခဲ့၊ ဒီကို လိုက်ခဲ့" လို့ ခေါ်တာကို ခင်ဗျ၊ ဒီတစ်ခါတော့ ကျွန်တော်က ဘာမှ ငြင်းဆန်မနေဘဲ သွက်သွက်လက်လက်ကြီး လိုက်သွားပါရော ခင်ဗျာ၊ သွားကြစို့လို့ အခန်းပေါက် တစ်ခုကို ရောက်ကာ ရှိသေး လား လား ဘတ္တာချားရီးယားဆိုတဲ့ ဘာတူကြီးက ဓားကောက်ကြီး တစ်ခုကို ကိုင်ပြီး ကျွန်တော်တို့ဆီ ပြေးလိုက်လာတာကိုဗျ၊ ဒီတော့ မိန်းမက ကျွန်တော့်ကို အခန်းထဲ တွန်းသွင်းလိုက်ပြီး အခန်းပေါက်ကနေပြီး ဘာဘူကြီး လက်ကို ဆွဲထားတာကို ခင်ဗျ၊ ဒီတော့ ကျွန်တော်က အခန်းပြတင်းပေါက်ကို ဖွင့်ပြီး တကယ့် တကယ်ဆိုရင် ဒီကပဲ ခုန်ချရမှာပဲလို့ ငုံ့ကြည့်လိုက်တော့ ၁၅ တောင်လောက် အနည်းဆုံး မြင့်လိမ့်မယ်ခင်ဗျာ။ သို့သော် ကျွန်တော့်ကို ကယ်ဆယ်တဲ့ မိန်းမကိုများ ရန်ရှာနေသလားလို့ စောင့်ပြီး ကြည့်နေသေးတယ်၊ တကယ်လို့ သူ့ကို ရန်ရှာမယ်ဆိုရင်ဖြင့် ကျွန်တော်၏ အသက်သခင်ဖြစ်တဲ့အတွက် လက်နက်ဘဲ မရှိချင်နေ တတ်နိုင်သမျှ ကျွန်တော် ခုခံမယ်လို့ ကြံမိတယ်ခင်ဗျာ။ ဒီအတောအတွင်း ဘာဘူကြီးက မိန်းမကို တွန်းတဲ့ပြီး ကျွန်တော့်ဆီ ပြေးလာ၊ ကျွန်တော်ကလည်း အကျမနာအောင်လို့ ပြတင်းပေါက်က ပေါင်ကို လက်နဲ့ တွယ်ပြီး ခုန်အချလိုက်မှာ ဘာဘူကြီးက လက်က ဓားကောက်ကြီးနဲ့ ပေါင်ကို ခုတ်လိုက်တာ၊ ဒိန်းခနဲလည်း အသံကြားပါရော၊ ကျွန်တော့် လက်လည်း မျက်ခနဲဆိုဖြစ်ပြီး ကျွန်တော်လည်း အောက်ကျ လာပါရောခင်ဗျာ၊ ကျပေမဲ့ အကျတော်လို့ တယ်ကြီး မနာတာနဲ့ ထပြီး ပြေးလိုက်တာ ပြေးရင်းလွှားရင်းနဲ့ လက်ကို ကြည့်မိတော့ လားလား လက်မ တစ်ချောင်း မပါတော့ဘူးခင်ဗျာ။ ဒီတော့ လန့်သွားတာက တစ်မျိုး ထွက်တဲ့သွေးတွေကလည်း တရကြမ်းပဲရှိနေတာနဲ့၊ သွေးလွန်တာကတစ်မျိုးကြောင့် ပြေးရင်းပြေးရင်းနဲ့ပဲ မူးပြီးထိုးလဲသွားပါရော ခင်ဗျာ။ ဘယ်လောက်ကြာကြာ လဲနေတယ်လိုတော့ မပြောတတ်ပါဘူး၊ သတိရလာလို့ မျက်စိဖွင့်ကြည့်လိုက်တော့ မိုးကို ထိန်ထိန်လင်းလို့ ခင်ဗျာ။ ကျွန်တော် ရောက်နေတာကလည်း လမ်းပေါ်မှာခင်ဗျာ၊ အနီးအပါးမှာလည်း အိမ်ရယ်လို့ ကျွန်တော် မမြင်ဘူး၊ ခပ်လှမ်းလှမ်းမှာသာ ဘူတာရုံကို မြင်ရတယ်။ ဒါနဲ့ လက်ကို

mgyoe.com

mgyoe.com


ဒဏ်ရာကို လက်ကိုင်ပဝါနဲ့ စည်းပြီး ဘူတာရုံကိုလာ ပြန်တန်ဆာလော်ကယ်နဲ့ ကြား ရန်ကုန်ကိုလိုက်၊ ဦးစံရှားအကြောင်းကို ကြားဖူးတာနဲ့၊ လမ်း ၄၀ ကို သွားမေး၊ မေးတော့ကာ သူရိယသတင်းစာတိုက်က လူတစ်ယောက် ဒီလမ်းပြောင်းသွားပြီဆိုလို့ လိုက်လာခဲ့ရခြင်း ဖြစ်ပါတယ်ခင်ဗျာ။ ကိုင်း... ကျွန်တော့် အဖြစ်အပျက်ကဖြင့် ဒါပါပဲ။ ဦးစံရှား ခိုင်းသလို ကျွန်တော် လုပ်ပါ့မယ်။ ဒီအကောင်တွေကို မိအောင်ဟာ တစ်ဆိတ်လောက် ထောက်လှမ်းပေးပါ ခင်ဗျာ ဟု ပြောလေ၏။

ကျွန်တော်နှင့် မောင်စံရှားတို့သည် အထက်ပါ ထူးဆန်းသော အဖြစ်အပျက်များကို နားထောင်လျက် စကားဆုံးသည့်အခါ၌ပင် တွေးတောကာ ရှိနေကြသဖြင့် စကားတုံ့ပြန်၍ မပြောနိုင်သေးဘဲ ထိုင်ရာမှ ထ၍ ကြွက်လှောက်ပေါ်ရှိ သတင်းစာ ဖြတ်ပိုင်း စာအုပ်ကို ယူခဲ့ပြီးမှ လှန်လှောရှာဖွေ၍ တစ်ခုသော မျက်နှာတွင် ရှိသော သတင်းစာ ဖြတ်ပိုင်းကလေး တစ်ခုကို မောင်သိန်းလွင်အား ပြပြီးလျှင် "ဟာဒါ ဖတ်ကြည့်စမ်း ခင်ဗျားနဲ့ ဆိုင်လိမ့်မယ်ထင်တယ်" ဟု ပြောလေ၏။ ၎င်းဖြတ်ပိုင်းကလေးမှာ ၁၉၂၉ ခု၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့ထုတ် သူရိယ သတင်းစာမှ ကိုက်ညှပ်ကပ်ထားခြင်းဖြစ်ရာ အောက်ပါအတိုင်း ရေးသားပါရှိလေ၏။

"ဖေဖော်ဝါရီလ ၁၉ ရက်နေ့က မစ္စတာဒေါ်ဆင်ဆိုသူ အင်ဂျင်နီယာ တစ်ယောက်သည် ညနေခင်း အချိန်တွင် နေအိမ်မှ ထွက်ခွာ၍သွားရာ၊ ယနေ့တိုင် ပြန်၍ မလာသေးကြောင်း ၎င်း၏ အကြောင်းကို သတင်းရခဲ့လျှင် ပန်းဆိုးတန်းလမ်း၊ တိုက်နံပါတ် ၅၄ ၌ နေသော မစ္စစ်ဒေါ်ဆင်ထံ သတင်းပေးပို့ပါက များစွာ ကျေးဇူးကြီးလှသည်ဖြစ်ပါကြောင်း မစ္စတာဒေါ်ဆင်မှာ အသက် ၃၂ နှစ် အရပ် ၅ ပေ ၈ လက်မ... ... စသည်ဖြင့် ပါရှိလေ၏။

ရှား။ ။ လက္ခဏာ ကြည့်ရပုံတော့ မစ္စတာဒေါ်ဆင် ဆိုတဲ့လူလည်း ခင်ဗျားလိုပဲ စက်ပြင်သွားလိုက်တာ တူချက်မိသွားတယ် ထင်တယ်။

လွင်။ ။ ဘုရား... ဘုရား... ဒီလိုသာဖြင့် ခက်နေပြီကောခင်ဗျာ၊ တစ်ဆိတ်ကလေး ခင်ဗျာ၊ ကျွန်တော် အရေးထက် နှောင် စက်ဆရာများ အရေးကို ထောက်ထားပြီး မပေါ် ပေါ်အောင် စုံထောက်ပေးပါခင်ဗျာ။

ရှား။ ။ ပြောနေကြာရော့မယ် ဌာနာကို သွားပြီး ကိုအုံးဘောကို အကျိုးအကြောင်း ပြောပြီး မှီရာရထားနဲ့ လိုက်ကြရအောင်ဗျာ၊ နေဦးဗျို့ မီးရထား အချိန်စာရင်း ပေးစမ်းဗျာ ကိုသိန်းမောင်။

မောင်စံရှားသည် မီးရထား အချိန်စာရင်းစာအုပ်ကို ကြည့်ပြီးနောက်–

mgyoe.com

mgyoe.com


ရှား။ ။ ဒီလိုလုပ်မှပဲ ကျုပ်တို့ ဒီက ၂ နာရီ ၄၅ မိနစ်မှာ ထွက်တဲ့ ရတ်ပလင် လော်ကယ်နဲ့ လိုက်ကရော၊ ပဲခူးမှာ ၅ နာရီ ၂၅ မိနစ်မှာ ရောက်ကရော၊ ပြီးတော့မှ တစ်ခါ ပြွန်တန်ဆာ လော်ကယ်နဲ့ ဆက်ပြီးစီးရော၊ ဒီလိုဆိုရင်ဖြင့် ကျတ်ကုန်းကို ၆ နာရီ ၄၂ မိနစ်မှာ ရောက်မယ်၊ ကိုင်း ကိုအုန်းဘောဆီ သွားကြဦးစို့ဗျာ။

ထိုနေ့၌ ကျွန်တော်၊ မောင်စံရှား၊ မောင်သိန်းလွင်၊ အင်စပိတ်တော် မောင်အုန်းဘောနှင့် ပုလိပ်အရာရှိ တစ်ယောက်တို့သည် မီးရထားနှင့် လိုက်ပါလာခဲ့ကြရာ မီးရထား ထွက်သည်နှင့် တစ်ပြိုင်နက် မောင်အုန်းဘောသည် မြေစာရင်းမင်းကြီးရုံးမှ တောင်းယူလာခဲ့သော ၎င်းနယ်မြေပုံတစ်ခုကို ဒူးပေါ်၌ ဖြန့်ပြီးလျှင် ကြပ်ကုန်းဘူတာကို ဗဟိုထား၍ ၎င်းပတ်လည်၌ ၁၀ မိုင်ခန့် ရှိသော စက်ဝိုင်းတစ်ခုကို ဆွဲပြီးနောက်။

ဘော။ ။ ကိုသိန်းလွင် ပြောတဲ့ နေရာဟာ ဒီစက်ဝိုင်း အနီးအနားမှာ ရှိရမှာပဲဗျ၊ ဘူတာနဲ့ ၁၀ မိုင်လောက် ဝေးတယ်လို့ ခင်ဗျားပြောတယ် ဟုတ်လား။

လွင်။ ။ တစ်နာရီခွဲလောက် မြင်းလှည်းမောင်းရတာပဲခင်ဗျာ။

ဘော။ ။ ဒါဖြင့် ခင်ဗျား သတိလစ်နေတဲ့အခိုက်မှာ ခင်ဗျားကို ဒီခရီးကျအောင် ဆောင်ကြဉ်းလာခဲ့တာပေါ့။

လွင်။ ။ ဒါနဲ့ပဲ တူပါရဲ့ခင်ဗျာ၊ ကျွန်တော့်ကို ပွေ့ပြီး ထုကြသလိုလို ဘာလိုလိုတော့ ယီးတီးယားတား စိတ်ထဲမှာ ထင်မိတာပဲ။

ကျွန်တော်။ ။ နေစမ်းပါဦးဗျာ၊ ဟိုတုန်းကတော့ ခင်ဗျားကို မရမကသတ်ဖို့ ကြိုးစားတယ်၊ ခင်ဗျား မူးပြီးလဲနေတာ တွေ့တော့လည်း မသတ်ဘဲနဲ့ ချမ်းသာ ပေးလိုက်တယ်၊ ဘယ့်နှယ်ဟာလဲဗျာ၊ တန်တော့ ဟိုမိန်းမက တောင်းပန်တာနဲ့ ချမ်းသာပေးလိုက်ဟန်တူတယ်။

လွင်။ ။ မထင်ပါဘူးခင်ဗျာ၊ ကျွန်တော်ဖြင့် ဒီအကောင်ကြီး မျက်နှာကြည့်ရတာ၊ တောင်းပန်လို့ ရမယ့် အကောင်ကြီး ဟုတ်မထင်ပါဘူးခင်ဗျာ။

ဘော။ ။ နေပါဦးလေ၊ ဒီအကြောင်း နောက်တော့ ပြောတာပေါ့၊ ခင်ဗျားပြောတဲ့အတိုင်း ၁၀ မိုင် ခရီးခန့်ထားပြီး အရပ် လေးမျက်နှာမှာ မြေပုံ၌ စက်ဝိုင်းဆွဲပြီးပြီဗျ၊ ဒီလူစုဟာ ဧကန်မုချ ကျုပ် ဆွဲထားတဲ့ စက်ဝိုင်းအနီးမှာ ရှိရမှာပဲ၊ ဘယ်ဘက်မှာ ရှိတယ်လို့သာ ကျုပ်တို့ အမှန် မပြောနိုင်တယ်။

ရှား။ ။ ကျုပ်တို့ လက်နဲ့ ထောက်ပြနိုင်လိမ့်မယ် ထင်တယ်။

mgyoe.com

mgyoe.com

ဘော။ ။ ဟုတ်ပါ့မလား ဆရာ၊ သို့သော်လည်း ဆရာနေဦး၊ ကျွန်တော်တို့ အရင် ပြောဦးမယ်၊ ဒီအရပ်မှာ တောင်ဘက်၌ လူနေအိမ်ခြေ နည်းပါး၍ လူပြတ်လပ်သည်ကို ထောက်သဖြင့် တောင်ဘက်မှာ ရှိလိမ့်မယ်လို့ ကျွန်တော် ထင်တယ်။

လွင်။ ။ ကျွန်တော်ကတော့ အရှေ့ဘက်ထင်တယ်ဗျာ။

ပုလိပ်။ ။ ကျွန်တော်က အနောက်ထင်တယ်ခင်ဗျာ၊ ဘာကြောင့်လဲ ဆိုတော့ အနောက်ဘက်မှာ ရွာကလေးတွေ တွေ့တယ်။

ကျွန်တော်။ ။ ကျွန်တော်ကတော့ မြောက်ဘက်ထင်တယ်ဗျာ၊ ဘာကြောင့်ဆိုတော့ တောင်ကုန်းတွေဘာတွေ မရှိဘူးခင်ဗျ၊ အဆင်းတွေ အတက်တွေ တွေ့ရတယ်ဆိုရင် ကိုသိန်းလွင် သိမှာပေါ့။

ဘော။ ။ ကိုင်း... ဘယ့်နှယ်ဆရာ ကျွန်တော်တို့ လေးယောက်ကဖြင့် အရပ်လေးမျက်နှာ စေ့နေပြီ ဆရာက ဘယ်သူနဲ့ သဘောတူသလဲ။

ရှား။ ။ ဘယ်သူနဲ့မှ သဘောမတူဘူး။

ဘော။ ။ ဘယ့်နှယ်ကြောင့်လဲ ဆရာ။

ရှား။ ။ ခင်ဗျားတို့ အားလုံး မှားတယ်ဗျ။

ဘော။ ။ ဘယ့်နှယ် အားလုံး မှားနိုင်မလဲဆရာ၊ တစ်ယောက်ယောက်တော့ မှန်ရမှာပေါ့။

ရှား။ ။ တစ်ယောက်မှ မမှန်ဘူးဗျ၊ ဖြစ်ပွားတာက ဟောဒီ နေရာမှာ ပြောပြီးလျှင် မောင်စံရှားသည် စက်ဝိုင်း၏ ဗဟို၌ ရှိသော ကြပ်ကုန်း ဘူတာရုံအနီးအပါးတွင် လက်ထောက်၍ ပြလေ၏။

ဘော။ ။ ဘယ့်နှယ်လဲ ဆရာ၊ ၁၀ မိုင် တောင် မြင်းလှည်းနဲ့ သွားရတယ် ဆိုတာပဲ။

ရှား။ ။ အသွား ၅ မိုင်၊ အပြန် ၅ မိုင် ပေါ့ဗျ၊ ဘာခက်လို့လဲ၊ ကိုသိန်းလွင် တွေ့တုန်းက မြင်းဟာ ချွေးမကျဘဲ လတ်လတ်ဆတ်ဆတ် ရှိနေတာကို တွေ့ရတယ်ဆို မဟုတ်လား၊ ၁၀ မိုင်ခရီး မောင်းလာရတဲ့ မြင်းဟာ လတ်ဆတ်နိုင်ပါဦးမလား ခင်ဗျာ။

ဘော။ ။ ဟုတ်တယ် ဆရာရေ့၊ ဒါထက် သူတို့ အကြံအစည်ကတော့ အရှင်းသားပေါ့ဆရာ။

ရှား။ ။ ရှင်းပြီလားဗျာ၊ လေးထောင့်မှုးစေ့လုပ်တဲ့ လူစုတွေပေါ့၊ အခုတလော ရွှေးလို့ မရနိုင်အောင် တူတဲ့ လေးထောင့် မှုးစေ့ အတုတွေ ခင်ဗျား

mgyoe.com

mgyoe.com


သတိထားမိတယ် မဟုတ်လား၊ သူတို့ပေါ့ဗျ။

ဘော။ ။ သတင်းရတယ် ဆရာရေ့၊ ဒင်္ဂါးလုပ်ခြင်းဆိုင်ရာ အရာရှိက တောင် ငွေမှုးစေ့များဟာ အင်မတန် လေးလံ၍ ခွန်အားကြီးတဲ့ စက်ကိရိယာများနဲ့ လုပ်ခြင်းဖြစ်ရမယ်လို့ အစီရင်ခံထားတာကို ကျွန်တော် တွေ့ရဖူးတယ်။ ဒီတစ်ခါ ဒီအကောင်တွေ မိရင်ဖြင့် မရွယ်ဘဲနဲ့ စော်ကဲမင်းဖြစ် ဆိုတာလို၊ လက်မပြတ်တဲ့ အမှုလိုက်ရင်းနဲ့ မှုးစေ့လုပ်သမားတွေကို မိရပေတော့မယ်ခင်ဗျာ။

သို့ရာတွင် မောင်အုန်းဘော၏ မျှော်လင့်ချက်မှာ အချည်းနှီးပင် ဖြစ်ရချေ၏။ အကြောင်းကိုဆိုသော် ဘူတာသို့ ဆိုက်ရောက်၍ မဒရာဆီ ရုံပိုင်အား အကျိုးအကြောင်း မေးမြန်းရာတွင်–

ဘော။ ။ ဘတ္တာချားရီးယားဆိုတာ ဒီမှာနေတယ် မဟုတ်လား။

ရုံပိုင်။ ။ ကျွန်ုပ် မသိဘူး။

ဘော။ ။ ပိန်ပိန်ရှည်ရှည် ဘာဘူကုလားလေ။

ရုံပိုင်။ ။ တစ်ခါတစ်ခါ မြင်ဖူးတယ်။ ဆရာဝန်ကြီး အိမ်မှာ နေတယ်လို့ ပြောတယ်။

ဘော။ ။ ဘာဆရာဝန်လဲ။

ရုံပိုင်။ ။ ပင်စင် အငြိမ်းစား ဒေါက်တာဂို့စ်တဲ့။

လွင်။ ။ ဝဝတုတ်တုတ် ဘန်ဂါလီ ကုလား ဟုတ်လား။

ရုံပိုင်။ ။ ဟုတ်တယ်။

ဘော။ ။ သူ ဘယ်မှာနေသလဲ။

ရုံပိုင်။ ။ (ပြုံးလျက်) ဟောဟိုမှာ သူနေဖူးတယ်၊ ထိုအခါ ကျွန်တော်တို့သည် လက်ညှိုး ညွှန်ရာသို့ မျှော်ကြည့်လိုက်သော အခါတွင် မီးလောင်၍ ကျွမ်းနေသော အဆောက်အဦပျက်ကြီး တစ်ခုကိုသာလျှင် တွေ့မြင်ရလေ၏။

ရှား။ ။ မနေ့ညက လောင်တဲ့ မီးမဟုတ်လား။

ရုံပိုင်။ ။ ဟုတ်တယ်။

ရှား။ ။ တန်တော့၊ မောင်သိန်းလွင် ထားခဲ့တဲ့ စားပွဲတင် မှန်အိမ်က ကွဲပြီး ထတောက်တဲ့ မီးနဲ့ တူတယ်ဗျို့၊ ကိုင်း ကိုသိန်းလွင် ခင်ဗျားမှာ လက်မ တစ်ချောင်းပြတ်တာတော့ ဟုတ်ပါရဲ့၊ သူတို့မှာ စီးပွားရှာနေတဲ့ စက်ကြီးတစ်ခုလုံး အဆောက်အဦနဲ့တကွ မီးလောင်သွားရှာပါပြီဗျ။ မီးလောင်ခြင်းဟာလည်း ခင်ဗျား ကြောင့် လောင်တာပါပဲ၊ ဒီတော့ ခင်ဗျား ကျေနပ်ပါတော့။

mgyoe.com

mgyoe.com


သော။ ။ ကိုသိန်းလွင် ကျေနပ်ပေမဲ့ ကျွန်တော် မကျေနပ်နိုင်သေးဘူး ဆရာ၊ ဗျို့...ရုံပိုင် အိမ်သားတွေ ဘယ်ပြောင်းသွားကြသလဲ။

ရုံပိုင်။ ။ မနက်စောစော ၆ နံပါတ် ရထားနဲ့၊ ရန်ကုန်လက်မှတ် ယူပြီး လိုက်သွားကြတယ်။

သော။ ။ လူဘယ်နှယောက်လဲ။

ရုံပိုင်။ ။ သုံးယောက်။

လွင်။ ။ ဝဝ ဘာဘူရယ်၊ ပိန်ပိန်ဘာဘူရယ်၊ ဘာဘူမ တစ်ယောက်ရယ် ဟုတ်လား။

ရုံပိုင်။ ။ ဟုတ်တယ်။

သော။ ။ အဲဒါ ကျပ်တာပဲ၊ ရာဇဝတ်ကောင် တစ်ယောက်ကို တောနယ်မှာ ရှာရတာက လွယ်တယ်၊ ရန်ကုန်မြို့ပေါ်မှာ ရှာရတာက အင်မတန် ခဲယဉ်းတာပဲ။

လွင်။ ။ ဂို့စ်ဆိုတဲ့ ဘာဘူက ပင်စင်စားဆိုတော့ ရှာရတာ မလွယ်ပေဘူးလားဗျာ။

ရှား။ ။ သူ့ပင်စင်က အစိုးရက ပေးတဲ့ပင်စင် ဟုတ်မှ ဟုတ်မယ်ဗျာ၊ ဟိုလူတွေက မှုးစေ့တွေ လုပ်ပြီး သူက အိမ်စိုက်ရုံနဲ့ ပင်စင် အငြိမ်းစားနေသလားမှ မသိတာပဲ။

လွင်။ ။ နေပါဦးခင်ဗျာ၊ ကျွန်တော် မှုးလဲနေစဉ်က မိန်းမ တစ်ယောက်တည်းတော့ ဧကန္တ ကျွန်တော့်ကို ပွေ့ပြီး မရွှေ့နိုင်ဘူးခင်ဗျာ။

ရှား။ ။ ဂို့စ်ဆိုတဲ့ ဘာဘူက ဟိုလူလောက် ရက်စက်ပုံ မရဘူး။ ဒါကြောင့် သူတို့နှစ်ယောက် တိတ်တိတ် ရွှေ့ထားလိုက်ဟန်တူတယ်။ ကိုင်း မောင်သိန်းလွင် ခင်ဗျားမှာတော့ လက်မ တစ်ချောင်း ပြတ်ခဲ့ပြီ။ ဒီက မိတ်ဆွေကိုသိန်းမောင်မှာတော့ ဝတ္ထုတစ်ပုဒ် ရေးစရာ ရသွားပြန်ပြီဗျာ။ ကိုင်း ရထားလာဖို့လည်း အချိန် လိုသေးတယ်၊ လက်ဖက်ရည်ဆိုင် ဝင်ပြီး ထိုင်ကြဦးစို့ဗျာ။

ကျွန်တော်။ ။ အဆိပ်များနဲ့လည်း တွေ့သွားကြပါဦးမယ်ဗျာ၊ တကယ်လို့ တွေ့သွားရင် စုံထောက်မယ့်လူလည်း မရှိဘူး။

ရှား။ ။ ဝတ္ထုရေးမယ့်လူလည်း မရှိဘူး။

ကဝိမျက်မှန် မဂ္ဂဇင်း၊ ဇူလိုင် ၁၉၃၀။

❖

mgyoe.com

mgyoe.com

# ၄
# နိုင်ငံရေးစာတစ်စောင် ပျောက်ဆုံးမှု

ဒုတိယကမ္ဘာစစ် စတင်ဖြစ်ပွားသည့် ၁၉၁၉ နှစ်က ကျွန်ုပ်နှင့် ဦးစံရှားတို့သည် လမ်း ၄၀ မှ ဘရုတ်ကင်းလမ်းသို့ ပြောင်းရွှေ့နေထိုင်ကြ၍ အိမ်ဦးခန်း၌ စကားပြောလျက်ရှိကြစဉ် အလံစိုက်ထူထားသော မော်တော်ကား တစ်စင်း ဆိုက်ရောက်လာသည်ကိုမြင်သဖြင့် အံ့အားသင့်စွာ ကြည့်နေကြလေ၏။ မကြာမီ မြန်မာပြည်နန်းရင်းဝန်နှင့် ၎င်း၏ အပါးတော်မြဲတို့သည် ကားပေါ်မှဆင်း၍ ကျွန်ုပ်တို့၏ တိုက်ခန်းသို့ ဝင်လာကြလေရာ အိန္ဒိယပြည်မှ မဟာရာဇာ စော်ဘွားနှင့် အင်္ဂလိပ်အတွင်းဝန်ချုပ်တို့ တိုင်အောင် ဧည့်ခံစကားပြောခဲ့ဖူးသော ဦးစံရှားသည် ရှိုးတိုးရှန့်တန့် အမူအရာမျိုးမရှိဘဲ ခပ်အေးအေး မျက်နှာထားနှင့် ဧည့်သည်နှစ်ယောက်တို့အား နေရာထိုင်ခင်း ပေးလေ၏။ ဦးစံရှား၏ ထူးခြားသော အခြင်းအရာတစ်ခုမှာ... အမူနှင့်ပတ်သက်ခဲ့လျှင် ဆိုက်ကားနင်းသမားဖြစ်စေ၊ အင်္ဂလန်ပြည်ဂျော့ဘုရင်ဖြစ်စေ၊ အမူကောင်းလျှင် ကောင်းသည်အလျောက် အရေးယူဂရုစိုက်တတ်၍ ဂုဏ်ဒြပ်ကြီးမြင့်သည်အတွက်ကြောင့် ရှပ်တန့်တန့် အမူအရာမျိုး ဖော်ပြလေ့ မရှိခြင်းပင်ဖြစ်ပေ၏။

mgyoe.com

mgyoe.com

နန်းရင်းဝန်နှင့် အပါးတော်မြဲတို့သည် ကုလားထိုင်တွင်ထိုင်လျက်ရှိကြစဉ်၊ နှစ်ဦးလုံးတို့မှာ အရေးကြီးသော ကိစ္စတစ်ခုအတွက်ကြောင့် ဂနာမငြိမ်သော အမူအရာမျိုး ရှိကြ၍ အထူးသဖြင့် အပါးတော်မြဲမှာ တုန်တုန်ယင်ယင်နှင့် နေမထိ ထိုင်မထိ ဖြစ်နေလေတော့၏။ အပါးတော်မြဲက ရှေးဦးစွာ စတင်၍

ပါး။ ။ "ဒီလိုပါ ဦးစံရှား၊ အလွန်အရေးကြီးတဲ့ စာတစ်စောင် ပျောက်သွားလို့ ဒီကနေ့မနက် သိသိချင်း ဝန်ကြီးမင်းကို တိုင်ကြားပြီး ဝန်ကြီး မင်းက ဦးစံရှားဆီ သွားတိုင်ကြရအောင်ဆိုလို့ လာခဲ့ရခြင်းဖြစ်ပါတယ်"

ရှား။ ။ "ပုလိပ်ကို အကြောင်းကြားပြီးပြီလား ခင်ဗျာ"

ဝန်။ ။ "ပုလိပ်ကို တိုင်ရင် လူတွေသိကုန်မှာ စိုးလေတော့ မတိုင်ပါဘူး၊ ပုလိပ်အရာရှိ ဆိုတာမျိုးက တစ်ဆင့်ကတစ်ဆင့် ဆိုတာလို ပေါက်ကြားပြီး နောက်ဆုံးမှာ မသိစေချင်တဲ့သူတွေ သိကုန်မှာစိုးတယ်...။ ကျွန်တော်တို့ကိစ္စက လူသိခံနိုင်တဲ့ကိစ္စ မဟုတ်လေတော့ ဦးစံရှားနဲ့ ကျိတ်ပြီး အလုပ်လုပ်ရအောင် လာခဲ့ရခြင်းဖြစ်ပါတယ်"

ရှား။ ။ "ဒီစာက ဘာကြောင့် ဒီလောက် အရေးကြီးရတာလဲ ခင်ဗျာ၊ ဘယ်လို စာမျိုးမို့ပါလဲ"

ဝန်။ ။ "အရေးကြီးဆို ဒီလိုဗျ၊ ဒီစာအကြောင်းကို အချို့ လူတွေ သိသွားရင် တိုင်းပြည် သူပုန်ထသည်အထိ ဆူပွက်သွားမှာကို စိုးရိမ်ရပါတယ်၊ ဒါကြောင့် ဒီစာအကြောင်းကို လူတွေမသိခင် တိတ်တဆိတ် ပြန်ရအောင် လုပ်ဖို့ အရေးကြီးနေပါတယ်"

အပါးတော်မြဲ ဘက်သို့လှည့်၍

ရှား။ ။ ဒီစာ ပျောက်သွားပုံအကြောင်း တစ်ဆိတ် ပြောပြစမ်းပါဦး

ပါး။ ။ "ဒီလိုပါ ဦးစံရှား၊ ဒီစာဟာက အိန္ဒိယနှင့် မြန်မာပြည်ဆိုင်ရာ ဗြိတိသျှအတွင်းဝန်ဆီက ပို့လိုက်တဲ့ အမိန့်စာ ဖြစ်ပါတယ်၊ အင်မတန် အရေးကြီး တဲ့ စာ ဖြစ်လေတော့ ရုံးခန်းမှာ မထားခဲ့ဘဲ ကျွန်တော်နဲ့အတူ နေ့တိုင်း အိမ်ကို ယူသွားပြီး သံသေတ္တာကလေးထဲမှာ ထည့်ထားပါတယ်၊ ဒီအမိန့်စာ ရတာ သုံးရက် ရှိသွားပါပြီ၊ မနေ့ညတုန်းက ကျွန်တော့် သံသေတ္တာထဲမှာ ရှိတဲ့ အကြောင်းကို ကျွန်တော် သေသေချာချာ သိရပါတယ်။ ကျွန်တော့် မျက်စိနဲ့ကို မြင်ရပါသေးတယ်၊ ဒီကနေ့မနက်ကျတော့မှ ပျောက်ချင်းမလှ ပျောက်သွားပါတယ်၊ ဒီစာ ထည့်တဲ့ သံသေတ္တာကလေးကို ကျွန်တော့် အိပ်ရာနားက စားပွဲပေါ်မှာ

mgyoe.com

mgyoe.com


တင်ပြီး အိပ်ပါတယ်။ ကျွန်တော်တို့ လင်မယား နှစ်ယောက်စလုံး အင်မတန် အအိပ်ဆတ်ပါတယ်။ ညဥ့်အချိန်မှာဝင်ပြီး ခိုးယူလို့ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ ကျွန်တော်တို့ နိုးကြမှာပါ၊ ဒါပေမဲ့ ဒီကနေ့ မနက်တော့ သေတ္တာ ဖွင့်ကြည့်တဲ့ အခါမှာ ဒီစာ ပျောက်သွားကြောင်း တွေ့ရပါတယ်"

ရှား။ ။ "ညက ဘယ်အချိန်မှာ အိပ်ရာဝင်ကြပါသလဲ"

ပါး။ ။ "မနေ့ညက ကျွန်တော့်မိန်းမဟာ ဝန်ကတော်များနဲ့ ဘိုင်စကုတ် လိုက်သွားလို့ ကျွန်တော်က အလုပ်လုပ်နေရစ်ပြီး ၁၁း၀၀ နာရီခွဲလောက်မှာ ပြန်လာလို့ အိပ်ရာဝင်ကြပါတယ်"

ရှား။ ။ "ခင်ဗျား အလုပ်လုပ်တဲ့အချိန်မှာ စာထည့်တဲ့ သံသေတ္တာဟာ စားပွဲပေါ်မှာပဲလား"

ပါး။ ။ "မှန်ပါတယ်"

ရှား။ ။ "ဒီအတောအတွင်း နောက်ဖေးဘက်များ မထွက်ဘူးလား"

ပါး။ ။ "တစ်ကြိမ်တော့ ထွက်မိပါတယ်၊ သို့သော် ဒီအချိန်မှာ ကျွန်တော်တို့တပည့် မောင်ဘအောင် ရှိပါတယ်"

ရှား။ ။ "မောင်ဘအောင်ကတော့ စိတ်ချရဲ့လား"

ပါး။ ။ "ငယ်ငယ်ကလေးကတည်းက သားလို သမီးလို မွေးလာခဲ့တာ အင်မတန်ရိုးတဲ့ သူငယ်ကလေးဖြစ်ပါတယ်"

ရှား။ ။ "သံသေတ္တာထဲမှာ ဒီစာထည့်ထားတဲ့အကြောင်းကို ဘယ်သူများ သိသလဲ"

ပါး။ ။ "ကျွန်တော့်အိမ်သားထဲက တစ်ယောက်မှ မသိပါဘူး"

ရှား။ ။ "ခင်ဗျားမိန်းမတော့ သိမှာပေါ့"

ပါး။ ။ "သူတောင် မသိပါဘူး။ ဒီကနေ့မနက် ပျောက်သွားတော့မှ သူ့ကို ကျွန်တော် ပြောပြမိပါတယ်... "

ထိုအခါ နန်းရင်းဝန်လည်း သဘောကျသော အမူအရာနှင့် ဦးခေါင်း ညိတ်လေ၏။

ဝန်။ ။ "ဒီလိုမှပေါ့ဗျာ... မိန်းမသားဆိုတာ... နှုတ်ပေါ့ပါဘိကနဲ့၊ အရေးကြီးတဲ့ နိုင်ငံရေးကိစ္စဆိုတာ သူတို့ကို အသိမပေးတာ ကောင်းတယ်"

ပါး။ ။ "မှန်ပါတယ်ဝန်မင်း ဒီစာ မပျောက်ခင်တုန်းက ကျွန်တော့် မိန်းမကို ဒီစာအကြောင်းတစ်ခွန်းမှ ကျွန်တော် မပြောမိပါဘူး"

mgyoe.com

mgyoe.com

ရှား။ ။ "ခင်ဗျားက မပြောပေမဲ့ သူ့ရှာမတွေ့နိုင်ဘူးလား"

ပါး။ ။ "မတွေ့နိုင်လောက်ပါဘူး၊ ဦးစံရှား၊ သူလည်း မတွေ့နိုင်ပါဘူး၊ ဘအောင်လည်း မတွေ့နိုင်ပါဘူး"

ရှား။ ။ "ဒီအရင်ကကော စာများ ပျောက်ဖူးသလား"

ပါး။ ။ "မပျောက်ဖူးပါဘူး"

ရှား။ ။ "ဒီအကြောင်းကို သိတဲ့လူ ရန်ကုန်မြို့ပေါ်မှာ ဘယ်နှယောက်လောက်ရှိသလဲ"

ပါး။ ။ "ဝန်ကြီး အစည်းအဝေးမှာ တင်ပြဖူးလို့ ဝန်ကြီးတွေရယ်၊ ကျွန်တော်ရယ်၊ ဒီလူစုက လွဲလို့ တစ်ယောက်မှ မသိပါဘူး၊ ရန်ကုန်မြို့ပေါ်မှာဖြင့် ဒီလူစုပဲ သိကြပါတယ်"

ရှား။ ။ "ဒီပြင်မြို့မှာကောဗျာ"

ပါး။ ။ "ဒီစာကိုပို့လိုက်တဲ့ ဗြိတိသျှအတွင်းဝန်ရုံးကတော့ သိကြမလား မဆိုနိုင်ဘူး"

ဦးစံရှားသည် အတန်ငယ် စဉ်းစားစိတ်ကူးနေပြီးနောက် နန်းရင်းဝန်ဘက်သို့ လှည့်၍

ရှား။ ။ "ဒီလိုပါခင်ဗျာ၊ ဒီစာအကြောင်းကို ယခုထက် သေသေချာချာ ကျွန်တော် သိရမှ ဖြစ်လိမ့်မယ်ထင်တယ်၊ ဒီစာအကြောင်းကို တချို့ လူတွေ သိသွားရင် သူပုန်ထကြလိမ့်မယ်ဆိုတာဟာ ဒီအမိန့်စာထဲမှာ ဘာတွေပါလို့လဲ ခင်ဗျာ"

နန်းရင်းဝန်သည် အပါးတော်မြဲအား လှမ်း၍ တစ်ယောက်နှင့်တစ်ယောက် မျက်လုံးချင်းဆိုင်ကာ ကြည့်နေကြပြီးနောက်...

ဝန်။ ။ "ဒီလိုဗျ ဦးစံရှား... စာအိတ်က အပြာရောင် ခပ်ရှည်ရှည်ပဲ၊ ချိတ်တံဆိပ်ကတော့ တိုက်တံဆိပ် ရွှေဒင်္ဂါးမှာလို အစိုးရသရဖူ တံဆိပ် နှိပ်ထားတယ်... ဒီထက်တော့ပိုပြီး ကျွန်တော်တို့ ပြောခွင့်မရှိပေဘူး"

ရှား။ ။ "သည်းခံပါခင်ဗျား၊ ကျွန်တော် စုံထောက်ရမယ်ဆိုရင် ဒီလောက်နဲ့တော့ မဖြစ်ပေဘူး ထင်တယ်၊ ဒီထက် စုံစုံလင်လင်သိရမှ ခြေရာကောက်နိုင်လိမ့်မယ် ထင်ပါတယ်၊ ဒီအမိန့်စာထဲမှာ ဘယ်လိုအကြောင်းအရာတွေ ရေးသားထားပါသလဲ"

mgyoe.com

mgyoe.com


ဝန်။ ။ "အင်မတန် အရေးကြီးတဲ့ နိုင်ငံရေးကိစ္စ ဖြစ်လေတော့ လျှို့ဝှက်စွာ အလုပ်လုပ်ကြရမှာမို့ ပြောလို့မဖြစ်ပေဘူး ဦးစံရှား... ဒီထက်ပိုပြီး ခင်ဗျားသိဖို့လည်း လိုမယ်မထင်ပါဘူး၊ စုံထောက်တဲ့ပညာမှာ ခင်ဗျား အင်မတန် တော်တယ်လို့ ကျွန်တော်တို့ကြားဖူးတဲ့အတိုင်း ကျွန်တော်ပြောပြတဲ့ စာအိတ်ကို အတွင်းစာနဲ့တကွ ပြန်ရအောင် လုပ်ပေးနိုင်ရင်တော့ ဘုရင်ခံဆီက ဆုလာဘ် များများကြီး ရအောင် ကျွန်တော် ထောက်ခံပေးပါ့မယ်...ဦးစံရှား"

ဦးစံရှားသည် မျက်နှာထားချိုစွာနှင့် ထိုင်ရာမှထလျက် "ဝန်မင်းတို့မှာလည်း တိုင်းရေးပြည်ရေးနဲ့ အင်မတန် အလုပ်များတဲ့ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်ပါပေလိမ့်မယ်၊ ကျွန်တော့်မှာလည်း ကျွန်တော့်ဟာကလေးနဲ့ကျွန်တော် အလုပ် များသားပဲခင်ဗျ၊ ဒီလောက်သိရရုံနဲ့ ကျွန်တော် တတ်နိုင်မယ်မထင်ပါခင်ဗျာ၊ ဒီလို ဝန်မင်းများရော၊ ကျွန်တော့်မှာရော အချည်းနှီး အချိန်ကုန်ကြရုံရှိလိမ့်မယ် ထင်ပါတယ်"

ထိုအခါ နန်းရင်းဝန်သည် ထိုင်ရာမှ ရုတ်တရက်ထ၍ မျက်မှောင်ကြုတ်ကာ ဦးစံရှာအား လှမ်းကြည့်လိုက်ရာမှ များစွာသော ဌာနချုပ်အရာရှိကြီးများသည် ၎င်းမျက်နှာထားကို မြင်ရသည့်အခါ ထိုင်ရမလို ထရမလိုနှင့် ယောင်တောင်တောင် ဖြစ်တတ်ကြသော်လည်း ဦးစံရှားမှုကား ခပ်ပြုံးပြုံး မျက်နှာနှင့် လက်ပိုက်ရပ်ကာ ကြည့်နေလေ၏။

နန်းရင်းဝန်လည်း "ခင်ဗျား ..."ဟူ၍ ဒေါသတကြီးနှင့် စကားစလိုက်ပြီးမှ ရုတ်တရက် သတိရဟန်နှင့် အမျက်ကို ချုပ်တည်း၍ နှုတ်ခမ်းကိုက်ကာ ငြိမ်ဝပ်စွာ ထိုင်နေလေ၏။ ကျွန်ုပ်တို့လေးဦးသားသည် တစ်ယောက်နှင့်တစ်ယောက် စကား မပြောဘဲ တစ်မိနစ်ခန့် ကြာသည့်တိုင်အောင် ဆိတ်ငြိမ်စွာ ထိုင်နေကြပြီးနောက်... နန်းရင်းဝန် သည် အမျက်ပြေပျောက်သည့် လက္ခဏာနှင့်...

ဝန်။ ။ "မပြောမဖြစ်ဘူးဆိုရင်လည်း ပြောရပေမှာပေါ့ ဦးစံရှား၊ ခင်ဗျား ပြောသလို အစုံအလင် မသိရရင် စုံထောက်လို့ မဖြစ်နိုင်ပေဘူးဆိုတာလည်း ဟုတ်ပါပေလိမ့်မယ်..."

ပါး။ ။ "မှန်ပါတယ် ဝန်မင်း"

ဝန်။ ။ "သို့သော် ဒီလိုလေဗျာ ဦးစံရှား၊ ခင်ဗျားရော ဒီက ခင်ဗျား မိတ်ဆွေ၊ ဦးသိန်းမောင်ရော နှုတ်လုံတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်လိမ့်မယ်လို့ ကျွန်တော် အားကိုးပါတယ်၊ ကျွန်တော် ဒီလောက်လျှို့ဝှက်နေနေတာက တခြားကြောင့်

mgyoe.com

mgyoe.com

မဟုတ်ဘူးဗျ၊ မတော်တဆ ပေါက်ကြားသွားရင် ကျွန်တော်တို့ ကြိုးစားခဲ့သမျှတွေ အလကားဖြစ်ပြီး တိုင်းပြည်ကြီး ကျွမ်းသဏ္ဍာလန်သွားမှာစိုးလို့ ချိန်ဆထဲ့ရခြင်း ဖြစ်ပါတယ်..."

ရှား။ ။ "ကျွန်တော်နဲ့ မိတ်ဆွေဦးသိန်းမောင် အတွက်တော့ ကျွန်တော် တာဝန်ယူပါတယ်...စိတ်ချပါ"

ဝန်။ ။ "ဒီလိုပါဗျာ...တခြား မဟုတ်ပါဘူး... ဗြိတိသျှ အတွင်းဝန်ကြီးက ဒီတိုင်းပြည်မှာရှိတဲ့ သခင်ခေါင်းဆောင်တွေ ဟူသမျှကို အားလုံး ဖမ်းပြီး ထောင်ထဲ ထားရမယ်လို့ အမိန့်ပေးလိုက်တဲ့စာ ဖြစ်ပါတယ်... ဒီအခါမှာ ဂျာမနီက အင်္ဂလန်ကို တိုက်တော့မလိုဖြစ်နေလို့ ကျွန်တော်တို့ဗမာပြည်မှာ သခင်တွေ လှုပ်လှုပ်ရွရွ ဖြစ်နေတုန်း အင်္ဂလိပ်အစိုးရက ဖြန်းခနဲ လိုက်မယ်ဆိုရင် မိတဲ့လူမိ လွတ်တဲ့လူ လွတ်သွားပြီး... ဟိုဂတ် စီးလား...သည်ဌာန တိုက်လားနဲ့ အင်မတန် ဆူပွက် သွားကြလိမ့်မယ်၊ သူတို့လူစုက နဂိုကမှ ဆူချင်လွန်းလို့ အကြောင်းရှာနေတဲ့ အထဲမှာ ကျုပ်တို့ စ,ဖမ်းလိုက်ရင် ငိုချင်ရက်လက်တို့ ဆိုတာမျိုးလို တစ်ပြည်လုံး ပွက်ပွက်ရိုက်သွားတော့မှာပဲ၊ ဒါကြောင့် ကျွန်တော်တို့ဝန်ကြီးအဖွဲ့က ဘုရင်ခံနဲ့ တိုင်ပင်ပြီး ဗြိတိသျှ အတွင်းဝန်ထံ ဒီကိစ္စကို ပြန်စဉ်းစားဖို့ ဆင်ခြေကန်ထားတယ်... ခါတိုင်းဆိုရင်တော့ ဒီလိုဆင်ခြေ မကန်ဘူးပေါ့ဗျာ... လုပ်ဆိုလုပ်ရမှာပေါ့၊ အခု တလောမှာတော့ သူတို့မှာလည်း ဟစ်တလာ ရန်က နေ့လားညလား ဆိုတာလို ဖြစ်နေတော့ ကျွန်တော်တို့ အစိုးရကလည်း အတွင်းဝန်ကြီးကို ပြန်စဉ်းစားဖို့ အစီရင်ခံဝံ့တာပေါ့၊ ဒီအချိန် စာပျောက်သွားလို့ ဒီအကြောင်းကို သခင်တွေ သိသွားရင် ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြလိမ့်မယ်။ တော်တော်ကြာ တော့ အတွင်းဝန်ကြီးက ဖမ်းသာဖမ်းလို့ အမိန့်ပြန်လာတဲ့အခါမှာ သခင်ခေါင်း ဆောင် တစ်ယောက်မှ ရှာမတွေ့ဘူးဆိုရင် ကျွန်တော်တို့တော့ ဘာမှမပြောနဲ့ ရာထူး နုတ်ထွက်ရုံ ရှိတော့မှာပဲ၊ အဲဒါလောက် အရေးကြီးတဲ့ကိစ္စ ဖြစ်လို့မို့ ဦးစံရှားကို ကျွန်တော်တို့ ရုတ်တရက် မပြောခဲ့ဘဲ ချိန်ဆနေခဲ့ခြင်း ဖြစ်ပါတယ်"

ထိုအခါ ဦးစံရှားသည် စက္ကူတစ်ရွက်ပေါ်တွင် နာမည်အချို့ကို ရေး၍ နန်းရင်းဝန်လက်သို့ ကမ်းလိုက်ပြီးနောက် "ဖမ်းရမယ့် အထဲမှာက ဒီလူစုပါတယ် မဟုတ်လားခင်ဗျာ" ဟု မေးလိုက်ရာ နန်းရင်းဝန်က "မှန်ပါတယ်" ဟု ပြောလေ၏။

ရှား။ ။ "သခင်တွေက အတွင်းဝန်ရုံးမှာ သူလျှိုတွေများ ချထားသလား ခင်ဗျား"

mgyoe.com

mgyoe.com


ဝန်။ ။ "သူတို့ကလည်း ပညာတတ်ကလေးတွေမို့ ဉာဏ် သွားသားပဲ ခင်ဗျ၊ ရှိချင်မှ ရှိမှာပဲ၊ ဒါကြောင့် ကျွန်တော်တို့က ဒီစာကို သိပ်ဂရုစိုက်ပြီး သိမ်းပါရက်နဲ့ ဒီလိုဖြစ်ရတာ သိပ်ခွကျနေတာပဲ"

ရှား။ ။ "တကယ်လို့ ဒီစာ ပျောက်သွားတယ်ဆိုပါတော့ ဘယ်သူ့ လက်ထဲကို ရှေးဦးစွာ ရောက်သွားလိမ့်မယ် ထင်လဲ"

ဝန်။ ။ "ရန်ကုန်မြို့မှာ လျှို့ဝှက်စွာ လုပ်ထားတဲ့ သခင် သုံးလေး ယောက် အသင်းရှိတယ်လို့ ပြောတယ်"

ရှား။ ။ "အဲဒီ သုံးလေးယောက် နာမည်ကို ကျွန်တော် ရနိုင်မလား"

ဝန်။ ။ "နိုင်ငံတော် စုံထောက်အဖွဲ့ကတော့ ဒီလူတွေကို မျက်ခြည် မပြတ်အောင် လိုက်နေတာပဲ။ ခင်ဗျား သိချင်ရင် ကျွန်တော် တောင်းပေးပါ့မယ်"

ရှား။ ။ "ဟုတ်ကဲ့၊ ရန်ကုန်က အဖွဲ့ကို ကျွန်တော် သိချင်ပါတယ် သုံးယောက်တဲ့ မများဘူး ပြောတယ်"

ဝန်။ ။ "ဟုတ်ပါလိမ့်မယ်၊ ဒါဖြင့် ကျွန်တော်တို့ပြန်သွားပြီး ချက်ချင်း တယ်လီဖုန်းနဲ့ ပြောလိုက်ပါ့မယ်"

ရှား။ ။ "သို့သော် တစ်ခုတော့ ရှိတယ်။ ဝန်မင်း ပျောက်သွားတာ ဒီကနေ့မနက်ဆိုတော့ ခုအချိန်မှာ သူတို့လက်ထဲမှာ ဒီစာ ရောက်သွားရင် ပြေးတဲ့ လူပြေး ပုန်းတဲ့လူပုန်း ဖြစ်ကုန်လောက်ပြီ ထင်တယ်။ သူတို့လူစု လက်ထဲကို မရောက်သေးဘဲ တစ်နေရာရာမှာ တင်နေသေးတယ် ဆိုရင်တော့ မျှော်လင့်စရာ ရှိသေးရဲ့။ နို့မဟုတ်ရင်တော့ လွန်ကုန်လောက်ပါပြီခင်ဗျာ၊ ကျွန်တော်ဖြင့် မျှော်လင့်စရာ သိပ်မရှိဘူး ထင်တာပဲ"

ဝန်။ ။ "ကျွန်တော်တို့လည်း ဒီလို စဉ်းစားတာပဲ၊ သို့သော် သူတို့ လက်ထဲမရောက်သေးဘဲနဲ့ တင်နေလိုနေငြားပေါ့ခင်ဗျာ"

ရှား။ ။ "ဒါတော့ ကြိုးစားကြည့်ရတာပေါ့ခင်ဗျာ၊ ဒါထက် နေစမ်းပါဦး၊ သေတ္တာထဲက ပျောက်ပုံကြည့်ရတာကတော့ ခင်ဗျားအိမ်သားထဲက လွဲလို့ ဒီစာကို ဘယ်သူမှ ယူနိုင်ဖို့ မရှိပါလားဗျာ... အိမ်သားတွေ ပြောစမ်းပါအုံး"

ပါ။ ။ "အိမ်သားတွေဆိုရင်တော့ ကျွန်တော့် မယားရယ်၊ ခုနက ဘအောင်ရယ်၊ ဒေါ်သီဆိုတဲ့ ထမင်းချက် မိန်းမကြီးရယ်... ဒါပဲရှိတာပဲခင်ဗျ"

ရှား။ ။ "မိန်းမကြီးက ဘူးလုံးနားမထွင်းပါ ခင်ဗျာ၊ ပါးရည်နပ်ရည် လည်း မရှိ၊ ဒီလိုဟာမျိုး လုပ်တတ်မယ် မထင်ပါဘူး"

mgyoe.com


ရှား။ ။ "ဘာပြောပြော... ဒီသုံးယောက်ထဲက တစ်ယောက်ယောက် ဖြစ်ရမှာပဲဗျ၊ အစေခံနှစ်ယောက် မဟုတ်ဘူးဆိုရင်... ခင်ဗျား မိန်းမပဲရှိမှာပဲ"

ပါး။ ။ "ကျွန်တော် ပြောပြခဲ့တဲ့အတိုင်း... ဒီစာအကြောင်းကို သူ လုံးလုံး မသိဘူးဗျ"

ရှား။ ။ "မသိဘူး ထင်တယ်လို့ ဆိုပါဗျာ"

ပါး။ ။ "မပြောတတ်ပါဘူးခင်ဗျာ၊ တွေးချင်သလိုသာ တွေးပြီး လုပ်ချင်သလိုသာ လုပ်ပါ၊ ပေါ်ပေါက်ရင် ကျွန်တော်တို့တော့ ကြိုက်တာပါပဲ"

ၡင်းနောက် နန်းရင်းဝန်က ရန်ကုန်မြို့၌ လျှို့ဝှက်စွာ ဖွဲ့စည်းထားသော သခင်ခေါင်းဆောင် သုံး, လေးယောက်တို့၏ အမည်၊ နေရပ်များကို တယ်လီဖုန်းနှင့် ပြောလိုက်ပါမည်ဟု မှာထား၍ တိုက်ပေါ်မှ ဆင်းသွားကြလေ၏။

*

ဧည့်သည်များ ဆင်းသွားကြသောအခါ ဦးစံရှားသည် ဆေးတံမီးညှိ၍ ဆေးနှစ်ဆုံ ကုန်သည့်တိုင်အောင် စဉ်းစားစိတ်ကူးရင်း အငွေ့တခြောင်းခြောင်းနှင့် သောက်ရှုလျက်ရှိရာ ကျွန်ုပ်မှာ ဦးစံရှား၏ ဝါသနာကို သိသည်ဖြစ်၍ အနှောင့်အယှက်မပေးဘဲ ကျွန်ုပ်၏ နေရာတွင်ထိုင်လျက် ငြိမ်သက်စွာ စောင့်ဆိုင်းနေလေ၏။ နောက်များ မကြာမီအတွင်း တယ်လီဖုန်း နှိုးစက်မြည်သဖြင့် ဦးစံရှားသည် တယ်လီဖုန်းကို ကောက်ယူ၍ နားထောင်သည်တွင် နန်းရင်းဝန်ထံမှ နာမည်သုံးခုကို စာရွက်ကလေးတစ်ခုပေါ်တွင် ရေးမှတ်ထားလိုက်လေ၏။ ထိုအတောအတွင်း၌ ကျွန်ုပ် ရန်ကုန် ဂေဇက်အင်္ဂလိပ်သတင်းစာကို ဖတ်ရှုလျက်ရှိစဉ် တိုက်ဂါအလီလမ်း၌ ယမန်ညဉ့်က ဖြစ်ပွားသော လူသတ်မှုတစ်မှုအကြောင်းကို တွေ့ရသည်နှင့်...

နုပ်။ ။ "နေစမ်းပါဦးဗျ၊ ဦးစံရှား၊ ခင်ဗျား ခုနက ရေးမှတ် နေတဲ့အထဲမှာ တိုက်ဂါအလီလမ်းက သခင်ထွန်းအောင်ဆိုတဲ့လူ ပါသလား"

ရှား။ ။ "ပါတယ်ဗျ ဘာကြောင့်လဲ"

နုပ်။ ။ "ဒါဖြင့် ခင်ဗျားစာရင်းထဲက တစ်ယောက် ပြုတ်သွားပြီ"

ရှား။ ။ "ဘာကြောင့်လဲဗျ"

နုပ်။ ။ "မနေ့ညက ၁၀း၀၀ နာရီလောက်မှာ ခင်ဗျား သခင်ထွန်းအောင်ကို လူသတ်သွားပြီတဲ့ဗျ"

mgyoe.com

mgyoe.com


ဦးစံရှားသည် ကျွန်ုပ်ပြောသော စကားကိုကြားရသောအခါ အံ့သြသော မျက်နှာထားနှင့် ကုလားထိုင်မှ ရုတ်တရက် ထလိုက်လေရာ၊ ကျွန်ုပ်မှာ ဦးစံရှား က ကျွန်ုပ်အံ့သြလောက်အောင် ပြောသောစကားများကိုသာ အခါခပ်သိမ်း ကြားခဲ့ ရ၍ ဦးစံရှား အံ့သြလောက်အောင် ကျွန်ုပ်က တစ်လှည့်တစ်ပတ် ပြောဆိုနိုင်သည့် အတွက် အလွန်ကျေနပ်သည်နှင့် အရသာခံလျက် ဦးစံရှား၏ မျက်နှာကို ကြည့်နေ မိသေး၏။ နောက်ဆုံး၌ ကျွန်ုပ်သည် အင်္ဂလိပ်သတင်းစာ၌ ဖော်ပြပါရှိသော အဖြစ်အပျက်များကို ဦးစံရှားအား ညွှန်ပြလိုက်ရာ အဓိပ္ပာယ်မှာ အောက်ပါ အတိုင်း ဖြစ်လေ၏။

## တိုက်ဂါအလီလမ်း လူသတ်မှု

ယမန်နေ့ည ၁၁း၀၀ နာရီခွဲ အချိန်ခန့်တွင် ရန်ကုန်မြို့၊ တိုက်ဂါအလီလမ်း နံပါတ်... နေအိမ်တွင် အလွန်ထူးဆန်းသော လူသတ်မှုတစ်ခု ဖြစ်ပွားကြောင်း၊ ၎င်း အိမ်မှာ တိုက်ခံအိမ်ကလေးဖြစ်၍ သခင်ထွန်းအောင် ဆိုသူတစ်ယောက် နေထိုင် လျက်ရှိရာ ထိုသူမှာ မည်သည့် အလုပ်မျိုး လုပ်ကိုင်သည်မှာ သေချာစွာ မသိရသော် လည်း အိမ်ထောင်ပစ္စည်းများနှင့် နေထိုင်ဖို့ အဆင့်အတန်းမှာ လခ မနည်းသော လူတစ်ယောက်၏ အနေအထိုင်မျိုးဖြစ်သည်ဟု ခန့်မှန်းကြရ၏။ သခင်ထွန်းအောင် မှာ အသက် ၃၀ ကျော်ရှိ၍ ၎င်း၏ နေအိမ်တွင် မောင်ထွေးနှင့် ၎င်း၏ မယားမမေ တို့သည် သခင်ထွန်းအောင်၏ ကိစ္စကြီးငယ်တို့ကို ဆောင်ရွက်လျက် တပည့်များ အဖြစ်နှင့် နေထိုင်ကြသည်ဆိုကြောင်း၊ သခင်ထွန်းအောင်သည် မောင်ထွေးတို့ လင်မယားအား အိမ်လခအပြင် အရပ်ရပ် အသုံးစရိတ်အတွက် တစ်လလျှင် ငွေတစ်ရာ ပေး၍ မောင်ထွေးတို့ လင်မယားက သခင်ထွန်းအောင်၏ စားမှု သောက်မှု တာဝန်နှင့် အရပ်ရပ် ကိစ္စတို့ကို ဆောင်ရွက်ပေးကြရသည်ဆို၏။ လွန်ခဲ့သောညဦးက မောင်ထွေးတို့ လင်မယားသည် သခင်ထွန်းအောင်ထံမှ ခွင့်တောင်း၍ မြို့ထဲသို့ ဘိုင်စကုတ်ကြည့်ရန် သွားကြသဖြင့် သခင်ထွန်းအောင်မှာ မိမိ၏ နေအိမ်တွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်ဆိုကြောင်း၊ ၁၁း၀၀ နာရီ အချိန်ခန့်တွင် ၎င်းရပ်ကွက်၌ ပတ်တရောင် လှည့်ကြသော ဆာဂျင်မောင်များနှင့် ပုလိပ်သား နှစ်ယောက်တို့သည် တိုက်ဂါအလီလမ်းပေါ်၌ လျှောက်လာကြစဉ် သခင်ထွန်းအောင်၏ နေအိမ်မှာ အိမ်တံခါးများပွင့်လျက် မှန်အိမ် မလင်းတလင်း

mgyoe.com

mgyoe.com


ရှိနေသဖြင့် ခါတိုင်းနှင့်မတူ အမူအရာ ထူးခြားသည်ဟု အောက်မေ့သည်နှင့် ဆာဂျင်မောင်များတို့ လူစုသည် အိမ်ဝင်း တံခါးကို ခေါက်ကြည့်ကြသည် ဆိုကြောင်း၊ သို့ရာတွင် အိမ်တွင်းမှ လူသံမကြားသည်နှင့် မောင်များတို့ လူစုသည် ဝင်းတံခါးကိုဖွင့်၍ အိမ်တစ်လုံး မလင်းတလင်း ထွန်းထားသော သခင်ထွန်းအောင်၏ နေအိမ်အောက်ထပ်မှာ အိမ်ထောင်ပစ္စည်း ဖရိုဖရဲ ကြဲပြန့်လျက်ရှိသည်ကို တွေ့ကြရသည်ဆိုကြောင်း၊ ကုလားထိုင်တစ်လုံးမှာ အခန်းထောင့်၌ လဲလျက်ရှိသည့်ပြင် စားပွဲပေါ်မှာ စာအုပ်များမှာလည်း အန့်အပြား ကြဲပြန့်လျက်ရှိသည်ကို တွေ့ကြရသည်ဆိုကြောင်း၊ အခန်း၏ အလယ်၌ ချည်ဖြင့်ယက်လုပ်၍ အဖြူနှင့် အပြာ အကန့်လိုက်ရှိနေသော ရွက်ထည်ကြီးတစ်ခု ခင်းထားလေရာ၊ ၎င်းရွက်ထည်ပေါ်တွင် သခင်ထွန်းအောင်မှာ ခပ်ကွေးကွေး လဲလျက်ရှိသည်ကို တွေ့ကြရသည် ဆိုကြောင်း၊ သခင်ထွန်းအောင်၏ ရင်ဘတ်တွင် ဓားမြှောင်မှာလည်း သခင်ထွန်းအောင်၏ စားပွဲအံဆွဲတွင် ထားလေ့ရှိသော လက်နက်ဖြစ်သည်ဟု မောင်ထွေးလင်မယားက ထွက်ဆိုကြကြောင်း အခန်းတွင်း၌ စားပွဲတင်နာရီနှင့်တကွ သခင်ထွန်းအောင်၏ လက်တွင် ရွှေလက်ပတ်နာရီတို့ကို တွေ့ကြရ၍ အခြားပစ္စည်းကို ယူလိုသည့် လက္ခဏာမရှိဟု တွေးထင်ကြကြောင်း၊ သခင်ထွန်းအောင်၏ စားပွဲအံဆွဲတွင် ငွေငါးဆယ်ကျော်မျှ အလွယ်တကူ တွေ့ရသည် ဖြစ်သောကြောင့် ၎င်းကို သတ်သောလူများသည် ငွေရလိုသော ရည်ရွယ်ချက် မရှိသည့် အကြောင်းမှာ သာ၍ ထင်ရှားကြောင်း။

ရန်ကုန်ဂေဇက်တွင်ပါရှိသော အထက်ပါအကြောင်းအရာများကို ကျွန်ုပ်က ပြသဖြင့် ဖတ်ရှုပြီးနောက် ဦးစံရှားက –

ရှား။ ။ "ဘယ့်နှယ်လဲ ကိုသိန်းမောင်...ခင်ဗျား ဘယ်လို ထင်သလဲ"

နုပ်။ ။ "ဘယ်လိုမှတော့ မထင်တတ်ဘူး၊ ဗျို့... သို့သော် နန်းရင်းဝန်ဆီက စာရင်းပေးလိုက်တဲ့ လူသုံးယောက်အနက်မှာ တစ်ယောက် ဒီလို ဖြစ်နေတယ် ဆိုတာတော့ တော်တော်ထူးဆန်းတာပဲ"

ရှား။ ။ "ထူးဆန်းလိုက်ပုံတော့ ဘာပြောကောင်းမလဲ ကိုသိန်းမောင်၊ အပါးတော်မြဲအိမ်မှာ အလွန်အရေးကြီးတဲ့ စာတစ်စောင် ပျောက်တယ်၊ ပျောက်လို့ ကျုပ်တို့ဆီကို လာတိုင်တယ်၊ လာတိုင်လို့ ဒီကိစ္စနဲ့ ပတ်သက်မယ်ထင်တဲ့ လူသုံးယောက်ရဲ့ နာမည်ကို ကျုပ် တောင်းတယ်၊ တောင်းလို့မှ ရရုံရှိသေး၊

mgyoe.com

mgyoe.com


ဒီသုံးယောက်အနက်က တစ်ယောက် သေတယ်လို့ ကြားရတယ်၊ ဒီတော့ကာ ဒီစာပျောက်တာနဲ့ သခင်ထွန်းအောင် သေတာနဲ့ဟာ အဆက်အသွယ် မရှိဘူးဆိုရင် ဘယ်လိုဟာမျိုး အဆက်အသွယ် ရှိဦးမှာလဲ"

နုပ်။ ။ "ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဆိုတာမျိုးလို မဖြစ်နိုင်ဘူးလားဗျာ"

ရှား။ ။ "ဘယ်ကလာ ဖြစ်နိုင်မှာလဲ ကိုသိန်းမောင်၊ ဒီလူ သေတာနဲ့ ဒီစာ ပျောက်တာနဲ့ဟာ တစ်ဆက်တည်းဖြစ်ရမယ်လို့ ဧကန် ကျုပ်ဆိုဝံ့တယ်"

နုပ်။ ။ "ဒီလိုဆိုရင် ပုလိပ်တွေလည်း ဒီလိုပဲတွေးကုန်ကြတော့မှာပေါ့"

ရှား။ ။ "ဘယ်ကလာ တွေးနိုင်မှာလဲဗျ၊ သူတို့က သခင် ထွန်းအောင် သေတာကိုသာ သိကြမှာကိုး၊ ဟိုစာပျောက်သွားတဲ့ အကြောင်းကို သိမှမသိကြဘဲ၊ ဒီတော့ကာ ဒီအဆက်ကို ကျုပ်တို့သာ မြင်တာဗျ အလို၊ ဘယ်သူများ လာပြန်တာလဲ ဗျို့ လှေကားပေါ်က ခြေသံကြားတယ်..."

ကျွန်ုပ်တို့သည် တံခါးခေါက်သံကြားသဖြင့် ဖွင့်ပေးလိုက်ရာတွင် မိန်းမ တစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာလေ၏။

ကျွန်ုပ်သည် ထိုမိန်းမ၏ ရုပ်အဆင်းကို တွေ့မြင်ရသောအခါတွင် အံ့အား သင့်လျက် ငေးကြည့်မိနေလေတော့၏။ ဇင်းမယ်လုံချည် ကတ္တီပါဖိနပ်နှင့် ရှန်သား အင်္ကျီအစရှိသော ထိုမိန်းမအဝတ်အစားများမှာ အခြားမိန်းမများ၏ အဝတ်အစား များနှင့်ခြားနားခြင်း မရှိသော်လည်း ၎င်း၏လက်တွင် ကိုင်ထားသော ဗာနတီဘက် ခေါ် ဗိုလ်မများကိုင်လေ့ရှိသည့် လက်ဆွဲသားရေအိတ်ကလေးနှင့် ၎င်းမိန်းမ၏ ခံ့ညားသော အမူအရာတို့မှာ အထက်တန်းစား အရာရှိတစ်ယောက်နှင့် သားသမီး ဖြစ်၍ အထက်တန်းစား အရာရှိတစ်ယောက်နှင့် လက်ထပ်ထိမ်းမြားခဲ့သော သားမယားဖြစ်သည့် အကြောင်းကို ကောင်းစွာအကဲခတ်နိုင်ပေ၏။ ထိုမိန်းမမှာ ရုပ်ဆင်းသဏ္ဌာန်အားဖြင့် အမှန်ပင်ချောမောလှပပါပေ၏။ သို့ရာတွင် ရုပ်ဆင်းလှပ ခြင်းထက် အမူအရာ ခံ့ညားခြင်းက သာလွန်ထင်ရှားပေသည်။

ထိုမိန်းမသည် အခန်းတွင်းသို့ဝင်လာ၍ သားရေအိတ်ကလေးကို ကိုင်ကာ ကျွန်ုပ်တို့ နှစ်ယောက်ကို ကြည့်နေပြီးနောက် မည်သူသည် ဦးစံရှားဖြစ်သည်ကို ရိပ်မိဟန် လက္ခဏာနှင့် ဦးစံရှားကိုကြည့်လျက် "ကျွန်မ အတွင်းဝန် ဦးသန်းကြွယ် မိန်းမ ခင်ခင်ကြီးပါ" ဟု ပြောလိုက်ရာ ၎င်း၏ အသံနေအသံထားနှင့် ကိုယ်ဟန်

mgyoe.com

အမှုအရာတို့မှာ ကိစ္စ အကြီးအကျယ် ရှိသည့်အတွက်ကြောင့် တုန်တုန်ယင်ယင်နှင့် ကပျာကသီ ရှိနေသည့်အဖြစ်ကို ကျွန်ုပ် အကဲခတ်မိလေ၏။

ခင်။ ။ "ကျွန်မယောကျ်ား ဦးသန်းကြွယ် ဒီကိုလာတယ် မဟုတ်လား ဦးစံရှားရှင်"

ရှား။ ။ "မှန်ပါတယ် လာပါတယ်"

ခင်။ ။ "တစ်ခုတော့ ကျွန်မ တောင်းပန်ပါရစေရှင်၊ ကျွန်မ ဒီကို လာတဲ့ကြောင်း ကျွန်မယောကျ်ားကို မပြောပါနဲ့နော်...ဦးစံရှား"

ဦးစံရှားသည် ရုတ်တရက် အဖြေမပေးသေးဘဲ ကုလားထိုင် တစ်လုံးကို ညွှန်ပြီးမှ...

ရှား။ ။ "ထိုင်ပါခင်ဗျာ၊ ထိုင်ပါ အဖြစ်အပျက်ကို အစုံအလင် မသိရသေးခင် မပြောဘူး၊ ပြောမယ်လို့ ကျွန်တော် ကတိထားဖို့တော့ ခဲယဉ်းတယ်မှတ်တယ်"

ခင်ခင်ကြီးသည် ရုတ်တရက် မထိုင်သေးဘဲ ကုလားထိုင်ကို ပြတင်းပေါက်အနီးသို့ ရွှေ့ပြီးလျှင် အလင်းရောင်ကို ကျောခိုင်းလျက် မိမိ၏မျက်နှာကို အမှောင်ဘက်သို့ လှည့်ထားပြီးမှ ထိုင်လေ၏။

ခင်။ ။ (လက်ဆွဲအိတ်ကလေးကို စားပွဲပေါ်တွင် ချထားလိုက်ပြီးနောက်) "ဒီလိုပါ ဦးစံရှားရှင့် ကျွန်မက ပွင့်ပွင့်လင်းလင်း ပြောသလို ဦးစံရှားကလည်း ကျွန်မကို ပွင့်ပွင့်လင်းလင်း ပြောလိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ ကျွန်မယောကျ်ား ကိုသန်းကြွယ်ဟာ နေရာတကာမှာ ကျွန်မကို အလုံးစုံ ယုံကြည်ပါတယ်။ ဘာမဆို ကျွန်မကို ဖွင့်ပြီးတော့ တိုင်ပင်လေ့ ရှိပါတယ်။ သို့သော် နိုင်ငံရေးနဲ့ပတ်သက်တဲ့ကိစ္စ တစ်ခုတည်းပဲ ကျွန်မကို ဖွင့်မပြောဘဲ ထားတတ်ပါတယ်။ ဒီပြင်ကဖြင့် ဘာမဆို ကျွန်မ မေးတိုင်း ပြောတာပဲ နိုင်ငံရေးဆိုရင်ဖြင့် ကျွန်မအပေါ်မှာ သိပ်ပြီး နှုတ်လုံတာပဲ၊ ဘာတစ်ခုမျှ ဖွင့်လို မပြောဘူး မေးလို့လည်း မရဘူး၊ တိုင်ပင်တယ်လို့လည်း မရှိဘူး၊ ကျွန်မတို့အိမ်မှာ မနေ့ညက နိုင်ငံရေးနဲ့ပတ်သက်လို့၊ အင်မတန်အရေးကြီးတဲ့ စာတစ်စောင် ပျောက်သွားတယ်ဆိုတာ ကျွန်မ သိရပါတယ် ကျွန်မ ယောကျ်ားက အင်မတန် အရေးကြီးလို့ ဘယ်သူ့ဆီကစာ ဖြစ်တယ်ဆိုတာကိုတောင် မပြောပါဘူး၊ အခု သူပျောက်သွားတယ်ဆိုတဲ့စာဟာ ဘယ်လိုစာမျိုး ဖြစ်တယ်ဆိုတာ ကျွန်မ သိလိုပါတယ်၊ ဒီအကြောင်းကိုရှင်တော့ သိမှာပါပဲ၊ ဒီတော့ကာ ပျောက်နေတဲ့စာဟာ ဘယ်လိုစာမျိုးဖြစ်လို့ ဒီစာကို မတွေ့ရင် ဘယ်လို ဖြစ်လိမ့်မယ်ဆိုတာကို ကျွန်မ သိပါရစေ ဦးစံရှားရှင့်"

mgyoe.com

mgyoe.com


ရှား။ ။(ဦးခေါင်းယမ်းလျက်) "ဒီမေးခွန်းကိုတော့ ကျွန်တော် ဖြေနိုင်တဲ့ အခွင့်အရေး မရှိဘူး မှတ်တယ်"

ထိုအခါ ခင်ခင်ကြီးသည် အလွန်စိတ်ရှုပ်သော အမူအရာနှင့် ၎င်း၏ ဆံပင်များကို ဆွဲ၍ ဖွလိုက်လေ၏။ စင်စစ်မှာ ခင်ခင်ကြီးသည် သပ်ရပ်စွာ မဖြီးမလိမ်းနိုင်ဘဲ ကပိုကရိုနှင့် လာခဲ့ခြင်း ဖြစ်သောကြောင့် ၎င်း၏ဆံပင်မှာ မင်းကတော်များ ထုံးစံအတိုင်း သပ်ရပ်စွာ ထုံးမထားဘဲ နောက်စေ့တွင် ဘီးကလေးနှင့် ညှပ်၍ပတ်ထားခြင်းမျှသာ ဖြစ်လေသည်။ ဦးစံရှားသည် ခင်ခင်ကြီး၏ စိတ်ရှုပ်သော အမူအရာကို မြင်သည်နှင့်...

ရှား။ ။ "အရာရှိကတော်ဆိုတော့ ကျွန်တော် ဆောင်ရွက်ရတဲ့ အလုပ်ဝတ္တရား အကြောင်းကို ရိပ်မိလောက်ထင်ပါရဲ့၊ ကျွန်တော့် အမှုသည် ဖြစ်နေတဲ့ ခင်ဗျားယောကျ်ား ဦးသန်းကြွယ်က ခင်ဗျားကို ဖွင့်မပြောသင့်ဘူးထင်လို့ ဖွင့်မပြောတဲ့ ကိစ္စတစ်ခုမှာ ကျွန်တော်က ဖွင့်ပြောလို့ မဖြစ်ပေဘူး ဆိုတာကို သိလောက်သင့်တယ် ထင်ပါတယ်၊ ကျွန်တော်ကိုယ်တိုင်ကလည်း ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ကတိထားလိုက်ရပြီးဖြစ်ပါတယ်၊ ဒါကြောင့် သိချင်လို့ မေးမယ်ဆိုရင် ကျွန်တော့်ကိုမမေးဘဲ ခင်ဗျားယောကျ်ား ဦးသန်းကြွယ်ကိုသာ မေးသင့်တယ် ထင်ပါတယ်"

ခင်။ ။ "ကျွန်မ သူ့ကို မေးပြီးပြီရှင့်၊ မေးမရလို့ နောက်ဆုံးမှာ ဦးစံရှားဆီ လာရခြင်းဖြစ်ပါတယ်၊ သို့သော် ကျွန်မကို အားလုံး မပြောရင် ရှိပါစေတော့ ကျွန်မ သိချင်တဲ့ အချက်ကလေး တစ်ခုတော့ မေးပါရစေရှင်..."

ရှား။ ။ "ဘာလဲဗျာ"

ခင်။ ။ "ဒီစာပျောက်သွားတဲ့ အတွက် ကိုသန်းကြွယ်ရဲ့ ကြီးပွားမှုကို ထိခိုက်လိမ့်မလားရှင်"

ရှား။ ။ "ဟုတ်ကဲ့ ဒီစာကို ပြန်မတွေ့ရင်တော့ ထိခိုက်မယ့် လက္ခဏာ ရှိတယ်"

ထိုအခါ ခင်ခင်ကြီးသည် "အို" ဟုဆို၍ မိမိ၏ဆံပင်ကို ဒုတိယအကြိမ် ဆွဲဖွပြန်လေ၏။

ခင်။ ။ "တစ်ခွန်းတည်း ကျွန်မ မေးပါရစေဦး ဦးစံရှား။ ဒီစာပျောက် ပျောက်ချင်း ကိုသန်းကြွယ်ပြောပုံ ထောက်ကြည့်လိုက်တော့ ဒီအတွက်ကြောင့် တိုင်း

mgyoe.com

mgyoe.com


ပြည်မှာ ဒုက္ခအကြီးအကျယ် ရောက်လိမ့်မယ်လို့ ကျွန်မ သိရပါတယ် ဒီအတိုင်း ဟုတ်ပါသလားရှင်"

ရှား။ ။ "သူက ဒီလိုပြောရင် ကျွန်တော်က ဘာငြင်းစရာလိုသလဲ ခင်ဗျာ"

ခင်။ ။ "ကိုင်း... ဒါဖြင့် တော်ပါပြီရှင်... ဦးစံရှား ပြောခွင့်မရှိတာကို ကျွန်မ မမေးတော့ပါဘူး၊ သို့သော်...ကျွန်မယောကျ်ားက မသိစေချင်တာကို ကျွန်မ မေးသည့်အတွက် ကျွန်မအပေါ်မှာ တလွဲမထင်ဖို့ ကျွန်မ တောင်းပန်ပါတယ်၊ ပြီးတော့ ကျွန်မ ပြောတဲ့အတိုင်း ဦးစံရှားဆီကို ကျွန်မ လာတဲ့အကြောင်းကို ကိုသန်းကြွယ် မသိပါစေနဲ့လို့ ကျွန်မ ထပ်လောင်းပြီး တောင်းပန်ခဲ့ပါရစေရှင်"

ခင်ခင်ကြီးသည် ထိုင်ရာမှထ၍ သားရေအိတ်ကလေးကို စားပွဲပေါ်မှ ကောက်ယူပြီးလျှင် တံခါးရှိရာသို့ သွားလေရာ တံခါးပေါက်မှ ထွက်ခွာနီးတွင် ကျွန်ုပ်တို့ဘက်သို့ နောက်ဆုံးအကြိမ် လှည့်၍ ကြည့်လိုက်သော မျက်နှာကို မြင်လိုက်ရခြင်းဖြင့် ကျွန်ုပ်၏ စိတ်ထဲ၌ အလွန်လှ၍ အလွန်ခံ့ညားသော မိန်းမ တစ်ယောက်သည် အလွန် စိတ်ရှုပ်လျက် ရှိသည်ဟူသော အခြင်းအရာ တစ်ခု စွဲမြဲလျက် ကျန်ရစ်လေတော့၏။

ရှား။ ။ "ကိုင်း...ကိုသိန်းမောင် မိန်းမအကြောင်းတော့ ခင်ဗျားက ကျုပ်ထက် နားလည်ပါတယ်၊ ဒီမိန်းမရဲ့ ကိစ္စက ဘာလဲ၊ သူ ဘာကို လိုချင်တာလဲ"

နုပ်။ ။ "သူ ပြောခဲ့တာ အရှင်းသားပဲဗျာ သူ့ အမူအရာကလည်း တုန်လှုပ်ချောက်ချားနေတာ မြင်ရသားပဲ"

ရှား။ ။ "ဒီမိန်းမက အထက်တန်း လူကြီးတစ်ယောက်ရဲ့သမီး အထက်တန်းစား အရာရှိ တစ်ယောက်ရဲ့ မယားဖြစ်လေတော့ သူ့စိတ်သဘောကို တော်တော်နဲ့ ဖော်ပြတဲ့ အတန်းစား မဟုတ်ဘူးဗျ၊ တော်တော်ကြီး ချုပ်တည်းနိုင်တဲ့ အထဲကပဲ၊ ဒါနဲ့တောင် ကျုပ်တို့ မြင်နိုင်လောက်အောင် တုန်လှုပ်ချောက်ချား နေတာကို ထောက်ခြင်းအားဖြင့် သူ့ကိစ္စဟာ အင်မတန် အရေးကြီးဟန်တူတယ်၊ သူ့ယောကျ်ားရဲ့ စာတစ်ရွက် ပျောက်သွားရုံနဲ့ သူ ဒီလောက် တုန်လှုပ်ဖို့ အကြောင်း မရှိဘူး ထင်တယ်..."

နုပ်။ ။ "ဟုတ်ကဲ့ အင်မတန် တုန်လှုပ်နေပြီး မေးလိုက်တာကလည်း မရမက သိပ်ဝမေးတာပဲ"

mgyoe.com

ရှား။ ။ "ပြီးတော့ ကုလားထိုင်မှာ ထိုင်ပုံကို ခင်ဗျား သတိထားမိရဲ့လား၊ ပြတင်းပေါက်ဘက်ကို ကျောခိုင်းပြီး သူ့မျက်နှာကို ကျုပ်တို့ အကဲမခတ်စေလိုကြောင်း ထင်ရှားတယ်"

နုပ်။ ။ "ဒါကိုလည်း ကျွန်တော် သတိပြုမိပါတယ်"

ရှား။ ။ "မိန်းမကို အကဲခတ်ရတာ ယောကျ်ားများနဲ့ မတူဘူးဗျ၊ ကြိုးကြာကန်ရွာ အမှုတုန်းက အိမ်ရှင်မရဲ့ မျက်နှာထားမှာ သနပ်ခါး ကွက်နေတာမြင်တာနဲ့ ကျုပ်က ကောက်နုတ်ချက် ထုတ်ခဲ့ဖူးတယ် မဟုတ်လား၊ သူတို့ဟာက သိပ်ခက်တယ်၊ အရေးမကြီးသလိုဟာကလေးထဲက အရေးကြီးတဲ့ အဓိပ္ပာယ်ထွက်ချင်ထွက်လာတယ်၊ မှန်တစ်ချပ် ဘီးတစ်ချောင်းနဲ့ ပတ်သက်ပြီး အရေးကြီးချင်လည်း ကြီးနေတယ်၊ အရေးကြီးယောင်နဲ့ အရေးမကြီးဘဲ ဖြစ်ချင်ဖြစ်နေတယ်၊ အဲဒါမျိုးတွေ သိပ်များတာပဲဗျာ၊ ဒါကြောင့် ဂရုစိုက်ရတယ်၊ ကိုင်း နေရစ်ပေဦးတော့ဗျာ၊ ကျုပ် သွားလိုက်ဦးမယ်"

နုပ်။ ။ "ဘယ်ကိုလဲဗျ"

ရှား။ ။ "တိုက်ဂါအလီလမ်းက သခင်ထွန်းအောင်တို့အိမ်ဆီ သွားပြီး ကိုအုံးဖေတို့ လူစုနဲ့ ရောကြည့်လိုက်ဦးမယ်၊ ဒီစာပျောက်တဲ့ ကိစ္စဟာ သခင်ထွန်းအောင်နဲ့ ပတ်သက်တယ်ဆိုတာကို ကျုပ်က တထစ်ချ ယူဆထားတယ်၊ ဘယ်ပုံဘယ်နည်း ပတ်သက်တယ် ဆိုတာကိုတော့ မပြောနိုင်သေးဘူး"

*

ဦးစံရှားသည် ထိုနေ့မှစ၍ သုံးရက်တိုင်တိုင် နေအိမ်မှ ထွက်ချီဝင်ချီ ပြုလုပ်၍ ကျွန်ုပ်အားလည်း စကားမပြောဘဲ ဆေးတံတဖွာဖွာနှင့် စိတ်ကူးလျက်ရှိလေ၏။ ကျွန်ုပ်မှာမူ ဦးစံရှား၏ ဝါသနာကို သိပြီးဖြစ်သည်နှင့် သူက မပြောမချင်း မမေးဝံ့ဘဲ အရိပ်အကဲကိုသာ ကြည့်နေရလေ၏။ ရံဖန်ရံခါ မျက်မှောင်ကြုတ်လျက်ရှိသော ဦးစံရှား၏ မျက်နှာထားကို မြင်ရခြင်းအားဖြင့် စာပျောက်သော အမှုနှင့် ပတ်သက်၍ အခြေမလှဟူ၍လည်း အောက်မေ့မိ၏။ ဦးစံရှားသည် သခင်ထွန်းအောင် အမှုအကြောင်းကိုပင် ကျွန်ုပ်အား ပြောဖော်မရတော့သဖြင့် ကျွန်ုပ်မှာ ၎င်းအမှုအကြောင်းကို သတင်းစာများမှာ ဖတ်ရှုရာတွင် သခင် ထွန်းအောင်၏ တပည့်မောင်ထွေးကို ပုလိပ်က မသင်္ကာမှုနှင့် ဖမ်းထားပြီးမှ လွှတ်လိုက်ပြန်သည့် အကြောင်းများကို တွေ့ရလေ၏။ သခင်ထွန်းအောင်၏ စာပေးစာယူ

mgyoe.com

mgyoe.com

များကို ပုလိပ်အရာရှိများ ကြည့်ရှုသည့်အခါ သာမန်နိုင်ငံရေးသမား တစ်ယောက် သာမက နိုင်ငံရေးနှင့်ပတ်သက်၍ အလွန် အလုပ်လုပ်သော လူတစ်ယောက် ဖြစ်ကြောင်းကိုသာ တွေ့ရ၍ သမီးရည်းစား ပေးစာမျိုးကိုမူ မတွေ့ရဟု သိရှိရ၏။

သခင်ထွန်းအောင်သည် ကုမ္ပဏီတစ်ခုတွင် စာရေးအလုပ်ကို လုပ်၍ လူအားလုံးနှင့် သင့်မြတ်သဖြင့် ရန်သူဟူ၍ မရှိကြောင်း အသက် ၃၀ ကျော်သော်လည်း သားမယား မရှိကြောင်းများကိုလည်း သိရှိရ၏။

ပုလိပ်အရာရှိများသည် မောင်ထွေးကို ဖမ်းကြသော်လည်း မောင်ထွေး လင်မယားမှာ ထိုညဉ့်က မြန်မာဘိုင်စကုတ်ရုံ တစ်ခုတွင် အမှန်ကြည့်ခဲ့ကြကြောင်းကို သက်သေလုံလောက်စွာ ပြနိုင်သဖြင့် လွှတ်လိုက်ရ၏။ မောင်ထွေး လင်မယားသည် ဘိုင်စကုတ်ရုံမှ ပြန်လာကြသောအခါ မိမိတို့၏ဆရာ သခင်ထွန်းအောင် သေဆုံးနေသည့်အဖြစ်ကို တွေ့ကြရသည်ဆို၏။ မောင်ထွေးမှာ သခင်ထွန်းအောင်နှင့်အတူ မြောင်းမြမှ လိုက်ပါလာသည့် တစ်ရပ်တည်းသားဖြစ်ကြောင်းကိုလည်း သိရ၏။ တစ်ခါက သခင်ထွန်းအောင်သည် ခွင့်တစ်လ ယူ၍ မြောင်းမြသို့ ပြန်သွားစဉ် မောင်ထွေးလင်မယားမှာ ၎င်းနှင့်အတူ မလိုက်ကြရဘဲ အိမ်စောင့်နေရစ်ကြသည်ဆို၏။

ကျွန်ုပ်သည် အထက်ပါ အခြင်းအရာများကို သတင်းစာများတွင် ဖတ်ရှုရခြင်းဖြစ်လေရာ ဦးစံရှားမှာမူ ၎င်းအမှုနှင့် ပတ်သက်၍ မည်မျှလောက် ပိုမိုသိရှိသည် မဆိုနိုင်။ ကျွန်ုပ်အားမူ အလျှင်းပင် ဖွင့်ဟပြောဆိုခြင်း မပြုချေ။ စတုတ္ထနေ့၌ သခင်ထွန်းအောင် အကြောင်းနှင့်ပတ်သက်၍ မြောင်းမြမြို့ ပုလိပ်အရာရှိများက ထောက်လှမ်းစုံစမ်းသဖြင့် သိရှိရသော အခြင်းအရာများကို သတင်းစာတစ်စောင်တွင် အောက်ပါအတိုင်း ပါလာသည်ကို ဖတ်ရှုရလေ၏။

ရန်ကုန်မြို့ တိုက်ဂါအလီလမ်း လူသတ်မှုနှင့် ပတ်သက်၍ မြောင်းမြပုလိပ်တို့သည် မြောင်းမြသားဖြစ်သော သခင်ထွန်းအောင် အကြောင်းကို ၎င်းမြို့ရှိ ထောက်လှမ်းစုံစမ်းသဖြင့် အောက်ပါအတိုင်း သိရှိရကြောင်း ပုလိပ်ဌာနအနီး၌ နေထိုင်လျက်ရှိသော ကျောင်းဆရာမကလေး မသန်းတင်ဆိုသူမှာ ရတ်တရက် ရောင်တခင် ရူးသွပ်သောရောဂါ စွဲကပ်လာ၍ တိုက်ဂါအလီလမ်း လူသတ်မှုနှင့် ပတ်သက်သည်ဟု သင်္ကာမကင်းလောက်သည့် အချက်အလက်များကို တွေ့ရှိရကြောင်း ကွယ်လွန်သူ သခင်ထွန်းအောင်မှာ မသန်းတင်နှင့် ချစ်ကြိုက်ကြ၍

mgyoe.com

mgyoe.com


မြောင်းမြမြို့တွင်း တစ်လခန့်မျှ အတူတကွ နေထိုင်ကြဖူးသည်ဟု သိရှိရကြောင်း၊ မသန်းတင်မှာ အလွန်ဒေါသကြီးသော မိန်းမတစ်ယောက်ဖြစ်၍ ဈေးထဲ၌ ဈေးသည်များနှင့် ခိုက်ရန်ဖြစ်ပွားဖူးသည့်ပြင် မိမိ၏ ကျောင်းသားကလေးများကိုလည်း အလွန်အမင်း ရိုက်နှက်မှုကြောင်း၊ ကလေးသူငယ်များ၏ မိဘများက အရေးယူခြင်း ခံရဖူးကြောင်း၊ မသန်းတင်သည် မိမိအား လှည့်စားသွားဟန်တူသော သခင်ထွန်းအောင်ကို ရန်ကုန်မြို့သို့လိုက်၍ ဒေါသအလျောက် သတ်ခဲ့မိဟန်တူကြောင်း၊ ဆရာမ မသန်းတင်သည် ဒေါသတကြီးနှင့် ရူးသွား၍ သခင်ထွန်းအောင်ကို သတ်ခြင်းပေလော၊ သို့တည်းမဟုတ် သတ်ခဲ့ပြီးသည့်နောက်မှ ရူးသွပ်သွားခြင်း ဖြစ်လေသလော အမှန် မပြောနိုင်သေးကြောင်း မသန်းတင်၏ အခြေအနေမှာ သွက်သွက်ချာရူးသွတ်လျက်ရှိခြင်းကြောင့် ဆရာဝန်များနှင့် ပုလိပ်တို့၏ မေးခွန်းများကို ဖြေဆိုရန် မတတ်နိုင်ကြောင်း ရန်ကုန်မြို့ တိုက်ဂါအလီလမ်းမှ သခင်ထွန်းအောင်၏ အိမ်နီးချင်း တစ်ယောက်ကလည်း လူသတ်မှု ဖြစ်ပွားသော ညက သခင်ထွန်းအောင်၏ အိမ်ရှေ့တွင် မိန်းမတစ်ယောက် ခေါက်တုံ့ခေါက်ပြန် စကြ်လျှောက်နေသည်ကို တွေ့မြင်ရသည်ဟု ထွက်ဆိုကြောင်း။

ထိုနေ့ နံနက်တွင် ကျွန်ုပ်သည် သတင်းစာတွင် ပါရှိသော အထက်ပါ အခြင်းအရာကို ဦးစံရှားအား ဖတ်ပြပြီးနောက် "ဘယ့်နှယ် ထင်သလဲဗျ ဦးစံရှား" ဟု မေးလိုက်၏။

ရှား။ ။ "မေးမယ်ဆိုလည်း မေးထိုက်ပါပေပြီဗျာ၊ သုံးရက်လုံးလုံး ခင်ဗျားကို ကျုပ် ညှဉ်းထားတာ အခံရတော့ တော်တော်ခက်ပေမှာပဲ။ သို့သော် ဒီလိုပါ ကိုသိန်းမောင်။ ခင်ဗျားကို ကျုပ် ပြောမပြတာက ပြောစရာကို ဘာမှ မရှိသေးလို့ မပြောဘဲ နေတာပါဗျာ။ လူသတ်မှုနဲ့ ပတ်သက်လို့ မြောင်းမြပုလိပ်က ဒီအကြောင်းတွေ သိရတယ်ဆိုတာတောင် ကျုပ်တို့ စာပျောက်တဲ့ ကိစ္စမှာ ဘာမှ အထောက်အပံ့ မရသေးဘူးဗျ"

နုပ်။ ။ "သခင်ထွန်းအောင်ကို သတ်တဲ့ တရားခံကိုတော့ သေချာပြီ မဟုတ်လားဗျ"

ရှား။ ။ "ကျုပ် လိုက်နေတာက လူသတ်မှုအတွက် မဟုတ်ဘူးဗျ၊ စာအတွက် လိုက်နေတာ၊ ဒီစာကို ပြန်မရရင် တိုင်းပြည်မှာ သူပုန် အကြီးအကျယ် ထလိမ့်မယ်ဆိုလို့ လူသတ်မှုကို အသာထားပြီး ဒီစာနောက်ကို သက်သက်ဖိပြီး

mgyoe.com

mgyoe.com


လိုက်ခဲ့ခြင်း ဖြစ်တယ်၊ လူသေတာကတော့ သေပြီးပြီကိုးဗျ၊ ကျုပ်တစ်ခု စဉ်းစားတာက ဒီစာဟာ သူတို့ စိုးရိမ်နေတဲ့ လူစု လက်ထဲကို ရောက်သွားရိုးမှန်ရင် ခုလောက်ရှိ သူ့ပုန် ထလောက်ပြီတဲ့ဗျ၊ ဘယ်ဆီက ဘာမှမထကြွသေးတာ သိရခြင်းအားဖြင့် ဒီစာဟာ သူတို့စိုးရိမ်ရတဲ့ လူစုလက်ထဲကို မရောက်သေးဘူးနဲ့တူတယ်၊ မရောက်သေးရင် ဘယ်ဆီမှာရှိသလဲ၊ ဘာကြောင့် ယခုတိုင် မပို့သေးဘဲ ထားသလဲ အဲဒီ အချက်တွေကို ကျုပ်စဉ်းစားနေတာဟာ ဦးခေါင်းများကို မူးမတတ် ဖြစ်နေပြီ၊ သခင်ထွန်းအောင် သေတာနဲ့ ဒီစာပျောက်တာနဲ့ဟာ မပတ်သက်ဘဲများ ဖြစ်နေမလား၊ ဒီစာ သူ့ဆီရောက်ရဲ့လား၊ ရောက်ခဲ့ရိုးမှန်ရင် ဘယ့်နှယ်ကြောင့် ရှာမတွေ့သလဲ၊ ဆရာမ မသန်းတင်ဆိုတာက သူ့ကို သတ်ပြီး ယူသွားရှာသလား၊ ယူသွားရင် သူ့အိမ်မှာများ ရှိမလား၊ မြောင်းမြကို လိုက်ပြီးဘယ်လိုများ ရှာမလဲ၊ အဲဒီအချက်တွေကိုလည်း ကျုပ် စဉ်းစားနေရတယ်ဗျ..."

ထိုနေ့၌ အတွင်းဝန်ရုံးမှ မင်းစေတစ်ယောက်ရောက်လာ၍ စာတစ်စောင်ကို ဦးစံရှားအား ပေးလေရာ... ဦးစံရှားသည် စာကိုဖွင့်ဖတ်ပြီးနောက် "နန်းရင်းဝန်ဆီကတော့ ကျုပ်ဆီကို နောက်ဆုံး အခြေအနေအကြောင်း ခဏခဏ သတင်းပို့ပေးတာပဲ၊ ကျုပ်တို့ မိတ်ဆွေ ဦးအုံးဖေက လူသတ်မှုနဲ့ပတ်သက်ပြီး သဲလွန်စတစ်ခု တွေ့နေပြန်ပြီဆိုတာပဲဗျို့၊ ကိုင်း...လာ ကိုသိန်းမောင် အကျီဝတ်၊ ကျုပ်နဲ့ လိုက်ခဲ့ပေဦးတော့..."

ကျွန်ုပ်သည် တိုက်ဂါအလီလမ်း လူသတ်မှုဖြစ်ပွားရာ အရပ်သို့ ဦးစံရှားနှင့်အတူ လိုက်သွားလေရား... လမ်းဘက်သို့ မျက်နှာလှည့်၍ ဆောက်လုပ်ထားသည့် အလွန်သေးငယ်သော တိုက်ခံအိမ်ကလေး တစ်လုံးတွင် အင်စပက်တော် ဦးအုံးဖေသည် ဦးစံရှားကို စောင့်မျှော်လျက်ရှိပေ၏။ ကျွန်ုပ်တို့သည် လူသတ်မှုဖြစ်ပွားသည့် ဧည့်ခန်းသို့ ဝင်သွားကြသောအခါ . သခင်ထွန်းအောင်၏ အလောင်းမှာ သင်္ဂြိုဟ်ပြီးဖြစ်သဖြင့် ဧည့်ခန်းအလယ်တွင် ခင်းထားသော တရုတ်ကော်ဇောဟောင်း တစ်ချပ်တွင် စွန်းပေလျက်ရှိသည့် သွေးကွက်ကြီးမှတစ်ပါး လူသတ်မှု အထိမ်းအမှတ်ဟူ၍ မတွေ့ရတော့ချေ။ ၎င်းဧည့်ခန်း၏ ကြမ်းပြင်မှာ နောက်ပေါ် အိမ်ပုံစံများတွင် ခင်းကျင်းလေ့ရှိသည့်အတိုင်း ကျွန်းပြင်များကို :ခကွက်ဖော်လျက် ခင်းထားလေရာ နဂိုအတိုင်း လှပသော ကြမ်းပြင်တွင် တရုတ်ကပ် ကော်ဇောဟောင်းကြီးကို ခင်းထားသည့်အတွက်

mgyoe.com

mgyoe.com

နေရာမကျချေတကားဟု ကျွန်ုပ် အောက်မေ့မိ၏။ အခန်းထဲတွင်း၌ ကုလားထိုင်တစ်စုံနှင့် စားပွဲတစ်လုံးမှာ တစ်ဖက်သော နံရံတွင် ကပ်လျက်ရှိကြလေ၏။

အုံး။ ။ "ဘယ့်နှယ်လဲဆရာ၊ မြောင်းမြကသတင်း ဖတ်ပြီးပြီလား"

ရှား။ ။ "ဟုတ်ကဲ့၊ ကိုသိန်းမောင် ဖတ်ပြလို့ ကြားခဲ့ရပါပြီ"

အုံး။ ။ "မြောင်းမြက လူတွေမညံ့ဘူးဆရာရေ၊ သူတို့တွေးတဲ့အတိုင်းပဲ မသန်းတင်လာပြီး ဆူဟန်ရှိတယ်၊ မိန်းမကလည်း ဒေါသကြီးကြီး ကိုထွန်းအောင်ကလည်း အကြောင်းမကြားဘာမကြားနဲ့ လိုက်လာရပါ့မလားလို့ ဒေါသတကြီးနဲ့ ပြန်ကြိမ်းရာမှာ မသန်းတင်က ရင်ဝကို ဓားနဲ့ထိုးလိုက်ဟန်တူတယ်... သို့သော် တော်တော်နဲ့ ထိုးမိဟန်မတူဘူးဆရာရေ့၊ အခန်းထဲမှာ ကုလားထိုင်တွေ ကျွမ်းပြန်နေတာကို တွေ့ရတယ်...။ တစ်ယောက်နဲ့တစ်ယောက် ပူးကြလုံးကြသေး ထင်ပါရဲ့၊ ဒါပါပဲ ဆရာ အမှုက ရှင်းနေပါပြီ"

ရှား။ ။ "ဒါဖြင့် ကျုပ် ကူညီဖို့ မလိုဘူးပေါ့"

အုံး။ ။ "အကူအညီတော့ မလိုပါဘူး ဆရာ၊ သို့သော် ဆရာကြိုက်တတ်တဲ့ ခပ်ဆန်းဆန်း အချက်ကလေး တစ်ခု တွေ့ထားလို့ ပြောပြချင်သေးတယ်"

ရှား။ ။ "လုပ်စမ်းပါဦးဗျာ"

အုံး။ ။ "အမှုအတွင်းဖြစ်လို့ ကျွန်တော်တို့က ဒီအိမ်မှာ နေ့ရောညရော ပုလိပ်တစ်ယောက်ကို ထုံးစံအတိုင်း အစောင့်ချထားရာမှာ ဒီကနေ့နက် ဟောဒီ တရုတ်ကော်ဇောကို လှန်လိုက်တော့..."

ရှား။ ။ "လှန်လိုက်တော့ ဘာတွေ့သလဲဗျ"

အုံး။ ။ "ကျွန်တော်တွေ့တာတော့ ဆရာတစ်နေ့လုံးလုံးထိုင်ပြီး စဉ်းစားလို့တောင် တွေးမိမှာ မဟုတ်ပါဘူးဆရာ၊ ဟောဟို တရုတ်ကော်ဇောကြီးကို မြင်လားဆရာ၊ အလောင်းဟာ ဒီအပေါ်မှာ လဲသေတော့ သွေးတွေစီးကျရင် ကြမ်းပေါ်ကို စိမ့်ကျရမယ် မဟုတ်လားဆရာ"

ရှား။ ။ "ဟုတ်တာပေါ့ဗျ၊ ဒါဘာဖြစ်မလဲ"

အုံး။ ။ "ကော်ဇောပေါ်က သွေးကွက်ဟာ ရှည်လျားလျားနေရင် ကြမ်းပြင်ပေါ်က သွေးကွက်ဟာလည်း သူ့ပုံသဏ္ဌာန်အတိုင်း ရှည်လျားလျားပဲ နေရမယ် မဟုတ်လားဆရာ"

ရှား။ ။ "ဟုတ်တာပေါ့ဗျ"

mgyoe.com

အုံး။ ။"အခုတော့ အပေါ်မှာသာ သွေးစွန်းတွေ့ရတယ်...ကြမ်းပေါ်မှာ သွေးစွန်း မတွေ့ရဘူး ဆရာ"

ဦးစံရှားသည် ကော်ဇောကို လှန်ကြည့်၍ အောက်ပိုင်းတွင် စိမ့်ထွက်နေသော သွေးကွက်ကို တွေ့ရသော်လည်း ကြမ်းပေါ်၌ကား သွေးကွက်မရှိသဖြင့် မျက်မှောင်ကြုတ်လျက်ရှိရာ ကိုအုံးဖေသည် စုံထောက်ကြီးဦးစံရှားကို တစ်ခါတစ်ရံ ဦးခေါင်းရှုပ်အောင် လုပ်ပေးနိုင်သည့်ဟန်ဖြင့် ခပ်ပြုံးပြုံးမျက်နှာ ရှိလေသည်။

အုံး။ ။ "ကြမ်းပေါ်မှာ သွေးမစွန်းတာက ဟော ဒါကြောင့်ဆရာရဲ့... သွေးစွန်းက ဟောဒီမှာ ရောက်နေတယ်"

ယင်းသို့ ပြောပြောဆိုဆိုနှင့် ကိုအုံးဖေသည် ကော်ဇောကို အခြားအစွန်း တစ်နေရာမှ ကိုင်မြှောက်ပြရာ ကြမ်းပေါ်တွင် သွေးစွန်းလျက်ရှိသည်ကို တွေ့မြင်ရလေ၏။

ရှား။ ။ "ဒါဖြင့် ဒီကော်ဇောကို မူလအတိုင်း မခင်းဘဲ လှည့်ခင်းလိုက်လို့ ဖြစ်မှာပေါ့ဗျ"

အုံး။ ။ "ဒါလောက်တော့ ကျွန်တော်လည်း တွေးနိုင်ပါတယ်၊ သို့သော် ကျွန်တော် သိချင်တာက ဘယ်သူက ဘာအတွက်ကြောင့် ဒီကော်ဇောကို လှည့်ခင်း ရသလဲဆိုတာ...အဲဒါ ကျွန်တော် သိချင်တာပဲ"

ကျွန်ုပ်သည် ဦးစံရှား၏ မျက်နှာကို လှမ်းကြည့်လိုက်သောအခါ ၎င်း၏ စိတ်ထဲ၌ အပြင်းအထန် စဉ်းစားနေသဖြင့် လှုပ်လှုပ်ရှားရှား ရှိနေသည့်အဖြစ်ကို ကျွန်ုပ် ရိပ်မိ၏။

ရှား။ ။ "ဒီအိမ်မှာ ခင်ဗျား အစောင့်ချထားတဲ့ ပုလိပ်တွေဟာက နေ့ရော ညပါ စောင့်သတဲ့လား"

အုံး။ ။ "စောင့်တာပေါ့ဆရာ ကျွန်တော် ခိုင်းတာပဲ"

ရှား။ ။ "မဟုတ်ဘူး ကိုအုံးဖေ၊ ခင်ဗျားလူကို သေသေချာချာ စစ်ကြည့်ဦး၊ ကျုပ်တို့ရှေ့တော့ မမေးနဲ့ ကျုပ်တို့ ဒီကစောင့်နေမယ်... ခင်ဗျားလူကို အိမ်နောက်ဖေးခေါ်ပြီး စစ်ကြည့်စမ်းပါဦး၊ သို့သော်....ဒီအိမ်ထဲကို ဘယ်သူဘယ်ဝါ ဝင်သလဲလို့ မမေးနဲ့၊ လူတစ်ယောက်ယောက် ဝင်တာကို တပ်အပ်သေချာ သိတယ်လို့ ခင်ဗျားက ပြော၊ ဘယ်သူဝင်တယ်ဆိုတာကို ဖြောင့်ချက်ပေးရင်ပေး၊ အလုပ်ဖြုတ်ပစ်မယ်လို့ပြော သွား...သွားမေးစမ်းချေဗျာ..."

ကိုအုံးဖေသည် ဦးစံရှား စေခိုင်းသည့်အတိုင်း ပုလိပ်သားကို အိမ်နောက်သို့

mgyupe.com

mgyoe.com


ခေါ်၍ငေါက်ငမ်းကာ စစ်ဆေးလျက်ရှိသော ကိုအုံးဖေ၏အသံကို ကျွန်ုပ်တို့ ကြားရလေ၏။

ကိုအုံးဖေ ထွက်သွားသည်နှင့် တစ်ပြိုင်နက် ဦးစံရှားသည် ကြမ်းပေါ်တွင် ဒူးထောက်၍ ကော်ဇောကိုလှန်ပြီးလျှင် ခင်းထားသော ကြမ်းပြင်အကွက်ကလေးများကို တစ်ခုစီ လက်သည်းဖြင့် ကုတ်လှန်ကြည့်ရာ ကော်ဇောအလယ်ပိုင်းနာ၌ ရှိသော ကြမ်းပြင်ကလေးတစ်ချပ်သည် အထက်သို့ ကြွတက်လာ၍ အောက်၌ အခေါင်းကလေးတစ်ခု ဖြစ်ပေါ်လာလေ၏။ ဦးစံရှားသည် ၎င်းအပေါက်ငယ် အတွင်းသို့ ကပျာကယာလက်ဖြင့် နှိုက်၍စမ်းသပ်လေရာ ဘာကိုမျှ မတွေ့ရသည်နှင့် စိတ်ပျက်သော အမူအရာနှင့် ပြန်၍ထပြီးမှ ကော်ဇောကို မူလအတိုင်း ဖုံးထားလိုက်လေ၏။ နောက်တစ်နေ့တွင် ကိုအုံးဖေဝင်လာ၍ –

အုံး။ ။ "ဆရာတို့တော့ စောင့်နေရတာ ပျင်းလှပြီမှတ်တယ်... ဖြောင့်ချက်ပေးပါပြီ ဆရာ....။ ဟော့... ဖိုးခင် လာခဲ့စမ်း"

ထိုအခါ ပုလိပ်သားတစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာ၍ "သည်းခံပါဆရာ၊ ကျွန်တော် မှားမိပါတယ်၊ မိန်းမတစ်ယောက် ချောကချောပါဘိသနဲ့၊ ကျွန်တော့်အနား လာစကားပြောပြီး လူသတ်မှုအကြောင်းကို သတင်းစာထဲမှာ ဖတ်ရပါတယ်တဲ့၊ သူက ဝတ္ထုရေးဆရာမကလေးဖြစ်လေတော့ အခန်းပုံသဏ္ဍာန် ဘယ်လိုနေတယ်ဆိုတာ ကြည့်စမ်းချင်လို့ ဒီအခန်းထဲဝင်ကြည့်ပါရစေတဲ့ ပြောတယ် ဆရာ"

ရှား။ ။ "အဲဒါ ဘယ်တုန်းကလဲ"

ခင်။ ။ "မနေ့ညကပါပဲဆရာ"

ရှား။ ။ "ကိုင်း...ဆိုစမ်းပါဦး"

ခင်။ ။ "ဒီတော့ ကျွန်တော်က မိန်းမသားတစ်ယောက်ကို ဒီအခန်းထဲ ဝင်ခွင့်ပြုလို့ ကိစ္စမရှိနိုင်ဘူး အောက်မေ့ပြီး လက်နိုပ်ဓာတ်မီးနဲ့ လိုက်ပြမိပါတယ် ဆရာ၊ အခန်းထဲရောက်ရောက်ချင်း မကြည့်ဝံ့ဘဲ လန့်သွားလို့ ထင်ပါရဲ့၊ ကော်ဇောပေါ်မူးလဲ သွားပါရော့ဆရာ၊ ခေါ်လို့လည်း မရတော့ဘူး၊ နောက်ဆုံးမှာ မူးမော်တဲ့ လူများမျက်နှာကို ရေဆွတ်ပေးရင် သက်သာတယ်လို့ ကြားဖူးလေတော့ အိမ်နောက်ဖေးသွားပြီး ရေတစ်ခွက် သွားယူရပါတယ်ဆရာ၊ ကျွန်တော်က ရေခွက် ကိုင်ပြီး ဒီအခန်းထဲဝင်လာတော့ ခုနက မိန်းမ မတွေ့တော့ဘူးဆရာ၊ သူ့ဟာသူ ရှက်ပြီး ထွက်ပြေးထင်ပါရဲ့"

mgyoe.com

mgyoe.com

ရှား။ ။ "မင်း ဝင်လာတော့ ဒီကော်ဇော ဘယ့်နှယ်ဖြစ်နေသလဲ"

ခင်။ ။ "ကော်ဇောတော့ နည်းနည်းတွန့်နေတယ်ဆရာ၊ ကြမ်းပေါ်မှာ ဒီ့အတိုင်း ခင်းထားတာ ဖြစ်လေတော့ သူလဲသွားတာနဲ့ မတော်တဆ တွန့်သွားထင်ပါ့ဆရာ"

အုံး။ ။ "အေး...မှတ်ထား... ငါလိုလူကို မင်းလိမ်လို့ မရဘူးကွ၊ မင်းဘယ်လို လိမ်ပြောပေမဲ့၊ ငါသိတာပဲ၊ ကောင်းပြီ နောက်ကို မင်းဒီလို မဖြစ်စေနဲ့၊ နားလည်လား၊ နောက်ကို ကြပ်ကြပ်သတိထား"

ခင်။ ။ "ကောင်းပါပြီဆရာ"

ရှား။ ။ "နေစမ်းပါဦးကွ၊ သူလာတာ တစ်ခေါက်တည်းပဲလား"

ခင်။ ။ "တစ်ခေါက်တည်းပါဆရာ၊ ဝတ္ထုရေးဆရာမတဲ့"

ရှား။ ။ "ရုပ်ချောချော အရပ်မြင့်မြင့် ဟုတ်လား"

ခင်။ ။ "မှန်ပါတယ်ဆရာ"

ရှား။ ။ "ကိုင်း ကိုသိန်းမောင် ကျုပ်တို့ ပြန်လိုက်ကြဦးစို့"

ကျွန်ုပ်တို့သည် ထိုအိမ်မှထွက်လာကြ၍ ပုလိပ်သားဖိုးခင်လည်း နောက်မှလိုက်ပါလာလေရာ ဝင်ပေါက်သို့ရောက်သောအခါ ဦးစံရှားသည် အင်္ကျီအိတ်ထဲမှ ဓာတ်ပုံတစ်ခုကို ထုတ်၍ ဖိုးခင်အား ပြလိုက်သည်တွင် ဖိုးခင်သည် အံ့သြစွာနှင့် ကြည့်ပြီးမှ "ဟုတ်ပါတယ် ဆရာ သူပါပဲ" ဟု ပြောလေ၏။

လမ်းခရီး၌ ဦးစံရှားသည် နေအိမ်မှအတန်ကွာသည့်တိုင်အောင် ဆေးတံသောက်ကာ ဆိတ်ငြိမ်စွာ လျှောက်လာခဲ့ပြီးနောက်

ရှား။ ။ "ကိုင်း ကိုသိန်းမောင်၊ ဒီကိစ္စမှာ သူပုန်ထဖို့လည်း မရှိပါဘူး၊ ကျုပ်တို့ အပါးတော်မြဲလည်း ရာထူးလျှော့ကျဖို့ မရှိပါဘူး၊ ကျုပ်တို့ အစိုးရမှာလည်း ပိုက်ဆံ တစ်ပြားတစ်ချပ် ကုန်ဖို့မရှိဘဲနှင့် အရပ်ရပ် ကိစ္စချောမောပါလိမ့်မယ်" ဟု ပြောလိုက်ရာတွင် ကျွန်ုပ်မှာ စာပျောက်ခြင်းနှင့် ပတ်သက်၍ သဲလွန်စရသည်ဟူ၍ မသိရသေးဘဲ ဤကဲ့သို့ အာမခံရဲသည့်အတွက် စိတ်ထဲ၌ အံ့သြမိသွားလေ၏။

နုပ်။ ။ "ဒါဖြင့် ဒီကိစ္စကို ခင်ဗျားရှင်းပြီးပြီလား"

ရှား။ ။ "ရှင်းပြီးပြီလို့တော့ မဆိုနိုင်သေးဘူး ကိုသိန်းမောင်၊ တချို့နေရာမှာတော့ ရှုပ်တုန်းပဲရှိသေးတာပဲ။ သို့သော် လိုရင်းကိစ္စကိုတော့ ချောမော

mgyoe.com

mgyoe.com


အောင် လုပ်နိုင်လိမ့်မယ်လို့ ကျုပ် ယူဆတယ်...။ ကိုင်း အပါးတော်မြဲရဲ့ အိမ်ကို တစ်ဆိတ် ဝင်ကြည့်ကြဦးစို့ဗျာ"

ကျွန်ုပ်တို့သည် ဘောင်ဒရီလမ်း၌ရှိသော အပါးတော်မြဲ၏ နေအိမ်သို့ ရောက်ကြသောအခါ ဦးစံရှားက မင်းကတော်ခင်ခင်ကြီးကို တွေ့လိုကြောင်း ပြော၍ ဧည့်ခန်းမှ စောင့်နေကြသည်တွင် အပါးတော်မြဲကတော် ခင်ခင်ကြီးသည် အိမ်ရှေ့သို့ ထွက်လာလေ၏။

ခင်။ ။ (စိတ်ဆိုးဟန်လက္ခဏာနှင့်) "ဘယ့်နှယ်လဲ ဦးစံရှား ရှင်။ ကျွန်မ ယောကျ်ား သိမှာစိုးလို့ ရှင့်အိမ်ကို ကျွန်မ လာဖူးတဲ့အကြောင်း လူတွေ မသိပါ စေနဲ့လို့ မှာထားရက် ကျွန်မအိမ်ကို ရှင်ကိုယ်တိုင် လာရသလားရှင်..."

ရှား။ ။ "ကျွန်တော် နားလည်ပါတယ်... မင်းကတော်။ သို့သော် ကျွန်တော့်မှာ ဒီစာကို ပြန်ရအောင် လုပ်ပေးဖို့ ဝတ္တရား ရှိနေတဲ့အတွက် လာခဲ့ရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီစာကို ကျွန်တော့်လက်ထဲ အပ်ဖို့ တောင်းခံပါရစေ"

ခင်။ ။ "ဘယ်လို ပြောလိုက်တာလဲ ဦးစံရှား... ကျွန်မ ဒီစာနဲ့ဘာ ဆိုင်လို့လဲ"

ရှား။ ။ "ဒါတွေ လုပ်မနေပါနဲ့ မင်းကတော်။ ကျွန်တော် တောင်းတဲ့ စာကိုသာ ပေးပါ"

ထိုအခါ ခင်ခင်ကြီးသည် အစေခံများကို ခေါ်ယူမည့်ဟန်နှင့် အိမ်ထဲသို့ဝင် သွားမည် ပြုလေ၏။

ရှား။ ။ "မလုပ်ပါနဲ့ မင်းကတော်။ ကျွန်တော်က အရှက်မကွဲတန် မကွဲပါစေနဲ့လို့ ဖုံးဖုံးဖိဖိ လုပ်နေရာမှာ မင်းကတော်က ဒီလိုလုပ်ရင် လူတွေသိကုန် ပါလိမ့်မယ်၊ ကျွန်တော် တောင်းတဲ့စာကိုပေးရင် လူတွေ မသိရအောင် ဖုံးဖိပေးဖို့ ကျွန်တော် ကူညီပါ့မယ်။ နို့မဟုတ်ရင်ဖြင့် မင်းကတော်ပါ အရှက်ကွဲရပါလိမ့်မယ်"

ထိုအခါ ခင်ခင်ကြီးသည် ခံ့ညားသော အမူအရာနှင့် နေရာတွင်ရပ်လျက် ဦးစံရှား၏ မျက်နှာကို စေ့စေ့ကြည့်ကာ အကဲဖြတ်ပြီးမှ

ခင်။ ။ "ဦးစံရှားဆိုတာ ကျွန်မ ကြားဖူးတာကတော့ ဂုဏ်နဲ့ သိက္ခာနဲ့ ဉာဏ်ပညာ အမြော်အမြင် ရှိတယ်လို့ ကြားခဲ့ရဖူးပါတယ်။ ယခုတော့ ရှင်က မိန်းမသား တစ်ဦးတစ်ယောက်ကို ခြောက်လား လှန့်လား လုပ်ပြီး အစ်နေတာ လား။ ရှင်က ဘာများ သိလာခဲ့လို့လဲ"

mgyoe.com

mgyoe.com


ရှား။ ။ "ကျွန်တော် သိတာပြောရမှာဖြင့် ကုလားထိုင်မှာ ပြန်ထိုင်ပါဦး မင်းကတော်။ တော်တော်ကြာတော့ မူးလားမေ့လား ဖြစ်သွားပါဦးမယ် အဲ ဟုတ်ပြီ..."

ခင်။ ။ "ရှင် ပြောစရာရှိတာပြော၊ ငါးမိနစ် ခွင့်ပြုမယ်"

ရှား။ ။ "တစ်မိနစ်ဆိုရင် တော်လောက်ပါပြီဗျာ။ ကျွန်တော် သိတာပြောရမှာဖြင့် မင်းကတော်ဟာ သခင်ထွန်းအောင် အိမ်ကိုသွားတယ်... နောက်ပြီး ဒီစာကို ပေးတယ်... နောက်ပြီး မနေ့ညက တစ်ခေါက် ရောက်တယ်။ ပြီးတော့ ဒီစာကို ကော်ဇောအောက်က လှန်ယူတယ်။ အဲဒါလောက်ပါပဲ"

ခင်ခင်ကြီး ပါးစပ်ကိုဟလျက် ဦးစံရှား၏ မျက်နှာကို အတန်ကြာ ငေးကြည့်ပြီးနောက်

ခင်။ ။ "ဦးစံရှား ရှင် ရူးလာတာလား"

ထိုအခါ ဦးစံရှားသည် အင်္ကျီအိတ်ထဲမှ တစ်စုံတစ်ရာကို ထုတ်ယူပြီးနောက် ခင်ခင်ကြီးအား ပြလိုက်ရာ၊ ၎င်းမှာ ဓာတ်ပုံတစ်ခုမှ ဖြတ်ယူထားသော ခေါင်းပိုင်းပုံပင် ဖြစ်လေသည်။

ရှား။ ။ "ဟိုအိမ်မှာ စောင့်တဲ့ ပုလိပ်သား ဘိုးခင်ကို ဒီဓာတ်ပုံပြတော့ သူပါပဲလို့ ဖြောင့်ချက်ပေးပါပြီ"

ထိုအခါ ခင်ခင်ကြီးမှာ အခြေမလှကြောင်းကို ရိပ်မိသည့် လက္ခဏာနှင့် မော့ထားသော မျက်နှာသည်အောက်သို့ လျှိုးကျသွားလေ၏။

ရှား။ ။ "လုပ်ပါ မင်းကတော်၊ ကျွန်တော့် ဝတ္တရားက ဒီစာကို ခင်ဗျား ယောကျ်ားလက်ထဲ ပြန်ရောက်ရင် ပြီးတာပါပဲ။ ကျွန်တော် အရှက်ခွဲဖို့လည်း မလိုပါဘူး။ ဒါကြောင့် ဒီစာကို အသာတကြည် ထုတ်ပေးရင် လူသူလေးပါး မသိရအောင် ဖုံးဖိဖို့ ကျွန်တော် ကူညီပါ့မယ်"

ခင်ခင်ကြီးသည် လက်မလျှော့လိုသေးသည့် လက္ခဏာနှင့်

ခင်။ ။ "ဦးစံရှား မှားနေတာ ဖြစ်ပါလိမ့်မယ်၊ ပြန်ပြီး စဉ်းစားကြည့်ပါဦးရှင်"

ဦးစံရှား ထိုင်ရာမှထ၍ ပြန်တော့မည် ပြုလေ၏။

ရှား။ ။ "ဒီလိုဆိုရင် လူ မသိရအောင် ကျွန်တော် ဖုံးဖိလေသမျှ အလကား ဖြစ်ကုန်တော့မှာပေါ့၊ ဒီလိုဆိုရင်လည်း ကျွန်တော် ပြန်ရုံရှိတော့တာပေါ့"

ဦးစံရှားသည် နောက်ဖေးဆောင်ဘက်သို့ လှည့်၍ အစေခံတစ်ယောက်

mgyoe.com

mgyoe.com

ကို ခေါ်လိုက်ရာ အပါးတော်မြဲ၏ အစေခံမကလေး တစ်ယောက် ဧည့်ခန်းသို့ ထွက်လာခဲ့လေ၏။

ရှား။ ။ "မင်းတို့ဆရာ ဘယ်အချိန် ပြန်ရောက်မလဲ"

မိန်း။ ။ "ခါတိုင်းတော့ နာရီပြန်တစ်ချက်မှာ လက်ဖက်ရည်သောက် ပြန်ပါတယ်ရှင်"

ရှား။ ။ (လက်ပတ်နာရီကို ကြည့်လျက်) "ဒါဖြင့် ၁၅ မိနစ်လောက် လိုတော့တာပဲ။ ဒီလိုဆိုရင် စောင့်ဦးမယ်..."

မိန်းကလေးသည် အတွင်းဆောင်သို့ ဝင်သွားရာတွင် ဦးစံရှားသည် ကုလားထိုင် တစ်လုံးပေါ်၌ ထိုင်လိုက်ရာ၊ အပါးတော်မြဲကတော် ခင်ခင်ကြီးသည် ကုလားထိုင်ပေါ်တွင် ထိုင်နေရာမှ ပေါင်ပေါ်သို့ တံတောင်နှစ်ဖက်ကို ထောက်ကာ မျက်နှာကို အောက်ချလျက်

ခင်။ ။ "တောင်းပန်ပါရစေ ဦးစံရှားရှင်၊ ချမ်းသာပေးတော်မူပါ။ ကျွန်မတို့ လင်မယားဟာ တစ်ယောက်ကို တစ်ယောက် အင်မတန် ချစ်ခင်လေးစားပါတယ်၊ ဦးစံရှားက ဖွင့်ပြောလိုက်ရင် ကျွန်မတို့ ချစ်ခြင်းကို ခွဲတာနဲ့ အတူတူ ဖြစ်ပါလိမ့်မယ်"

ရှား။ ။ "ကျွန်တော်က ခင်ဗျားတို့လင်မယား ကွဲတာကိုလည်း မမြင်လိုပါဘူး၊ ကျွန်တော် တောင်းတဲ့ စာကိုသာ ပေးပါ"

ခင်ခင်ကြီးသည် အိမ်ထဲသို့ ဝင်သွားပြီးနောက် အတန်ငယ် ကြာသောအခါတွင် အိတ်ပြာတစ်လုံးကို ကိုင်လျက် ထွက်လာ၍ ဦးစံရှားလက်သို့ ပေးအပ်လေ၏။

ရှား။ ။ "မြန်မြန်လုပ်ဗျ၊ အချိန်လည်း မရှိဘူး၊ ဒီစာကို ပြန်ထားရမယ်။ ဒီစာ ထည့်ထားတဲ့ သံသေတ္တာကလေးဆိုတာ ဘယ်မှာလဲ"

ခင်ခင်ကြီးသည် အိပ်ခန်းသို့ဝင်သွား၍ တောင်ဆုပ်ခန့်ရှိသော သံသေတ္တာကလေးတစ်လုံးကို ကိုင်ကာ ပြန်ထွက်လာလေရာ ဦးစံရှားက သေတ္တာကို အဖွင့် ခိုင်းသည်နှင့် ခင်ခင်ကြီးသည် ဘော်လီအင်္ကျီအိတ်တွင် ဝှက်ထားသော သော့တူ တစ်ချောင်းကို ထုတ်၍ သေတ္တာကို ဖွင့်လေ၏။ သေတ္တာထဲ၌ကား အရေးကြီးသော စာများနှင့် ဖိုင်တွဲများရှိလေရာ ဦးစံရှားသည် ထိုစာအိတ်ပြာကလေးကို ဖိုင်တွဲများ၏ စာရွက်ကြားတွင် ထိုးညှပ်ပြီးနောက် သေတ္တာကို ယူ၍ နေရာတကျ ပြန်ထားပြီးနောက် အိမ်ပြင်သို့ ထွက်လာရာတွင်...

mgyoe.com

mgyoe.com


ရှား။ ။ "ကိုင်း... ခင်ဗျားယောကျ်ား ရောက်ဖို့ ငါးမိနစ်တော့ အချိန်ရှိသေးတယ်၊ ဖြစ်ပျက်ပုံကို ဟုတ်မှန်တဲ့အတိုင်း ပြောပြစမ်းပါဦးဗျာ"

ခင်။ ။ "ပြောပါတော့မယ်ရှင်၊ ကျွန်မတို့ လင်မယားဟာ တစ်ယောက်နဲ့ တစ်ယောက် အင်မတန် ချစ်ခင်တဲ့အတွက် ကျွန်မ အသက်ကို အသတ်ခံရင် ခံမယ် သူ စိတ်ညစ်တာကို ကျွန်မ မကြည့်ရက်ပါဘူး၊ ဒီလိုပါရှင် သူနဲ့ ကျွန်မနဲ့ မညားခင် ကောလိပ်ကျောင်းမှာ ကျွန်မ နေစဉ်က မိုက်မဲတဲ့ အရွယ်ဖြစ်လို့ လူတစ်ယောက်ဆီကို ကျွန်မ စာပြန်ရေးမိပါတယ်၊ အဲဒီစာဟာ သခင်ထွန်းအောင် လက်ထဲကို ဘယ်နည်းနဲ့ ရောက်သွားတယ် မသိ ရောက်သွားပါတယ်။ ဟိုတစ်နေ့က သခင်ထွန်းအောင်က ဒီစာအိတ်ပြာကလေးကို သူ့လက်ထဲ ရောက်အောင် ခိုးပေးရင်ပေး မပေးရင် ကျွန်မ ရေးဖူးတဲ့စာကို ကျွန်မ ယောကျ်ားကို ပြလိုက်မယ်လို့ ခြိမ်းခြောက်ပါတယ်၊ ကျွန်မက ဘယ်လို စာမှန်းလည်းမသိ ဒီစာ ပျောက်သွားရင် ကျွန်မ ယောကျ်ား ဘယ်လို ဒုက္ခရောက်မလဲ မသိ၊ ကျွန်မ စာကို သူ မြင်သွားရင် လင်မယား ကွဲသွားချေမလားလို့ စိုးရိမ်ပြီး ဒီစာကို သေတ္တာထဲက ခိုးပေးမိပါတယ်၊ သူတို့ လူစုက အတွင်းဝန်ရုံးမှာ သူလျှိုရှိတယ် ထင်ပါရဲ့... ဒီစာ ရောက်ထားတဲ့ အကြောင်းကို သိနေကြလို့ ကျွန်မကို နားပူတောင်းခြင်း ဖြစ်ပါတယ်၊ ဦးစံရှား စဉ်းစားကြည့်ပါတော့ ကျွန်မတို့ မိန်းမသားဆိုတာ လင်မယား ကွဲမှာလောက်ကိုသာ ပူပန်ပြီး တိုင်းရေးပြည်ရေးကို နားမလည်ဘဲ သူတို့ လိုချင်တဲ့စာကို ခိုးပေးမိခြင်း ဖြစ်ပါတယ်"

ရှား။ ။ "အဲဒါ ခင်ဗျားမှားတာပဲ... သခင်ထွန်းအောင်တို့ လူစုက ခင်ဗျားဆီကို ခြိမ်းခြောက်တာတွေ ဘာတွေ အားလုံး ခင်ဗျားယောကျ်ားကို ဖွင့်ပြောလိုက်ရင် ဒီလို စိတ်ဒုက္ခ ရောက်ကြရမှာ မဟုတ်ဘူး"

ခင်။ ။ "ကျွန်မ မိုက်မှားဖူးတဲ့ စာအကြောင်းကို ကျွန်မ ယောကျ်ား ဖွင့်ပြောဖို့ သိပ်ခဲယဉ်းပါတယ်၊ ဦးစံရှား ယောကျ်ားဆိုတာမျိုးက ယင်ဖိုနားတာ တောင် မကြည့်နိုင်ဘူးဆိုတာလို ဖြစ်တတ်ကြလေတော့ ကျွန်မက ဒီစာကို သူမမြင်ရင် ပြီးရောဆိုပြီး ကြံမိကြံရာ ကြံစည်မိပါတယ်၊ အမှန်မှာ ဘယ်လောက်အရေးကြီးတဲ့စာ ဖြစ်တယ်ဆိုတာကိုလည်း ကျွန်မ မသိရလို့ပါ၊ ဒါကြောင့် သခင်ထွန်းအောင် အကြံပေးတဲ့အတိုင်း သေတ္တာသော့ကို ဖယောင်းနဲ့ ပုံစံယူပြီး သော့တူကိုတောင် စီမံပေးခြင်း ဖြစ်ပါတယ်"

ရှား။ ။ "စာကို သေတ္တာထဲကယူပြီး ဘယ်နည်း ပို့လိုက်သလဲဗျာ"

mgyoe.com

mgyoe.com


ခင်။ ။ "အဲ... ဟိုညက ကျွန်မယောကျ်ား အလစ်မှာ စာကို ယူပြီး ဝန်ကတော်များနဲ့ ဘိုင်စကုတ်ကြည့်သွားမယ့်ဟန်နဲ့ အိမ်က ထွက်လာခဲ့ပြီး ကိုထွန်းအောင် နေတဲ့ တိုက်ဂါအလီလမ်းကို သွားတော့ သူ့အိမ် ဝင်ခါနီးမှာ မှောင်ရိပ်က မိန်းတစ်ယောက် စောင့်ကြည့်နေသလိုလိုတော့ မြင်လိုက်မိပါရဲ့၊ ဒါပေမဲ့ ကိုယ့်ကိစ္စက အရေးကြီးလေတော့ သူ့အိမ်ထဲကို တောက်လျှောက်ဝင်သွားမိတယ်၊ ဧည့်ခန်းထဲ ရောက်လို့ သူ့စာနဲ့ ကျွန်မစာ လဲလှယ်ပြီးကြတာနဲ့ တစ်ပြိုင်နက် အိမ်ရှေ့က လူသံလိုလိုကြားလေတော့ သခင်ထွန်းအောင်က ကော်ဇောကိုလှန်ပြီး ကျွန်မပေးတဲ့စာကို ကြမ်းအောက်မှာ ဝှက်ထားလိုက်ပါတယ်၊ ဒီနောက်တော့ ကျွန်မ ကြုံခဲ့ရတဲ့ အဖြစ်အပျက်တွေဟာ အိပ်မက်ထဲမှာလို ဖြိုးဖြိုးဖျင်းဖျင်းနဲ့ ဖြစ်ပျက်လေတော့ ကျွန်မမှာ ကယောင်ချောက်ချားနဲ့ ယောင်တိယောင်တောင် ဖြစ်နေမိပါတယ်၊ ကျွန်မ မှတ်မိသလောက်တော့ ကျွန်မပေးတဲ့ စာကို သခင်ထွန်းအောင်က ကော်ဇောအောက်မှာ ဝှက်ထားပြီးပြီးချင်း မိန်းမတစ်ယောက် အပြေးအလွှား ဝင်လာပြီး "လာခဲ့ နင့်ကို မိပြီ၊ မယားကြီးကိုတော့ ခေါ်မယူဘဲ၊ နင်က မယားငယ်နဲ့ ပျော်ပါးနေတာပေါ့လေ..." တဲ့ ပြောပြီး သူတို့နှစ်ယောက် ထွေးလုံး ရစ်ပတ်သတ်ကြ ပုတ်ကြပါရောရှင်၊ မိန်းမလက်ထဲမှာတော့ ဓားမြှောင်လိုလို လက်ခနဲ ကျွန်မ မြင်လိုက်ရတယ်၊ ကျွန်မလည်း မကြည့်ဝံ့တာနဲ့ အိမ်ထဲက ပြေးထွက်လာပြီး တက္ကစီတစ်စီးနဲ့ ကိုယ့်အိမ်ကိုယ် ပြန်လာခဲ့တော့ နောက်တစ်နေ့မှာ သတင်းစာထဲ သူတို့ အဖြစ်အပျက်တွေ ပါလာပါတယ်၊ ဒါပေမဲ့ ကျွန်မ စိတ်ထဲမှာတော့ ကိုယ့်စာကိုယ်ပြန်ရလို့ ဝမ်းသာပြီး သူတို့အဖြစ်အပျက်တွေ ကောင်းကောင်း ဂရုမစိုက်မိဘူး။

"ဒါပေမဲ့ ကျွန်မယောကျ်ားက သူ့စာ ပျောက်တဲ့အတွက် မျက်နှာမသာ မယာရှိနေတာ မြင်ရပြန်လေတော့ ဒယ်အိုးထဲနေပြီး မီးထဲခုန်ချဆိုတဲ့ အင်္ဂလိပ် စကားပုံလို အပူတစ်ခုက လွတ်မယ် မကြံသေးခင် အပူတစ်ခု ကြုံနေရပြန်တာကိုး ရှင့်။ ကျွန်မက အဖြစ်အပျက်ကို ဟုတ်တိုင်းမှန်ရာ ဖွင့်ပြောပြီး လင်ယောကျ်ား ဆီမှာ ဖြောင့်ချက်ပေးမယ်လို့ စိတ်ကူးမိပါရဲ့၊ ဒါပေမဲ့... ယောကျ်ားဆိုတာ ဒီကိစ္စ မျိုးမှာ ခဲယဉ်းတဲ့အကြောင်း စဉ်းစားမိလေတော့ အဲဒီနေ့ မနက်က ရှင့်ဆီကို ကျွန်မ လာခဲ့ပါတယ်၊ ဒီစာကို ပြန်မရရင် ကျွန်မယောကျ်ား ဒုက္ခဖြစ်တော့မယ် ဆိုတာကို ရှင်ပြောပြလို့ သိသိချင်း ဒီစာကို ဘယ်လိုနည်းနဲ့ ပြန်ရအောင် ကျွန်မ လုပ်ရပါ့မလဲ ဆိုတာကို အကြံထုတ်မိပါတယ်၊

mgyoe.com

mgyoe.com

"ကျွန်မပေးလိုက်တဲ့စာကို သခင်ထွန်းအောင်က ကော်ဇောအောက်မှာဝှက်ထားတယ်ဆိုတာကို ကျွန်မ သိရလေတော့ ဒီစာဟာ ဒီနေရာမှာပဲ ရှိသေးတယ်လို့ ကျွန်မ ယူဆပါတယ်၊ ဒါကြောင့် ဒီအိမ်ထဲကို ဘယ်လိုနည်းနဲ့ ကျွန်မ ရောက်အောင် ဝင်ရပါ့မလဲဆိုတာကိုချည်း ကျွန်မ စိတ်ကူးခဲ့ပါတယ်၊ ကျွန်မ သွား သွား ချောင်းသော်လည်း အလစ်မတွေ့ရဘူး၊ မနေ့ညကတော့ ဝတ္ထုရေးဆရာမ ကလေးပါလို့ဆိုပြီး ပုလိပ်ကို လိမ်ပြောတော့မှ ကျွန်မ ဝင်ခွင့်ရပြီး အလစ်သုတ်ခဲ့ရတဲ့ အကြောင်းတော့ ရှင် သိပြီးအတိုင်းပါပဲ၊ ဒါနဲ့ဒီစာကို ဆုတ်ပစ်ရကောင်းမလား၊ အလုံးစုံ ဖွင့်ပြောပြီး ကျွန်မယောကျ်ားလက်ကို ပြန်ထည့်ရရင် ကောင်းမလားလို့ ချီတုံချတုံ ဖြစ်နေတုန်းမှာ ဦးစံရှား ရောက်လာခြင်းဖြစ်ပါတယ်... ဟောကျွန်မ ယောကျ်ား ပြန်လာပြီ"

ထိုခဏ၌ အိမ်ရှေ့တွင် ကားတစ်စီးဆိုက်၍ နန်းရင်းဝန်နှင့် အပါးတော်မြဲတို့သည် အိမ်တွင်းသို့ ဝင်လာကြလေရာ အပါးတော်မြဲက "ဘယ်နှယ်လဲ ဦးစံရှား၊ ပြန်ရဖို့ လမ်းမြင်သေးသလား" ဟု မေးလိုက်သဖြင့် "ဟုတ်ကဲ့ မျှော်လင့်စရာ ရှိပါတယ်" ဟု ပြန်ပြောလေ၏။ ၎င်းနောက် အပါးတော်မြဲသည် မိမိ၏ ဇနီးခင်ခင်ကြီးကို နောက်ဖေးဆောင်သို့ ဝင်စေ၍ ဦးစံရှားနှင့် စကားဆွေးနွေးရန် ပြင်ဆင်လေ၏။

ဝန်။ ။ "ဘယ့်နှယ်လဲဗျ၊ ဦးစံရှား၊ မျှော်လင့်စရာ ရှိတယ်ဆိုတာတော့ ခင်ဗျာ ပြောလို့သိပါပြီ၊ သို့သော် တော်တော်နီးနီးကပ်ကပ် ဟုတ်ပါစေဗျာ"

ရှား။ ။ "နီးကပ်ဆို ဒီလိုပါခင်ဗျား ရောက်သင့်ရောက်ထိုက်တဲ့ နေရာကို ဒီစာမရောက်သေးတဲ့အတွက် မျှော်လင့်ချက်ရှိတယ်လို့ ဆိုရခြင်း ဖြစ်ပါတယ်"

ဝန်။ ။ "ဒီလောက်နဲ့ဘယ်ဖြစ်မလဲ ဦးစံရှား ဒီထက်သေချာမှ ကျွန်တော် စိတ်ချနိုင်မှာပေါ့ဗျ"

ရှား။ ။ "သေချာဆို ဒီလိုပါခင်ဗျား၊ ဒီစာအကြောင်းကို စဉ်းစားကြည့်လေလေ ဒီစာဟာ ဒီအိမ်ထဲက မထွက်သေးတဲ့ အကြောင်းကို သေချာလေလေ ဖြစ်နေပါတယ်"

ထိုအခါ နန်းရင်းဝန်နှင့် အပါးတော်မြဲတို့မှာ အံ့သြသော အမူအရာနှင့် တစ်ယောက်၏ မျက်နှာကို တစ်ယောက် ကြည့်နေကြလေ၏။

ပါး။ ။ "ဒီအိမ်ထဲက မထွက်သေးဘဲ ဘယ်နေရာမှာ ရှိနိုင်မလဲဗျ"

mgyoe.com

mgyoe.com


ရှား။ ။ "ကျွန်တော့်အထင်တော့ ဒီစာဟာ မူလထားတဲ့ နေရာမှာပဲ ရှိမှာပဲလို့ ကျွန်တော် တွက်ကိန်းရပါတယ်"

ပါး။ ။ "မဖြစ်နိုင်တာပဲဗျာ၊ ကျွန်တော်ကိုယ်တိုင် သေသေချာချာ ရှာပြီး သားပါဗျ"

ရှား။ ။ "ရှာပေမဲ့ မျက်စိလျှမ်းလို့ ဖြစ်ချင်ဖြစ်မှာပေါ့ခင်ဗျား"

ပါး။ ။ "မဟုတ်တာ ဦးစံရှားရယ်..."

နန်း။ ။ "ကိုင်းလေဗျာ သူ ကျေနပ်အောင် တစ်ခါထပ်ပြီး ရှာကြည့်စမ်း ပါဦး"

ထိုအခါ အပါးတော်မြသည် စိတ်မပါသော အမူအရာနှင့် ထိုင်ရာမှ ထသွား၍ သေတ္တာကလေးကို အခန်းထဲမှ ထုတ်ယူခဲ့ပြီးလျှင် သော့နှင့်ဖွင့်ပြီးနောက်

ပါး။ ။ "ဟောဒါက အိန္ဒိယဘုရင်ခံချုပ်ဆီက စာဗျ၊ ဟောဒါက အင်္ဂလန်ပြည် နန်းရင်းဝန်ဆီက စာဗျ၊ ဟောဒါက လွတ်လပ်ရေးနဲ့ ပတ်သက်တဲ့ စာပေးစာယူဖိုင်တွဲဗျ၊ ဟောဒါက အစိုးရဖွဲ့စည်းရေးနဲ့ ပတ်သက်တဲ့ စီမံကိန်းဗျ"

ရှား။ ။ "ဖိုင်တွဲထဲမှာ ကြည့်စမ်းပါဦးဗျာ..."

ပါး။ ။ "မဆိုင်တာဘဲဗျာ၊ ဖိုင်တွဲတခြား စာတခြား ထားတာပါ၊ သို့သော် ခင်ဗျား စိတ်ကျေနပ်အောင် လှန်ရှာရသေးတာပဲဗျာ... အလို"

ထိုအခါ အပါးတော်မြသည် ဖိုင်တွဲအတွင်းမှ အလျားရှည်သော စာအိတ်ပြာတစ်လုံးကို တွေ့သည်နှင့် ဆွဲထုတ်ပြီးလျှင် အတွင်း၌ရှိသောစာကို ထုတ်ယူဖတ်ရှုသည်တွင်မှ ဗြိတိသျှ အတွင်းဝန်ထံမှ ပေးပို့လိုက်သည့် အမိန့်စာ ဖြစ်နေသည်ကို တွေ့ရသည်နှင့်... နန်းရင်းဝန်ဘက်သို့လည်း မလှည့်... ဦးစံရှားနှင့် ကျွန်ုပ်တို့ကို လည်း မကြည့်တော့ဘဲ "ခင်ခင်ကြီးရေ... ခင်ရေ.. တွေ့ပြီဟေ့၊ ဟောဒီမှာ" ဟု ဆိုကာ ဝမ်းမြောက်ဝမ်းသာနှင့် စာကိုကိုင်လျက် အိမ်ပေါ်သို့တက်သွားလေ၏။

နန်းရင်းဝန်သည် ပြုံးစိစိမျက်နှာထားနှင့် ဦးစံရှားအားကြည့်ပြီးနောက် "လုပ်စမ်းပါဦး ဦးစံရှား၊ ကျွန်တော် ကောင်းကောင်း နားမလည်သေးဘူးဗျာ... ကျွန်တော် သိရအောင် တစ်ဆိတ်လောက် ရှင်းပြစမ်းပါဦး"ဟု ပြောလေရာ၊ ဦးစံရှားသည် စာပွဲပေါ်၌ တင်ထားသော ဦးထုပ်ကို လှမ်းယူလျက် "နိုင်ငံရေးသမား ဆိုတဲ့ နန်းရင်းဝန်တို့ ဝန်ကြီးချုပ်တို့ ဆိုတာတွေမှာ လူတိုင်း အသိမပေးနိုင်တဲ့ ကိစ္စမျိုးတွေ ရှိတယ်ဆိုတာလို၊ ကျွန်တော်တို့ စုံထောက်များမှာလည်း လျှို့ဝှက်

mgyoe.com

mgyoe.com

ထားရတဲ့ ကိစ္စမျိုးတွေ ရှိပါတယ်ခင်ဗျား… ကိုင်း ကိုသိန်းမောင် လာဗျို့… ကျုပ်တို့ ကိစ္စ ပြီးသွားပြီ”ဟု ဆိုကာ အိမ်ထဲ မှထွက်လာကြလေ၏။

နောက်တစ်နေ့၌ ဦးစံရှားသည် အစိုးရတံဆိပ်ရိုက်နှိပ်ထားသော စာအိတ်တစ်လုံးကို ရရှိသည်နှင့် ဖွင့်ကြည့်ပြီးနောက် အတွင်း၌ပါသော စာနှစ်ရွက်ကို ကျွန်ုပ်ထံသို့ ပစ်ပေးလိုက်ရာ တစ်ရွက်မှာ အင်္ဂလိပ်ဘာသာဖြင့် “နန်းရင်းဝန်၏ လေးစားသော အထိမ်းအမှတ်ဖြင့်” ဟူသော စာလုံးများ ရေးသားပါရှိ၍ အခြားတစ်ရွက်မှာ ငွေငါးထောင်တန် ချက်လက်မှတ်ဖြစ်ကြောင်း တွေ့ရှိရလေသတည်း။

ရှမဝမဂ္ဂဇင်း

❖

mgyoe.com

mgyoe.com

# ၅
# ပယောဂလော အဆိပ်လော

လွန်ခဲ့သော ၃ နှစ်ခန့်အခါက ကျွန်တော်၏ မိတ်ဆွေ မောင်စံရှားသည် ကောင်းငှ မကျန်းမာသည်ဖြစ်၍ ဆရာဝန်ကြီးများကပဲ အမှုများကို လက်မခံဘဲ အနည်းဆုံး တစ်လခန့်မျှ နားနေရန် အကြံပေးကြသည် ဖြစ်သောကြောင့် ကျွန်တော်သည်၎ အလုပ်တိုက်မှ အခွင့်နှစ်လမျှ ခံယူပြီးလျှင် ကျွန်တော်၏ မိဘရပ်ထံဖြစ်သော အထက်မြန်မာပြည် ရွှေဘိုနယ်သို့ မောင်စံရှားကို ခေါ်ဝင်၍ သွားရောက်နေထိုင်စဉ် အခါက ကျွန်တော်နှင့် မောင်စံရှားတို့ စုံထောက်ခဲ့ရသော အမှုတစ်မှုမှာ အလွန်တရာ ထူးဆန်းအံ့သြဖွယ် ကောင်းလှသည်ဖြစ်၍ အခြားအခြား အမှုတို့ထက်ပင်၊ ထူးကဲ သာလွန်ကောင်းမွန်လှသည် ဖြစ်သော်လည်း ၎င်းအမှုအကြောင်းနှင့် စပ်လျဉ်း၍ ထိုအခါက ရေးသားဖော်ပြရန် မပြုဘဲ ရှိခဲ့ပါကြောင်း၊ သို့ရာတွင် ယခုအပတ်၌မူ ၎င်းအမှု၌ အရေးအကြီးဆုံးပါဝင်သူတို့ သေဆုံးကြပြီဖြစ်သောကြောင့် မောင်စံရှား က ရေးသားဖော်ပြခွင့်ပြုသည်အရ ဤလထုတ်မဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြရခြင်း ဖြစ်ပေကြောင်း။

ကျွန်တော်နှင့် မောင်စံရှားတို့သည် ရွှေဘိုနယ် မန်ကျည်းကုန်းရွာသို့

mgyoe.com

mgyoe.com

ဆိုက်ရောက်ကြပြီးနောက် လယ်ပြင်တို့မှ တိုက်ခတ်သည့် လေကောင်းလေသန့်ကို ရှူရှိုက်ခဲ့၍ ၁၅ ရက်ခန့်မျှ နေထိုင်မိကြသဖြင့် မောင်စံရှားသည် အတော်အတန် ကျန်းမာ၍လာစပြုသည်တွင် တစ်နေ့သော နံနက်ခင်းအချိန်၌ မန်ကျည်းကုန်း ရွာသူကြီးနှင့် ၎င်း၏အိမ်၌ ထမင်းလခပေး၍ စားသောက်နေထိုင်လျက်ရှိသော ကိုသုခဆိုသူ ကျွန်တော်တို့၏ အိမ်ပေါ်သို့ ပျာယီးပျာယာ တက်လာကြလေ၏။ ရွာသူကြီးမှာ ဝဝတုတ်တုတ်နှင့် စကားများစွာ ပြောတတ်သော သူတစ်ယောက် ဖြစ်လေရာ၊ သုခ ဆိုသူမှာ ပိန်ပိန်ပါးပါးနှင့် စကားနည်းလျက် အသက်မှာ ၃၀ ခန့်မျှ ရှိလေ၏။ ရွာသူကြီးနှင့်မူ ကျွန်တော်သည် သိဟောင်းကျွမ်းဟောင်းဖြစ်ခဲ့၍ ရံဖန်ရံခါ ၎င်း၏အိမ်သို့ ကျွန်တော်တို့ ဝင်ရောက်ခဲ့ဖူးသည်ဖြစ်ရာ ကိုသုခမှာ အမွေရသော လယ်မြေများကို လယ်ထောက်ခချ၍ စားသောက်ကြောင်း ကြားသိရ သော်လည်း လူအများတို့နှင့် ရောနှောဆက်ဆံခြင်းမပြုဘဲ ဘာသာအလျောက် နေထိုင်တတ်သောသူတစ်ယောက် ဖြစ်သောကြောင့် ကျွန်တော်တို့နှင့် ခေါ်ဖူးပြောဖူး ရုံမျှတစ်ပါး များစွာအကျွမ်းမဝင်ခဲ့ကြဖူးချေ။ အိမ်ပေါ်သို့ ရောက်လာကြသည်နှင့် တစ်ပြိုင်နက်၊ ရွာလူကြီးက တုန်လှုပ်သော အမူအရာနှင့် "ကြုံလည်းမကြုံဖူး၊ ကြားတောင်မှလည်း မကြားဖူးပါဘူး ကိုသိန်းမောင်ရယ်၊ ဘယ့်နှယ်များ ထူးဆန်း တဲ့ အဖြစ်ကယ်လို့၊ ဦးစံရှား ရောက်နေတာနဲ့ အခန့်သင့်လိုက်တာခင်ဗျာ" ဟု ပြောသောအခါ ကျွန်တော်မှာ ဆရာဝန် မှာလိုက်သည့်စကားကို သတိရ၍၊ ရွာ သူကြီးအား မျက်စိမှိတ်ပါသော်လည်း၊ မောင်စံရှားသည် ဝေါက်ခနဲ ထိုင်ပြီးလျှင် ခဲလျက်ရှိသောဆေးတံကို ပါးစပ်မှထုတ်နုတ်၍ ထိုသူများအား နေရာထိုင်ခင်း ပေးလျက် ရှိသည်ကို တွေ့မြင်ရသောကြောင့် လက်လျှော့လိုက်ရလေ၏။ ရွာသူကြီး မှာမူ ရပ်တန့်၍ မရအောင် တုန်လှုပ်လျက်ရှိရာ ကိုသုခဆိုသည်မှာ ရွာသူကြီးကဲ့သို့ ဂနာမငြိမ်အောင် မရှိသော်လည်း နှုတ်ခမ်းများကို ရန်ဖန်ရန်ခါကိုက်လျက် ရှိသည်ကို တွေ့မြင်ရသဖြင့်၊ အပြင်၌ ဟန်ဆောင်၍နေသော်လည်း အတွင်း၌ကား တုန်လှုပ် လျက် ရှိကြောင်း ထင်ရှားပေ၏။ ထိုသူနှစ်ယောက်တို့သည် ကုလားထိုင်၌ ထိုင်မိကြလေလျှင်

သူကြီး။ ။ (ကိုသုခကိုကြည့်လျက်) "ကျုပ် ပြောရမလား ခင်ဗျား ပြောပြမလား"

ရှား။ ။ "သူကြီးမင်းကြီးက သုတ ကိုသုခက ဒိဋ္ဌနဲ့တူတယ်၊ တွေ့ခဲ့ရတဲ့ လူကိုယ်တိုင် ပြောပြရင် သာကောင်းမယ် ထင်တယ်"

mgyoe.com

mgyoe.com


ထိုအခါ ထိုသူနှစ်ယောက်တို့သည် မောင်စံရှား၏စကားကို အံ့ဩလျက် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်၍နေကြသည်ကို မြင်သဖြင့်၊ ကျွန်တော်မှာ ပြုံးမိလေ၏။ ၎င်းနောက်

သူကြီး။ ။ "သို့သော် ကျွန်တော်ပဲ လက်ဦး ပြောပါရစေခင်ဗျား။ ကျွန်တော် ပြောပြပြီးတဲ့နောက် ကိုသုခကို မေးခွင့်ရှိရင်လည်းမေး၊ပြီး၊ အမှုဖြစ်ပွားတဲ့ နေရာ မြန်မြန်ကြီးသွားကြရင် ကောင်းပါလိမ့်မယ်။ သည်လိုပါ၊ခင်ဗျာ ကျွန်တော့် မိတ်ဆွေ ကိုသုခက၊ မနေ့ညနေက ဝက်လက်မြို့မှာ သူ့ညီများ နှစ်မများအိမ်ကို သွားပြီးလည်ပါရောခင်ဗျား၊ ဟိုမှာပဲ ညစာ ထမင်းစားပြီး၊ ညီအစ်ကို ၃ယောက်၊ ၃ပုံဖဲ ရိုက်လိုက်ကြတာ ၁၀ နာရီခွဲလောက်မှ အိမ်ပြန်လာခဲ့သတဲ့။ သူပြန်လာခဲ့တော့၊ ကျန်ရစ်ခဲ့တဲ့ သူ့ညီများ နှစ်မများဟာ အကောင်းကြီးပဲခင်ဗျ၊ ဘာမှမဖြစ်ဘူး။ သည် ကနေ့မနက်တော့၊ ကိုသုခက သူ့ထုံးစံအတိုင်း၊ မနက်စောစော လမ်းလျှောက်သွား လို့ မှူးမြောင်းကို ကျော်မိတော့ ခေါ်တောရွာက သမားတော် ဦးကျော်ဇောက လှည်းနဲ့ ဝက်လက်ကိုသွားတာ တွေ့ရပါရောတဲ့ခင်ဗျ၊ တွေ့တော့ ကိုသုခက စောစောစီးစီး ဘယ်သွားမလို့လဲမေးတော့၊ ဦးကျော်ဇောက ဝက်လက်မြို့က ကိုသုခရဲ့ညီများ အိမ်က ပင့်လို့သွားမလို့ပဲပြောတော့ ကိုသုခလည်း ဆရာကြီးလှည်းနဲ့ လိုက်သွားပါ ရောတဲ့ဗျ၊ အိမ်ကိုရောက်တော့ သူ့ညီ မောင်ဒါနနဲ့ မောင်ဗလရယ် နှမ မယ်သီရယ် မနေ့ညကအတိုင်း စားပွဲမှာဝိုင်းပြီး ထိုင်လျက်ပဲတဲ့ဗျ၊ သုံးပုံဖဲတွေလည်း စားပွဲပေါ်မှာ ညကအတိုင်း တင်လျက်ပဲတဲ့ဗျ၊ မယ်သီကတော့ ကုလားထိုင်မှာ ထိုင်လျက်၊ ခေါင်းငိုက်စိုက်နဲ့ အသက်မရှိဘူးတဲ့ဗျ၊ မောင်နှစ်ယောက်ကတော့ နှမရဲ့ တစ်ဖက် တစ်ချက်မှာ ထိုင်လျက် လက်ခုပ်လက်ဝါးတီးပြီး ရယ်လိုက်မောလိုက် သီချင်း ဆိုလိုက်နဲ့ သွက်ချာတောလည်အောင် ရူးနေကြဆိုသကိုးဗျ၊ သေသူ နှမမယ်သီရော၊ မောင်နှစ်ယောက်ရောဟာ သူတို့မျက်နှာထားက အင်မတန်ကြောက်ရွံ့ပြီးနေကြတဲ့ မျက်နှာထားကိုဗျ၊ ဘယ်လောက် ကြောက်တယ် မကြောက်တယ် အသက်သေပြီး တဲ့ နောက်တောင် မယ်သီမှာ အင်မတန် ကြောက်ရွံ့တဲ့ မျက်နှာထားပြီး ကျန်နေ ရစ်သတဲ့၊ အိမ်မှာလည်း ဘယ်သူမှ မရှိဘူး၊ ထမင်းချက်တဲ့ မိန်းမကြီး ဒေါ်အိုဇာ တစ်ယောက်ပဲ ရှိတယ်၊ သူကလည်း ညက အိပ်ပျော်နေလို့ ဘာမှမသိဘူးတဲ့ဗျ၊ ပစ္စည်းလည်း ဘာတစ်ခုမှ မပျောက်ဘူး၊ ဘယ်သူမှလည်း လာတဲ့ လက္ခဏာ မရှိဘူးတဲ့၊ ကိုင်း ဒါပါပဲ ဦးစံရှားရယ်၊ တကယ့်ခင်ဗျာ တစ်ယောက်မှာ စင်းစင်း သေပြီး၊ နှစ်ယောက်မှာ သွက်သွက်ခါ ရူးရအောင် ဘယ်လိုဟာမျိုးများ မြင်လိုက်

mgyoe.com

mgyoe.com


ရှာကြလို့ပါလိမ့်ခင်ဗျာ၊ ကိုင်း တစ်ဆိတ် လောက်ခင်ဗျား၊ ကြုံကြိုက်တဲ့အခါ ထောက်လှမ်းပြီး ပေးခဲ့ပါဦး ခင်ဗျား"

မောင်စံရှားသည် အထက်စကားများကို ကြားရပြီးသည်နောက် မည်သို့မျှ ပြန်၍ မပြောသေးဘဲ ဆေးတံကိုဖွာရင်း မိမိ၏အလေ့အတိုင်း စဉ်းစား စိတ်ကူး လျက် ရှိနေပြီးနောက်

ရှား။ ။"ဆန်းတော့ဖြင့် တယ်ပြီးဆန်းကြယ်တဲ့ အမှုပါပေဗျာ၊ ဒါထက် သူကြီးမင်း ဝက်လက်ကို ရောက်ပြီးပြီလား"

သူကြီး။ ။"ကျွန်တော်ကိုယ်တိုင်တော့ မရောက်သေးပါဘူးခင်ဗျား ကိုသုခ ပြန်လာလို့ ပြောပြတာနဲ့ ဦးစံရှားထံ ခေါ်ခဲ့ခြင်းဖြစ်ပါတယ်"

ရှား။ ။(ကိုသုခ ဘက်သို့ လှည့်လျက်) "သူကြီးမင်း ပြောပြတာတော့ ကြားရပါပြီ၊ သို့သော် ခင်ဗျားကိုယ်တိုင် တစ်ဆိတ်လောက် ထပ်ပြီး ပြောပြ စမ်းပါဦး"

ခ။ ။"အထူးပြောဖို့ မရှိပါခင်ဗျာ၊ သူကြီးမင်း ပြောတဲ့အတိုင်းပါပဲ၊ ညနေ ၅း၀၀ နာရီလောက်က သူတို့အိမ်ကိုရောက်၊ ၆း၀၀ နာရီလောက်မှာ ထမင်း စား၊ ၇း၀၀ နာရီလောက်ကစပြီး စားပွဲမှာထိုင်ပြီး ထုံးခွေတမ်း ၃ပုံဖဲ ရိုက်လိုက်ကြ တာ ၁၀း၀၀ နာရီမှ ပြီးတာပဲ"

ရှား။ ။"ခင်ဗျားတို့ ဖဲရိုက်နေတဲ့အခါမှာ မယ်သီက ဘယ်မှာနေသလဲ"

ခ။ ။"သူကလည်း ရှုံးတဲ့သူ မျက်နှာကို ထုံးခွေပေးရင်း အနားက ထိုင်ပြီး ရယ်ကာမောကာနဲ့ ကြည့်နေတယ်ခင်ဗျ"

ရှား။ ။"ခင်ဗျား ပြန်လာတော့ကော သူတို့ဘယ်မှာ နေရစ်သလဲ"

ခ။ ။"စားပွဲမှာထိုင်ပြီး ရယ်စရာမောစရာ ပြောပြီး နေရစ်ကြတယ် ခင်ဗျ"

ရှား။ ။"ခင်ဗျား ထွက်လာတော့ တံခါးကို ဘယ်သူလိုက်ပြီး ဖွင့်ပေး သလဲ"

ခ။ ။"ကျွန်တော့ဟာ ကျွန်တော် ဖွင့်ပြီးထွက်ခဲ့တာ ခင်ဗျ"

ရှား။ ။"မနက်လင်းဖို့ ခင်ဗျားရောက်တော့ တံခါးတွေ ပြတင်းပေါက် တွေ ဘာတစ်ခုမှ ခြေရာလက်ရာ မပျက်ဘူး"

ခ။ ။"မပျက်ဘူးခင်ဗျ၊ ညကအတိုင်းပဲ"

ရှား။ ။"အင်း ဆန်းကြယ်ပါပေ့ဗျာ၊ သို့သော် ခင်ဗျား ဘယ်လိုများ

mgyoe.com

mgyoe.com


တွေးမိသလဲ"

ခ။ ။ "ကျွန်တော်ဖြင့် သွေးရိုးသားရိုး ဟုတ်မယ် မထင်ပါဘူးခင်ဗျား၊ အမှောင့်ပယောဂများလား၊ သရဲသဘက်များလား မပြောတတ်ပါဘူး ခင်ဗျာ"

ရှား။ ။ "ပယောဂဖြစ်ရင်လည်း ကျုပ်နဲ့ မဆိုင်ဘူးပေဗျာ၊ သို့သော် သွေးရိုးသားရိုး ဟုတ်မဟုတ်ကို ရှေးဦးစွာ စုံစမ်းဖို့ရှိသေးတာကိုဗျ၊ ဒါထက် နေပါဦးဗျာ၊ ဟိုက မောင်နှမ ၃ ယောက်ကတော့ အတူတူနေကြတယ်၊ ခင်ဗျား ကတော့ တစ်ခြား ခွဲပြီးနေတယ်၊ သားမယားလည်း မရှိဘူး ဆိုတော့၊ မသင့်မတင့် ဖြစ်ဖူးကြလို့လား"

ခ။ ။ "မှန်ပါတယ်ခင်ဗျာ၊ ဖခင် သေဆုံးသည့်အခါက အမွေမှုနဲ့ ပတ်သက်ပြီး နည်းနည်းကလေး ညီအစ်ကိုမောင်နှမ စိတ်ဝမ်းကွဲသွားကြပါတယ်၊ သို့သော် ယခုတော့ သင့်မြတ်ကြပါပြီခင်ဗျာ၊ ထွက်ထွက်ဝင်ဝင်ပါပဲ"

ရှား။ ။ "မနေ့ညက တစ်စုံတစ်ရာ ဘာများ ထူးထူးခြားခြား တွေ့ရကြုံရ သလဲ ခင်ဗျား၊ သေသေချာချာ တွေးပြီး ကြည့်စမ်းပါဦး"

ခ။ ။ "ဘာမှ ထူးထူးခြားခြားရယ်လို့ မတွေ့ရမကြုံရဘူးခင်ဗျ"

ရှား။ ။ "သူတို့အားလုံး ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်ပဲလား"

ခ။ ။ "မှန်ပါတယ်ခင်ဗျ"

ရှား။ ။ "ကြောက်များကော ကြောက်တတ်သလား"

ခ။ ။ "သူများနည်းတူပါပဲခင်ဗျ၊ သိပ်ပြီး ကြောက်တတ်လွန်းလှတယ် လို့ ပြောရကောင်းအောင် မရှိပါဘူးခင်ဗျာ"

ရှား။ ။ "ဘေးအန္တရာယ် တစ်ခုခုက စိုးရိမ်နေကြတယ်လို့များ ပြောဖူး သလား"

ခ။ ။ "သည်လိုလည်း မပြောဖူးပါဘူး၊ ခင်ဗျ"

ရှား။ ။ "ဒါဖြင့် ခင်ဗျား ဘာမှ ကျုပ်ကို ပြောစရာ မရှိဘူးပေါ့လေ"

ထိုအခါ ကိုသုခသည် အတန်ငယ် စဉ်းစားနေပြီးနောက် သတိရလာသည့် လက္ခဏာနှင့်

ခ။ ။ "တစ်ခုတော့ ရှိတယ်ခင်ဗျာ၊ မနေ့ညက စားပွဲမှာထိုင်ပြီး ဖဲရိုက် နေကြတော့ ကျွန်တော်က ပြတင်းပေါက်ဘက်ကို ကျောခိုင်း ထိုင်တယ်ခင်ဗျ၊ သည်တော့ ကျွန်တော့်ညီ ဒါနက ကျွန်တော့်ကို ကျော်ပြီး ပြတင်းပေါက်ကို လိုက်ကြည့်နေတာ မြင်လေတော့ ကျွန်တော်လည်း ပြတင်းပေါက်ရှိရာကို လှည့်ပြီး

mgyoe.com

ကြည့်မိတယ်၊ ကြည့်တော့ စံပယ်ရုံနားက လူလိုလို နွားလိုလို လှုပ်လှုပ် လှုပ်လှုပ်နဲ့ မြင်မိတယ်၊ ဒါနကို မေးကြည့်တော့လည်း သူကလည်း သည်လိုလိုပဲမြင်မိတယ်လို့ ပြောတယ်၊ ဒါပါပဲခင်ဗျ"

ရှား။ ။ "နို့၊ ခင်ဗျားတို့ ထပြီး သေချာအောင် ကြည့်ကြသေးသလား"

ခ။ ။ "အရေးမကြီးတာနဲ့ ထလည်း မကြည့်မိဘူးခင်ဗျ"

ရှား။ ။ "ညက ခင်ဗျား ပြန်လာခဲ့တော့ တစ်စုံတစ်ရာ စိုးရိမ်စရာ ဘာမှ မရှိခဲ့ဘူးပေါ့"

ခ။ ။ "မရှိဘူးခင်ဗျ"

ရှား။ ။ "မနက်က စောစောကြီး သည်အကြောင်းကို ခင်ဗျား ကြားရပုံ တယ်ပြီး နားမရှင်းသေးပါဘူးဗျာ၊ ဘယ့်နှယ်ကြောင့် စောစောကြီး ခင်ဗျား သိရ သလဲ"

ခ။ ။ "ကျွန်တော်က မနက်တိုင်း စောစောထပြီး၊ လမ်းလျှောက် တတ်တဲ့ အလေ့ ရှိလေတော့ လမ်းလျှောက်ပြီးသွားတော့၊ ဆေးဆရာ ဦးကျော်ဇော နဲ့ လမ်းမှာတွေ့ပါရောခင်ဗျ၊ တွေ့တော့ အကျိုးအကြောင်း သူက ပြောပြလို့ သူ့ လှည်းနဲ့ပဲ ကျွန်တော် စီးလိုက်သွာပါတယ်ခင်ဗျ၊ ဟိုရောက်တော့ မယ်သီက အလယ်က ကုပ်ကျုံးလို့၊ မောင်လုပ်တဲ့ လူနှစ်ယောက်က တစ်ဖက်တစ်ချက်က ထိုင်ပြီး တေးချင်းဆိုလိုက်၊ လက်ခုပ်တီးလိုက်နဲ့ ကျွန်တော်ဖြင့် ကြောက်လိုက်တာ ခင်ဗျာ့ မပြောပါနဲ့တော့၊ ကျွန်တော်တွင်မကဘူး၊ ဆေးဆရာကြီးလည်း အကြောက် လွန်ပြီး မူးမေ့တောင်သွားချေသေး၊ ကျွန်တော်ဖြင့် ခက်များခက်နေဦးမလားလို့ အောက်မေ့မိတယ် ခင်ဗျ"

ရှား။ ။ "ဆန်းကြယ်ပါပေ့ဗျာ၊ အားကြီး ဆန်းကြယ်တဲ့ အမှုပါပဲ၊ ကိုင်း ကိုင်း ကိုယ်တိုင် တစ်ဆိတ်လောက် သွားကြည့်ကြရအောင်ဗျာ"

ကျွန်တော်တို့သည် လှည်းတစ်စီးနှင့် သွားရောက်ကြ၍ ဝက်လက်မြို့ သို့ ဆိုက်ရောက်ကြရာ ထိုအိမ်မှာ မြို့၏အစွန်အဖျား၌ တည်ရှိ၍ နှင်းဆီ၊ စံပယ်၊ ဇွန် အစရှိသော ပန်းဥယျာဉ်ကလေးဖြင့် လှပစွာ ဝိုင်းရံလျက်ရှိသည်ကို တွေ့ရှိကြရ လေ၏။ ဝင်းတံခါး၌ လှည်းကိုရပ်ပြီးနောက် ကျွန်တော်တို့သည် လှည်းပေါ်မှ ဆင်းသက်ကြ၍ ဝင်းတွင်းသို့ ဝင်မိကြသည်နှင့် တစ်ပြိုင်နက် မောင်စံရှားသည် နှင်းဆီပင်တစ်ပင် အနီး၌ရှိသော ရေဖျန်းကရား တစ်ခုကို ခြေနှင့်တိုက်မိသဖြင့် ရေသည်လမ်းပေါ်၌ ဖိတ်၍သွားလေ၏။ ၎င်းနောက် မောင်စံရှားသည် ကရားကို

mgyoe.com

mgyoe.com


ပြန်ယူပြီးနောက် ထမင်းချက်သော ဒေါ်အိုဇာ အမည်ရှိ မိန်းမကြီးအား မေးခွန်းများ ထုတ်လျက်ရှိရာ ဒေါ်အိုဇာသည် ညအခါ မည်သည့်အသံကိုမျှ မကြားရကြောင်း၊ မောင်နှမ ၃ယောက်လုံးမှာ စိတ်ညစ်ညူးဖွယ်ရာအကြောင်း တစ်စုံတစ်ရာ မရှိသည်ဟူ၍ မကြားရဖူးကြောင်း ယမန်ညဥ့်ကလည်း မိမိအိပ်ရာသို့ မဝင်မီ ပျော်ရွှင်စွာ ရှိနေကြသည်ကိုလည်း တွေ့ရှိရကြောင်း နံနက်လင်း၍ ဧည့်ခန်းသို့ ဝင်လာသောအခါ မောင်နှမ ၃ ယောက်၏ ဖြစ်ပျက်နေပုံကို တွေ့မြင်ရသဖြင့် သတိမေ့လျော့ နစ်မျော၍ သွားကြောင်း၊ သတိရလာသောအခါ သူငယ်တစ်ယောက်ကို ဆေးဆရာကြီးထံ စေလွှတ်လိုက်ကြောင်း မယ်သီ၏ အလောင်းကို ပြင်ဆင်ပြီးဖြစ်၍ မောင်နှစ်ယောက်မှာမူ မီးဖိုခန်းအတွင်း၌ ချုပ်လှောင်၍ ထားပြီးဖြစ်ကြောင်းများနှင့် ပြောဆိုလေ၏။

ငင်းနောက် ကျွန်တော်တို့သည် အခန်းပေါ်သို့ တက်ကြ၍ ခုတင်ပေါ်၌ ပြင်ထားသော မယ်သီ၏ အလောင်းကို ကြည့်ရှုကြရာ မယ်သီမှာ ရုပ်ရည်ရူပကာယ ချောမောလှပခြင်းနှင့် ပြည့်စုံ၍ အရွယ်မှာ ၂၄ နှစ် ခန့်မျှ ရှိလေ၏။ ငင်း၏ မျက်နှာမှာ ပင်ကိုအားဖြင့် ချောမောတင့်တယ်ခြင်းရှိမည် မှန်သော်လည်း မျက်လုံးတို့သည် ပေါက်၍ ထွက်မတတ် ပြူးပြီးလျှင် အနည်းနည်းနှင့် ပိတ်ဆို့ရန် ပြုပြင်၍ ပေးကြပါသော်လည်း မရနိုင်ဘဲရှိသည်ဖြစ်၍ မရှုဝံ့ မမြင်ဝံ့အောင် ရှိခဲ့လေ၏။ ငင်းနောက် ကျွန်တော်တို့သည် ညီအစ်ကို နှစ်ယောက်ရှိရာ မီးဖိုခန်းသို့ သွားရောက်ကြည့်ရှုကြရာ၊ တံခါးကို ဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် ညီအစ်ကို နှစ်ယောက်တို့သည် မျက်လုံးများ ပြူးလျက် ခံတွင်းမှ အမြှုပ်များ တစီစီ ထွက်အောင် ခွေးရူးပြန်ဘိသကဲ့သို့ ရှိနေရရှာကြရကား အလွန်တရာ သနားဖွယ်ကောင်းလှပေ၏။

ထိုမှ တစ်ဖန် ကျွန်တော်တို့သည် ထိုကိစ္စဖြစ်ပွားရာနေရာသို့ သွားရောက်ကြည့်ရှုကြရာ၊ စားပွဲမှာ ယခင်အတိုင်း ရှိနေလျက်၊ ကုလားထိုင်များမှာ ဖယ်ရှားပြီး ဖြစ်၍ နံရံ၌ ကပ်လျက်ရှိနေခဲ့လေ၏။ မောင်စံရှားသည် အခန်းတွင်း၌ ထိုမှ ဤမှ လျင်မြန်စွာ လှုပ်ရှားသွားလာလျက် အခန်း၏ အခြေအနေများကို စုံစမ်းကြည့်ရှုပြီးလျှင် ကုလားထိုင်များကို ယခင်ညက အတိုင်း စားပွဲ၌ ပြန်၍ တည်ခင်းစေပြီးနောက် ကုလားထိုင် တစ်ခုပြီးလျှင်တစ်ခု ထိုင်၍ ကြည့်လေ၏။ ကုလားထိုင်မှ ထိုင်၍ ပြတင်းပေါက်က ကျော်ပြီးလျှင် ပန်းခြံသို့ ကြည့်သောအခါ မည်မျှလောက် မြင်နိုင်သည်ကိုလည်း စုံစမ်း၍ ကြည့်လေ၏။ ငင်းနောက် ကြမ်းများ မျက်နှာကြက်

mgyoe.com

mgyoe.com

များ ထရံများကိုလည်း တီးခေါက်စုံစမ်းလေ၏။ ယင်းသို့ အနည်းနည်း စုံစမ်း ကြည့်ရှုလျက်ရှိသည် ကျွန်တော်သည် မောင်စံရှားး၏ မျက်နှာကဲကို ကြည့်လျက် ရှိရာ တစ်စုံတစ်ရာ သဲလွန်စ ရသေးဟန် လက္ခဏာ မရှိသည့်အကြောင်းကို တွေ့ မြင်ရလေ၏။ ၎င်းနောက် နံရံအနီး မီးလင်းဖိုတစ်ခုကို တွေ့မြင်ရသည်နှင့်

ရှား။ ။ "မီးလင်းဖိုက ဘာလုပ်ဖို့လဲဗျ၊ သည်လောက်လည်း ချမ်းတဲ့ အခါ မဟုတ်ပါလား"

ခ။ ။ "မနေ့ညက မိုးရိပ်ကလေးကြောင့် နည်းနည်း အေးလေတော့ ခြေထောက် ကင်ရအောင် မယ်သီက မီးနည်းနည်း ထည့်ထားတယ်ခင်ဗျ၊ ဘယ့်နှယ်လဲ ခင်ဗျာ၊ ဘာများ ထောက်လှမ်းစုံစမ်းလို့ ရပါသလဲ"

ရှား။ ။ (ကျွန်တော်၏ လက်မောင်းကိုဆွဲလျက်) "ခုတော့ဖြင့် ဘာမှ မနေနိုင်အောင် ရှိနေပြီဗျာ၊ သို့သော် အကြောင်းထူး ပေါ်ပေါက်လျှင်လည်း ကျုပ် ဆီကို ထပ်ပြီး အကြောင်းကြားလိုက်ပါဦး၊ ကျုပ်တို့ ပြန်လိုက်ဦးမယ်၊ လာဗျာ ကိုသိန်းမောင် သူကြီးမင်းလည်း သည်ကိစ္စနှင့် နေရစ်ဦးမယ် မဟုတ်လား၊ ကျွန် တော်တို့ ပြန်လိုက်ဦးမယ်လေ၊ အကြောင်းထူးရင် သိပါစေမယ်၊ စိတ်သာချပါ"

သူကြီးနှင့် ကိုသုခတို့မှာ ဈာပနကိစ္စအတွက် ဝက်လက်၌ ကျန်ရစ်ခဲ့ကြရာ ကျွန်တော်နှင့် မောင်စံရှားသာလျှင် လှည်းနှင့်ပြန်လာခဲ့ကြလေ၏။ လမ်းခရီး၌ မောင်စံရှားသည် စကားတစ်ခွန်းမျှ မပြောဘဲ လိုက်ပါလာခဲ့ရာ အိမ်သို့ရောက်သည့် အခါ၌လည်း ပက်လက်ကုလားထိုင်ပေါ်တွင် ခေါင်းအုံးများကို စုပုံ၍ တင်ပြီးနောက် ပက်လက်လှန်လျက် မျက်မှောင်ကုတ်ကာ နဖူးရေတွန့်ကာဖြင့် တစ်ခန်းလုံး မီးခိုး များ အူလျက် ထွက်သည်တိုင်အောင် ဆေးတံကြီးကို သောက်ဖွာလျက် ရှိနေ လေ၏။

တစ်နာရီခန့်မျှ ကြာသောအခါ မောင်စံရှားသည် ဆေးတံကို ပစ်ချ၍ ထိုင် ရာမှ ထပြီးလျှင် "တော်သေးပြီ ကိုသိန်းမောင်ရေ၊ အကြောင်းစုံ မသိရသေးဘဲနဲ့ စဉ်းစားရတာ၊ ခြေနာတုန်း ခရီးသွားရတာလိုပဲ၊ တယ်ပြီး ခရီးမထွင်လှဘူးဗျာ၊ သို့သော် အချိန်တန်တော့ဖြင့် နွားပိန်ကန်ကောင်းပါရဲ့လေ၊ လက်ဖက်ရည်ကြမ်းနဲ့ ပဲလှော်ကြော်ကလေး စားပြီးမှ နှီးနှောကြဦးစို့လားဗျာ"

ကျွန်တော်တို့သည် ပဲလှော်ကြော်သုတ်နှင့် လက်ဖက်ရည်ကြမ်း တစ်ကရား ကို သောက်ရင်း

ရှား။ ။ "ကိုင်း ကိုသိန်းမောင် နားထောင်စမ်းဗျာ၊ ကျုပ်တို့ သိနှင့်

mgyoe.com

mgyoe.com


သလောက် စဉ်းစားလို့ရတာ ကျုပ် ပြောပြစမ်းမယ်၊ နောက်ထပ်ပြီး တစ်ခုခု ပေါ်လာလို့ရှိရင်လည်း သိနှင့်ပြီးနဲ့ အံကျအောင် ညှိယူရတာပေါ့ဗျာ၊ ရှေးဦးစွာ အချက်က ဒီအမှုဟာ ပယောဂနဲ့ မသက်ဆိုင် သာမညနည်းဖြင့် လူကိုပြုသော သွေးရိုးသားရိုး အမှု ဖြစ်တယ်လို့ ယူဆရမယ်ဗျ၊ ကောင်းပြီ ဘယ်သူ့မှာ ထိသလဲတဲ့၊ ၃ယောက်မှ ထိတယ် ဟုတ်စ၊ ဘယ်အချိန်မှာ ထိသလဲတဲ့ မောင်သုခ ပြောတဲ့အတိုင်း ဆိုတော့၊ ဆယ်နာရီခွဲလောက်မှ သူပြန်ပြီး များမကြာမီ သတိထားလိုက်စမ်းပါ၊ ကျုပ် အထင်တော့ သူပြန်ပြီးတဲ့ နောက် ၅ မိနစ် ၁၀ မိနစ် အတွင်းပဲ ဖြစ်တယ်လို့ ဆိုချင်တယ်၊ ဘာ့ကြောင့်လဲဆိုတော့ ဖဲတွေလည်း ဒီအတိုင်းပဲ ရှိနေတယ်၊ သူတို့ ၃ ယောက်လည်းပဲ အိပ်ချိန်တန်ရက်နဲ့ နေရာမှလည်း မပြောင်း၊ ကုလားထိုင်ကို တောင် နည်းနည်းကလေး နောက်ကိုမှ ရွှေ့ပြီးမထိုင်။ စားပွဲမှာပဲ ကပ်ပြီး ထိုင်လျက်ရှိသေးတယ်ဆို မဟုတ်လားဗျ၊ သည်တော့ ကျုပ်က မောင်သုခ ပြန်သွားပြီးတဲ့နောက် မိနစ် အနည်းငယ်ခန့်အတွင်းဖြစ်စေ၊ အလွန်ဆုံး ၁၀ နာရီတွင်းမှာ ဖြစ်စေ၊ ဖြစ်တယ်လို့ ကျုပ် ဆိုချင်တယ် ဘယ့်နှယ်လဲ"

ကျွန်တော်။ ။ "ကုလားထိုင်နေရာမှ မပြောင်းပုံထောက်တော့ ထင်ထိုက်ပါပေတယ်ဗျာ" ၃ပုံ ရိုက်တယ်ဆိုတော့ ညောင်းကညောင်းကနဲ့၊ တကယ်ဆိုတော့ ကိုသုခ ပြန်သွားရင် နေရာပြင်လိုက်တယ် ဟုတ်တယ်ဗျို့၊ ပြန်ပြန်ချင်း ဖြစ်ဟန်တူတယ်"

ရှား။ ။ "နောက်တစ်ချက်ကတော့ မောင်သုခဟာ အိမ်ကထွက်လာပြီး နောက် ဘယ်ကို သွားတယ်ဆိုတာ ကြည့်ဖို့လိုတယ်၊ ဒီဟာ သိချင်လို့ ကျုပ်က ရေဖျန်းကရားကို တိုက်ပြီးလှည့်လိုက်တယ် မဟုတ်လားဗျ၊ ရေစိုမှာသူက ဖြတ်ပြီး နင်းသွားလေတော့ မနေ့ညက သူ့ခြေရာနဲ့ ကိုက်ပြီးကြည့်လိုက်တယ်။ ကြည့်လိုက်တော့ သူပြောတဲ့အတိုင်းပဲ အိမ်ကထွက်ပြီးနောက် ရွာကိုမြန်မြန်လျှောက်လာခဲ့တာပဲ"

ကျွန်တော်။ ။ "မနေ့ညက သူ့ခြေရာကို ခင်ဗျား ဘယ့်နှယ်ရသလဲ"

ရှား။ ။ "ညက မိုးကလေးဖျောက်ဖျောက်ကြတာ ခင်ဗျား မှတ်မိတယ် မဟုတ်လား"

ကျွန်တော်။ ။ "ဟုတ်တယ်ဗျို့၊ ညဦးက နည်းနည်းရွာတယ်"

ရှား။ ။ "ကိုင်း သည်တော့ မောင်သုခ ပြန်သွားရိုး မှန်တဲ့အတွက် သည့်ပြင် တစ်ယောက်ယောက်ကြောင့်ဖြစ်တယ်လို့ ကျုပ်တို့ ယူဆကြမယ်၊

mgyoe.com